မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၈၆)**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်၊ စနေနေ့၊ အတွဲ (၅၆)၊ အမှတ် (၀၂၂)

## နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဗီယက်နမ်သို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

**နေပြည်တော် အောက်တိုဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျန်းဒိုက်ကွမ်း၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်မည် ဖြစ်သည်။ နိုင်ငံတော်သမ္မတသည် ဟန္နိုင်းမြို့၌ ကျင်းပမည့် (၈)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး၊ (၇)ကြိမ်မြောက် အက်မက်စ်ထိပ်သီး အစည်းအဝေးနှင့် ကမ္ဘာ့စီးပွားရေးဖိုရမ်(မဲခေါင်ဒေသ)တို့သို့လည်း ချစ်ကြည်ရေးခရီးစဉ်နှင့် တစ်ဆက်တည်း တက်ရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ သံအမတ်ကြီးများအား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် ဗီယက်နမ်နိုင်ငံသံအမတ်ကြီးတို့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ နီကိုလိုင်းလစ်တိုပါဒေါ့ပ်နှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး မစ္စ လုသို့ဗွန်းနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆက်ဆံရေးအား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဖြစ် တိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၆* ✻



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ နီကိုလိုင်းလစ်တိုပါဒေါ့ပ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ် (သတင်းစဉ်)

## ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့်လူမှုရေးခက်ခဲသောဒေသများမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ ဆေးတက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်

**နေပြည်တော် အောက်တိုဘာ ၂၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန ဆေးတက္ကသိုလ်များတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့်လူမှုရေးခက်ခဲသောဒေသများမှ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာခေါ်ယူထားပြီးဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ◆

## တာဝန်ယူမှုနှင့် တာဝန်ခံမှု (Responsibility and Accountability)

စာမျက်နှာ-၉

## ဂျပန်နိုင်ငံအနောက်ပိုင်းတွင် အင်အား ၆ ဒသမ ၆ အဆင့်ရှိ ငလျင်လှုပ်ခတ်၍ အဆောက်အအုံများ ပျက်စီးကာ သယ်ယူပို့ဆောင်ရေးများရပ်ဆိုင်း

စာမျက်နှာ-၁၀



မြန်မာ့အလင်း

# နိုင်ငံခြားခရီးစဉ်များနှင့် ကောင်းမွန်သောအကျိုးရလဒ်များ

အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှရီနာရန်ဒရာမိုဒီ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့အထိ အိန္ဒိယနိုင်ငံတရားဝင်ခရီးစဉ်အတွင်း ပူးတွဲကြေညာချက်တစ်ခု ထုတ်ပြန်ခဲ့သည်။ ဤခရီးစဉ်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ သတ္တမအကြိမ်မြောက်ပြည်ပခရီးစဉ်ဖြစ်ပြီး ပြီးခဲ့သည့်လများအတွင်း သွားရောက်ခဲ့သည့် တရုတ်ပြည် ခရီးစဉ်နှင့် အမေရိကန်ခရီးစဉ်တို့တွင်လည်း အလားတူ ပူးတွဲကြေညာချက်များထုတ်ပြန်ခဲ့သည်ကို တွေ့ရပါသည်။

ဤခရီးစဉ်မတိုင်မီ အောက်တိုဘာလ ၁၆ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂိုအာမြို့၌ကျင်းပသည့် **BRICS-BIMSTEC Outreach Summit** သို့တက်ရောက်ခဲ့ပြီး **BRICS** ခေါ် ထွန်းသစ်စစီးပွားရေးအင်အားကြီးနိုင်ငံများမှ ခေါင်းဆောင်များနှင့်လည်းတွေ့ဆုံမှုများရှိခဲ့သည်။ ယခုခရီးစဉ်၌ အောက်တိုဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား အိန္ဒိယသမ္မတ၏ အိမ်တော်ရင်ပြင်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုခဲ့ပြီးတည်းခိုရာတွင်လည်း သမ္မတအိမ်တော်၌ပင် စီစဉ်ပေးခဲ့ခြင်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၂ ခုနှစ် နိုဝင်ဘာလက အတိုက်အခံပါတီ၏ ခေါင်းဆောင်ဘဝဖြင့် အိန္ဒိယသို့တစ်ကြိမ် ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။

ယခု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ခရီးစဉ်မတိုင်မီ ဩဂုတ်လကုန်ကလည်း နိုင်ငံတော်သမ္မတကြီးဦးထင်ကျော်၏ အိန္ဒိယခရီးစဉ်ရှိခဲ့ပါသည်။ ထိုခရီးစဉ်အတွင်း နှစ်နိုင်ငံသဘောတူချက်အများအပြားနှင့် နားလည်မှုစာချွန်လွှာလေးခုကို လက်မှတ်ရေးထိုးခဲ့သည်။ ထိုနားလည်မှုစာချွန်လွှာများမှာတိုင်းရင်းဆေးနှင့် ပတ်သက်သောနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍနှင့် ဆောက်လုပ်ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ တမူး၊ ကျီကုန်း၊ ကလေးဝလမ်းပိုင်းမှ တံတားများ အဆင့်မြှင့်တင်ရေး၊ ကလေးဝ-ယာကြီးလမ်းပိုင်းမြှင့်တင်ရေးစသော ပူးပေါင်းဆောင်ရွက်မှုများဖြစ်သည်။

ယခုနိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ခရီးစဉ်တွင် အချက်ပေါင်း ၂၆ ချက်ပါကြေညာချက်ကိုထုတ်ပြန်ခဲ့ပါသည်။ ယင်းအချက်များတွင် အိန္ဒိယနိုင်ငံအနေဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ မြန်မာနိုင်ငံ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်စေရေးများတွင် အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ အရည်အသွေးများမြှင့်တင်ပေးခြင်း၊ လမ်းများပြန်လည်တည်ဆောက်ခြင်း၊ လျှပ်စစ်စွမ်းအားပံ့ပိုးပေးခြင်း၊ ပညာရေးအဆောက်အအုံနှင့်ကျန်းမာရေး အခြေခံအဆောက်အအုံတို့တွင် ပံ့ပိုးကူညီခြင်းဖြင့် အထောက်အကူပြုပေးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့ပြင် ပင်လယ်သမုဒ္ဒရာအခြေပြုစီးပွားရေးတိုးတက်ရေး၊ မြန်မာ့ပဲ မျိုးစုံဝယ်ယူပေးရေးနှင့် စိုက်ပျိုးရေးနည်းလမ်းများတိုးတက်စေရေး၊ ရဲတပ်ဖွဲ့ဝင်များ အရည်အသွေးမြှင့်တင်ရေး၊ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ထမ်းများအတွက် အရည်အသွေးမြှင့်တင်ရေးဆိုင်ရာသံတမန်သင်တန်းများ ပိုမိုပံ့ပိုးပေးရန်စသည်များလည်း ပါဝင်သည်ကိုတွေ့ရပါသည်။

ထို့ပြင် အပြည်ပြည်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်စလုံးမှ ကုလသမဂ္ဂလုံခြုံရေးကောင်စီအား ဆောလျင်စွာ ပြုပြင်ပြောင်းလဲဖွဲ့စည်းရန်လိုအပ်ကြောင်းနှင့် ပြင်ဆင်တိုးချဲ့ဖွဲ့စည်းမည့် ကုလသမဂ္ဂတွင် အမြဲတမ်းအဖွဲ့ဝင်ဖြစ်လာရေးအတွက် အိန္ဒိယ၏ကြိုးပမ်းမှုကို အားပေးထောက်ခံကြောင်းလည်း ထပ်လောင်းဖော်ပြခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ တရုတ်ပြည်ခရီးစဉ်တွင်နယ်စပ်ဒေသများတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် တရုတ်ပြည်ဘက်မှ ကြိုးပမ်းဆောင်ရွက်မည်ဟူသော ကတိကဝတ်နှင့် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်ကိုလည်း အားပေးကူညီမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အလားတူ ယခု အိန္ဒိယခရီးစဉ်တွင်လည်း နယ်စပ်ဒေသတစ်လျှောက် လုံခြုံရေးထိန်းသိမ်းမှု၊ အချုပ်အခြာအာဏာပိုင်မှုနှင့် နယ်မြေတည်တံ့မှုတို့ကို လေးစားကြောင်း၊ အကြမ်းဖက်မှုအန္တရာယ်ကို ဆန့်ကျင်တိုက်ဖျက်သွားကြရန် ကတိကဝတ်ပြုကြောင်း ပြောကြားခဲ့ကြသည်ကို ကြေညာချက်တွင် ဖော်ပြထားပါသည်။

နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် အပြန်အလှန်ရင်းနှီးမှု၊ လေးစားမှုများကို ထူထောင်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏အဆင့်နေရာကို မြင့်တက်စေသည်သာမက ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် အကြမ်းဖက်ဝါဒ တိုက်ဖျက်မှုများအတွက်ပါ စာနာကူညီမှုများရရှိလာစေခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ခရီးစဉ်များသည် ဒီမိုကရေစီအစိုးရတစ်ရပ်၏ တရားဝင်မှုနှင့် စွမ်းဆောင်နိုင်မှုများကို အစွမ်းကုန်ဖော်ထုတ်ပြသရာ ခရီးစဉ်များလည်းဖြစ်ပါသည်။ ထိုသို့သော နိုင်ငံတကာမှ အထူးသဖြင့် အိမ်နီးချင်း အင်အားကြီးနိုင်ငံကြီးများ၏ စာနာထောက်ခံမှု၊ အားပေးကူညီမှုများသည် မြန်မာအစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်များကိုပါ ကောင်းသောအကျိုးသက်ရောက်မှုကို ရရှိလာစေမည်ဖြစ်ပါသည်။ ။




# မဟာပညာဗိမာန် ပရဟိတကျောင်းဆောင်သစ်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၁**

တရုတ်-မြန်မာ ချစ်ကြည်ရေးစာသင်ကျောင်းအဖြစ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ငွေကျပ် ၁၀၃၄ သိန်းတန်ဖိုးရှိ မဟာပညာဗိမာန် ပရဟိတသင်တန်းကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့ပြီး ဖွင့်လှစ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက်က ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာတော် ဒေါက်တာအရှင်အဂ္ဂသာရထံ လွှဲပြောင်းဆက်ကပ်သည်။

အဆိုပါသင်တန်းကျောင်းကို တရုတ်သံရုံးက ဦးနု-ဒေါ်မြရီ ဖောင်ဒေးရှင်းမှတစ်ဆင့် ဆက်သွယ်လှူဒါန်းခဲ့ကြောင်း သိရသည်။ သင်တန်းကျောင်းတွင် ကွန်ပျူတာသင်တန်း၊ စက်ချုပ်သင်တန်းနှင့် အင်္ဂလိပ်ဘာသာစကားပြောသင်တန်းများကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မျက်စိအခမဲ့ စမ်းသပ်ပေးမည်

**ရေး အောက်တိုဘာ ၂၁**

ထိုင်းနိုင်ငံ SCG Thailands Crown Property Bureau နှင့် Banphaeo Hospital တို့ ပူးပေါင်း၍ အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကြီးသို့လာရောက်၍ မွန်ပြည်နယ်အတွင်းရှိ မျက်စိဝေဒနာရှင် ၂၀၀ တို့အား မျက်စိစမ်းသပ်စစ်ဆေးခြင်းနှင့် မျက်စိအတွင်းတိမ်ခွဲစိတ်ကုသမှုများကို အခမဲ့ပြုလုပ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မွန်ပြည်နယ် မြို့နယ်များအနက် ရေးမြို့နယ်ရှိ မျက်စိခွဲစိတ် လိုသည့် ဝေဒနာရှင်များရှိပါက အောက်တိုဘာ ၂၄ ရက်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနသို့ စာရင်းပေးပို့နိုင်ကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**

# ဇီဝိတဒါနအခမဲ့ဆေးခန်းဖွင့်၍ ဒေသခံပြည်သူများအား ဆေးဝါးကုသပေး

**ညောင်လေးပင် အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် မဒေါက်မြို့၌ မဒေါက်ဒေသလူမှုကူညီရေးအသင်းသားအသင်းသူများ၏ ငွေအား၊ လူအားပံ့ပိုးမှုနှင့်အတူ ဒေါက်တာခင်ယမင်းစု၊ မဒေါက်တိုက်နယ် ကျန်းမာရေးဌာနမှ ဒေါက်တာခင်မာလွင်၊ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ချိုချိုဝင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် သူနာပြုသင်တန်း ပထမနှစ်ကျောင်းသူလေးများက လုပ်အားဒါနကူညီမှုဖြင့် အောက်တိုဘာ ၂၀ ရက်က တတိယအကြိမ်မြောက်ဖွင့်လှစ်သော နှစ်ပတ်တစ်ကြိမ်ကြာသပတေးနေ့ မွန်းလွဲ ၁ နာရီအချိန်တိုင်းဖွင့်လှစ် သည့် ဇီဝိတဒါနအခမဲ့ဆေးခန်းတွင် မဒေါက်ဒေသနှင့်အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၈၁ ဦးအား အထွေထွေရောဂါများ စစ်ဆေးကုသပေးနေကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ထင်သာမြင်သာ ပြုပြင်စရာ

# လမ်းလယ်ခုံးပေါက်ကြီး ပြုပြင်ပေးစေလို

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့ ရွာမတောင်ရပ်ကွက်တွင် ပြည်တန်းလမ်းနှင့် အောင်ဒင်လမ်းဆုံရာ လမ်းထောင့်ရှိခုံးသည် ကုန်ကားကြီးများဝင်ထွက်သည့်ဒဏ်မခံနိုင်၍ ကျုံ့ကျကာ အပေါက်ကြီးဖြစ်နေသည်။

အဆိုပါ ခုံးပေါက်ကြီးကြောင့် အောင်ဒင်နာရေးလမ်းသို့ သွားရာ နာရေးကားများနှင့် ပြည်တန်းလမ်းတွင် အစိုးရရုံးများစွာရှိသောကြောင့် ရုံးကိစ္စဖြင့်သွားလာနေကြသော ရုံးဝန်ထမ်းများ၊ လမ်းသွားလမ်းလာပြည်သူများအတွက် ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်ကြောင်း သိရသည်။

လမ်းသွားလမ်းလာတစ်ဦးက "လမ်းအကွေ့ဆိုတော့ ဆိုင်ကယ်၊ ကား၊ သုံးဘီးမျက်နှာချင်းဆိုင်ရှောင်ရတာ ခက်ပါတယ်။ နေ့ဘက်ဆို တော်သေးတယ်။ ညဘက်အလင်းရောင်နည်းတဲ့အချိန်ဆို အလွန်အန္တရာယ်များပါတယ်" ဟု ပြောသည်။ ထို့ကြောင့် မြို့ခံပြည်သူများနှင့် လမ်းသွားလမ်းလာများက အဆိုပါခုံးပေါက်ကြီးကို အမြန်ဆုံးပြုပြင်ပေးရန် လိုလားလျက်ရှိကြောင်း သိရသည်။ **ဇေယျာထွန်း**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၁-၁၀-၂၀၁၆

**ခင်ရတနာ-စုစည်းသည်။**

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၆၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၈၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၉၀/၆၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၅/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀/၆၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၂၀/၆၃၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၂ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၃၉၅ ・ ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၅ ・ ၉၀ |
| ထိုင်း | တစ်ဘတ် | ၃၆ ・ ၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ ・ ၀၈ |
| တရုတ် | တစ်ယွမ် | ၁၈၈ ・ ၇၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄ ・ ၄၅ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



**✳ ရှေ့စာမျက်နှာမှ**

ထို့ပြင် ဗီယက်နမ်သံအမတ်ကြီးက အထွေထွေရွေးကောက်ပွဲတွင် အောင်မြင်မှု ရရှိခဲ့သည့်အတွက် ဂုဏ်ယူပါကြောင်း၊ တိုတောင်းသော အစိုးရသက်တမ်းကာလအတွင်း ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အောင်မြင်မှုများ ရရှိနေသည်ကို တွေ့မြင်ရသည့်အတွက် ချီးကျူးပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**(သတင်းစဉ်)**

## လက်ခံတွေ့ဆုံ

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီယက်နမ်နိုင်ငံသံအမတ်ကြီး မစ္စ လုသို့ဗွန်းအား လက်ခံတွေ့ဆုံစဉ်**

(သတင်းစဉ်)

# သီလဝါအထူးစီးပွားရေးဇုန် (B) တည်ဆောက်ရေးစာချုပ် လက်မှတ်ရေးထိုးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၁**

မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စီးပွားရေးမိတ်ဖက်အဖြစ် သီလဝါ စီးပွားရေးဇုန်ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံဘက်မှ အမျိုးသား စီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ Ministry of Economy, Trade and Industry တို့က Memorandom of Coorporation လက်မှတ်ရေးထိုးခဲ့ရာမှ သမိုင်းတွင်သည့် မှတ်တိုင်တစ်ခုဖြစ်ခဲ့ပါကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပါ့ခ်ရွိုင်ရယ်လ်ဟိုတယ် ပိတောက်ခန်းမ၌ ကျင်းပသည့် သီလဝါအထူးစီးပွားရေးဇုန် (B) တည်ဆောက်ရေး စာချုပ်လက်မှတ်ရေးထိုးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယင်းသို့ ပြောကြားခြင်းဖြစ်ပြီး ယနေ့ဆိုပါက လုပ်ငန်းအောင်မြင်မှုအတွက် အတူတကွ ရှေ့ဆက်လျက်ရှိရာတွင် မိမိတို့အနေဖြင့် အခွင့်အလမ်းကောင်းများ ရရှိမည်ဆိုသည်ကို ဝမ်းသာအားရစွာ တွေ့ရှိရပါကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက သီလဝါအထူးစီးပွားရေးဇုန် ဘက်စုံတည်ဆောက်ရေး၊ ဆက်စပ်အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ အကောင်အထည်ဖော်ရေးနှင့် သီလဝါအထူးစီးပွားရေးဇုန်အား နိုင်ငံတကာအဆင့်မီဇုန်တစ်ခု ဖြစ်ပေါ်လာစေရေးစသည့် ဆောင်ရွက်ချက်များတွင် အဘက်ဘက်မှ ပူးပေါင်းကူညီဆောင်ရွက်ပေးကြသည့် ဂျပန်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ယခုအချိန်တွင် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူပေါင်း ၇၂ ဦးကို ခွင့်ပြုထားပြီး စီးပွားဖြစ်စက်ရုံများ လည်ပတ်နေပြီဖြစ်သည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ ပို့ကုန်များ၊ သွင်းကုန်အစားထိုးလုပ်ငန်းများ တိုးတက်လာပြီဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ယခုကဲ့သို့ အောင်မြင်မှုများကြောင့် နိုင်ငံတကာမှ စိတ်ဝင်စားကာ လာရောက်ရင်းနှီးမြှုပ်နှံကြရာ ယနေ့ဆိုလျှင် ဒုတိယအဆင့် Zone (B) ၁၀၁ ဟက်တာကို လက်မှတ်ရေးထိုးတော့မည်ဖြစ်ပါကြောင်း၊ ယင်းအချက်သည် ရှေ့ဆက်လက်သွားမည့် အောင်မြင်မှုမှတ်တိုင်တစ်ခု ဆက်လက်ထူထောင်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ တာတဲရှိ ဟိဂူချီနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ သီလဝါအထူးစီးပွားရေးစက်မှုဇုန်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဂျပန်သံအမတ်ကြီးတို့၏ ရှေ့မှောက်တွင် တာဝန်ရှိသူများက သီလဝါအထူးစီးပွားရေးဇုန် (B) တည်ဆောက်ရေးစာချုပ်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**




## တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ စတုတ္ထအကြိမ် ပါတီဗဟိုကော်မတီအစည်းအဝေးမှ ပါတီဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ ရွေးချယ်ပြီးစီး

**ရန်ကုန် အောက်တိုဘာ ၂၁**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ စတုတ္ထအကြိမ် ဗဟိုကော်မတီအစည်းအဝေးနောက်ဆုံးနေ့ကို ယနေ့ နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ်ရှိ ပါတီဗဟိုဌာနချုပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပါတီဥက္ကဋ္ဌ ဦးသန်းတင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ပါတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။

ဗဟိုကော်မတီအစည်းအဝေး နောက်ဆုံးနေ့တွင် တက်ရောက်လာသူ ၁၈၇ ဦးက လျှို့ဝှက်မဲပေးစနစ်ဖြင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ၃၀ အား ရွေးချယ်ပြီး ဗဟိုအလုပ်အမှုဆောင်များက ဥက္ကဋ္ဌ ဦးသန်းတင်၊ ဒုတိယဥက္ကဋ္ဌ ဦးဟန်ရွှေ၊ အထွေထွေအတွင်းရေးမှူး ဦးသိန်းထွန်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးထွန်းရီနှင့် ဦးနေဝင်းတို့အား ထပ်မံရွေးချယ်ခဲ့ကြကြောင်း သိရသည်။

**ကိုလတ်(သတင်းစဉ်)**

### ပြင်ဆင်သိမှတ်ပေးပါရန်

အောက်တိုဘာ ၂၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာ-(၃)ပါ “ BIMSTEC အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်ရေး ဆွေးနွေးခဲ့”သတင်းအား နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အဖြစ် ပြင်ဆင်သိမှတ်ပေးပါရန်။ **(သတင်းစဉ်)**

## ကသာ-ဗန်းမော် ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းနှင့်အညီပြေးဆွဲမှု ရှိမရှိ စစ်ဆေး

**ကသာ အောက်တိုဘာ ၂၁**

ကသာမြို့နယ် ပုဂ္ဂလိကရေယာဉ်များ စနစ်တကျ ပြေးဆွဲရေးကော်မတီက ကသာ-ဗန်းမော်၊ ကသာ-မန္တလေး ခရီးစဉ်များ ပြေးဆွဲလျက်ရှိသည့် ပုဂ္ဂလိကရေယာဉ်များအနေဖြင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြေးဆွဲခြင်းရှိ မရှိကို အောက်တိုဘာ ၂၀ ရက် နံနက်က စတင်၍ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကသာ-ဗန်းမော် ရေယာဉ်မိုင် (၈၅) မိုင်တိုင်အတွင်း ပုဂ္ဂလိက ခရီးသည်တင် ရေယာဉ်မော်တော်များ ကုန်ပစ္စည်း အလွန်အကျွံ တင်ဆောင်မှု မရှိစေရေး၊ လိုင်စင်စစ်ဆေးခြင်း၊ အသက်ကယ်အင်္ကျီများ ရှိ မရှိ၊ တန်ပိုတင်ဆောင်သွားလာမှုမရှိစေရေးအတွက် ကသာမြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ရေယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ၊ စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ မော်တော်မောင်းနှင်သူများကို အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ထို့အပြင် ရေယာဉ်မောင်းများ အထူးသတိထားရန်မှာ အသက်ကယ်အင်္ကျီများ ဝတ်ဆင်စေရေး၊ ညမောင်းရေယာဉ်များ သွားလာမှုမရှိစေရေး၊ ရေယာဉ်မောင်းနှင့် ရေယာဉ်အုပ်ကလည်း မိမိရေယာဉ်ပေါ်၌ပါသော ခရီးသည်များနှင့် မိမိအသက်အန္တရာယ်ကို ကြိုတင်ကာကွယ်ရန်အတွက် ဆင်ခြင်တုံအသိတရားရှိရန်လိုကြောင်းနှင့် ရေယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က နေ့စဉ်စစ်ဆေးတားမြစ်မှုပြုလုပ်ရန် လိုကြောင်း ဒေသခံတစ်ဦးက အကြံပြုပြောကြားသည်။ **ငွေအိုး(ကသာ)**

# မြန်မာ-ဗီယက်နမ် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ လုသို့ဗ္ဗန်း အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ လုသို့ဗ္ဗန်း အား လက်ခံတွေ့ဆုံစဉ်**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရုရှားနိုင်ငံ၌ ချစ်ကြည်ရေးခရီးလေ့လာ



**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ JSC “ KBP ” (Instrument Design Bureau) မှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်**

နေပြည်တော် အောက်တိုဘာ ၂၁

**ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့သည် ယမန်နေ့ဒေသ စံတော်ချိန် နံနက် ၁၀ နာရီတွင် Tula မြို့ရှိ JSC “ KBP ” (Instrument Design Bureau) သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ကုမ္ပဏီမှထုတ်လုပ်သည့် ပစ္စည်းများနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။**

ထို့နောက် ကုမ္ပဏီထုတ်ပစ္စည်းများ ခင်းကျင်းပြသထားမှု၊ အလုပ်ရုံအတွင်း ထုတ်လုပ်တပ်ဆင်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် JSC “KBP” (Instrument Design Bureau)၏ ဒုတိယညွှန်ကြားရေးမှူးချုပ် Vladimir V.Popov က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ညနေပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုဝင်များ၊ တက္ကသိုလ်အသီးသီးမှ သင်တန်းသားအရာရှိ ကိုယ်စားလှယ်များအား တွေ့ဆုံ၍ သင်တန်းသားအရာရှိများအနေဖြင့် သင်ယူရသည့် ပညာရပ်များအလိုက် လေ့လာတတ်မြောက် ကျွမ်းကျင်ပြီး အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်ရေး အလေးထားဆောင်ရွက်ရန်၊ တာဝန်ပိုင်းဆိုင်ရာများ တိကျစွာလုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် အချင်းချင်းစည်းလုံးညီညွတ်မှုရှိရေး၊ ကျန်းမာရေးကိစ္စရပ်များကို မှာကြားသည်။

ယင်းနောက် သံရုံးနှင့် စစ်သံရုံးမိသားစုများ၊ သင်တန်းသားအရာရှိများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပညာသင်ကြားနေသော သင်တန်းသားအရာရှိများ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အောင်စိုးမိုးကျော် -၂ အမြန်ရေယာဉ်နစ်မြုပ်မှုနှင့် ပတ်သက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) က ကြေညာချက်ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၂၁**

ချင်းတွင်းမြစ်အတွင်း ပြေးဆွဲလျက်ရှိသော အောင်စိုးမိုးကျော်-၂ အမြန်ရေယာဉ်နစ်မြုပ်မှုနှင့်ပတ်သက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)က ယနေ့ရက်စွဲဖြင့် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

ယင်းကြေညာချက်တွင် အောင်စိုးမိုးကျော် - ၂ အမြန်ရေယာဉ်သည် ဟုမ္မလင်းမှ မုံရွာသို့ ထွက်ခွာလာခဲ့ပြီး အောက်တိုဘာ ၁၅ ရက် နံနက် ၅ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်နှင့် မင်းကင်းမြို့နယ်အကြား မိချောင်းတွင်း ကျေးရွာအနီးတွင် တိမ်းမှောက်နစ်မြုပ်သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း၊ ရေယာဉ်မောင်း ဦးဇော်မျိုးဝင်းမှာ ရေယာဉ်နစ်မြုပ်စဉ် ပျောက်ဆုံးသူများ စာရင်းတွင်ပါရှိပြီး ယနေ့တိုင် ပြန်လည်တွေ့ရှိခြင်း မရှိကြောင်း၊ ရေယာဉ်ပေါ်တွင် လိုက်ပါလာသူများအနက် ၁၅၉ ဦးအား အသက်ရှင်လျက် ကယ်ဆယ်ဆောင်ရွက်ပေးခဲ့ပြီး ရေနစ်မြုပ်သေဆုံးသည့် ရုပ်အလောင်း ၆၈ လောင်းကိုလည်း ဆယ်ယူရရှိခဲ့ကြောင်း၊ အသက်များစွာ ဆုံးရှုံးခဲ့သော ဖြစ်စဉ်ကြီးတစ်ခုဖြစ်ပြီး ယင်းဆုံးရှုံးမှုအတွက် များစွာဝမ်းနည်းရပါကြောင်း။

တပ်မတော်အနေဖြင့် ဖြစ်စဉ်ဖြစ်ပွားပြီးနောက်ပိုင်း လိုအပ်သည်များကို အပြည့်အဝ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ဖြစ်စဉ်တွင် ဝိုင်းဝန်း၍ စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ခဲ့ကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များအား ချီးကျူးမှတ်တမ်းတင်ပါကြောင်း၊ ချင်းတွင်းမြစ်ကြောင်းတွင် ယခုကဲ့သို့ ရေယာဉ်တိမ်းမှောက်မှုဖြစ်စဉ်များ များစွာဖြစ်ပေါ်ခဲ့ပြီး အသက်များစွာ ဆုံးရှုံးခဲ့သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ဤသို့ဖြစ်ရခြင်းမှာ ရေယာဉ်ခရီးသွားလာမှု လုံခြုံရေးဆိုင်ရာ ကြပ်မတ်ခြင်းနှင့် လိုက်နာရန် လိုအပ်ချက်များ ရှိနေသေးသည်ကို ဖော်ပြလျက်ရှိကြောင်း။

နစ်မြုပ်သွားသည့် အမြန်ရေယာဉ်အား အောက်တိုဘာ ၁၉ ရက်တွင် ကရိန်းဖြင့် ဆယ်ယူရေးဆောင်ရွက်ရာ၌ အထူးခန်းများအတွင်း ပိတ်မိနေသည့် ခရီးသည်များ၏ ရုပ်အလောင်းများအား သယ်ထုတ်ရာတွင် မုံရွာတပ်နယ်မှ အမှတ်-တ-၄၅၇၉၁၉ တပ်သားအောင်ဆန်းဦးနှင့် အမှတ်-တ-၅၁၁၅၉၉ တပ်သား ကျော်ဇေယျ၊ မုံရွာမြို့ မီးသတ်ဦးစီးဌာနမှ အမှတ် မ- ၂၄၇၉၅ တပ်သားမြနိုင်၊ အမှတ် မ-၂၄၈၀၁ တပ်သား တင့်လွင်ဦး၊ အမှတ် မ-၂၇၅၇၁ တပ်သား ဇော်လင်းမောင်၊ အမှတ် မ-၂၇၅၇၅ တပ်သား ဇော်ဌေးတို့သည် ခက်ခဲစွာဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်များအား လုပ်ထုံးလုပ်နည်းနှင့်အညီ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဥသျှစ်ပင် မြို့သူ/ မြို့သားများက စားသောက်ဖွယ်ရာများလှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၁**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နှင့် မောင်တောမြို့တို့၌ နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ပြည်ဒေသရခိုင်လူမှုကယ်ဆယ်ရေးအသင်းနှင့် ပြည်မြို့နှင့် ဥသျှစ်ပင်မြို့တို့မှ ဒေသခံပြည်သူများက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့၌ ပြုလုပ်သည်။

ထိုသို့ လှူဒါန်းရာတွင် ဥသျှစ်ပင်မြို့ဒေသခံပြည်သူများ၏ကိုယ်စား တာဝန်ရှိသူတစ်ဦးက ဝေဖြိုးပဲကြော် ၁၀ အိတ်နှင့် ခေါက်ဆွဲခြောက်ဂျပ်ပုံး ၉၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# မသန်စွမ်းသူများအားကစားပြိုင်ပွဲနှင့် ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲများကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်သည် ဒဂုံမြို့သစ်မြောက်ပိုင်း မသန်စွမ်းသူများ လေ့ကျင့်ရေးစခန်း၌ (၂၈)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်အထိနှင့် (၁၃)ကြိမ်မြောက် ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲများကို နိုဝင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မသန်စွမ်းအားကစားသမားများ၊ ဝန်ကြီးဌာနများနှင့် NGO များမှ မသန်စွမ်းအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ရန်နှင့် ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ စားပွဲတင်တင်းနစ်၊ ထိုင်လျက်ဘော်လီဘော၊ ဂိုလ်ဘော၊ ဘီးတပ်ဘတ်စကက်ဘော၊ ဘိုစီယာ၊ ဘိုးလင်း၊ စစ်တုရင်၊ မြားပစ်နှင့် ခုနစ်ယောက်ဘောလုံးအားကစားနည်း ၁၂ မျိုးဖြင့် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်စာရင်းများအား အောက်တိုဘာ ၃၀ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဖုန်း ၀၁-၅၈၃၆၀၉၊ ၀၉-၄၉၃၂၈၀၁၉ သို့ ဆက်သွယ် စာရင်းပေးပို့နိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မိုးပိုလာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **(မိုး/ဇလ)**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာတိုင်းရင်းသားတို့၏ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကြည့်ရှုအားပေး






ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကြည့်ရှုအားပေးစဉ် (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၂၁**

(၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက်ပိုင်းက နေပြည်တော် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပလျက်ရှိသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ကြည့်ရှုအားပေးသည်။

**အကပြိုင်ပွဲ ကြည့်ရှု**

ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယကသည် နံနက် ၉ နာရီ ၂၅ မိနစ်တွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပသည့် တိုင်းရင်းသားရိုးရာနှင့် ကျေးလက်ရိုးရာအက(အလွတ်တန်း) ပြိုင်ပွဲတွင် ရခိုင်တိုင်းရင်းသားတို့၏ စာဆိုအမွေထွန်းပြောင်လီအက၊ ဧရာဝတီတိုင်းသားတို့၏ ကျေးလက်ရိုးရာ ထီးယိမ်းအက၊ ချင်းတိုင်းရင်းသားတို့၏ ရှုဆုပ်အက၊ မန္တလေးတိုင်းသားတို့၏ ကျေးလက်လူမှုဘဝ အကနှင့် ကရင်တိုင်းရင်းသားတို့၏ ဘဝသရုပ်ဖော်အကတို့ကို ကြည့်ရှုအားပေးသည်။

**အတီးပြိုင်ပွဲ ကြည့်ရှု**

ထို့နောက် သစ်တောတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပသည့် ဆိုင်းတစ်ဦးချင်း ဝါသနာရှင်အဆင့်ပြိုင်ပွဲ (ဒုတိယတန်း)တွင် မန္တလေးတိုင်းဒေသကြီးမှ ဦးပတ္တမြားမြဟန်၏ ပြိုင်ပွဲဝင် တီးခတ်မှု၊ စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမဆောင် အမှတ်(၄)၌ ကျင်းပသည့် ကာလပေါ်တေးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း)တွင် ကရင်ပြည်နယ်မှ မောင်စောအောင်ထွန်းမင်း၏ ပြိုင်ပွဲဝင်သီဆိုမှု၊ စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမဆောင် အမှတ်(၅)၌ ကျင်းပသည့် မဟာဂီတပြိုင်ပွဲ ဝါသနာရှင်အဆင့် (ဒုတိယတန်း)တွင် ပဲခူးတိုင်းဒေသကြီးမှ ဒေါ်အေးအေးခိုင်(ခ) ဒေါ်အေးအေးမြိုင်၏ ပြိုင်ပွဲဝင်သီဆိုမှု၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပသည့် ဝါသနာရှင်အဆင့်(ပထမတန်း) တယောပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးသန်းဇော်၏ တယောလက်သံ ယှဉ်ပြိုင်မှုတို့ကို ကြည့်ရှုအားပေးခဲ့သည်။

**(သတင်းစဉ်)**

---

❒ *ကျော့ဖုံးမှ*

စက်မှုလယ်ယာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးပုလဲမောင်က စိုက်ပျိုးရေးဌာနမှလည်း ယခုကာလသည် စိုက်ပျိုးထားသည့်စပါးများ ရိတ်သိမ်းချိန် ရောက်ရှိနေပြီဖြစ်သည့်အတွက် လက်တွန်းစပါးရိတ်စက်များကို ပေးပို့သွားမည့်အပြင် ခေတ်မီစပါးရိတ်သိမ်းနည်းများကိုပါ ဒေသခံများအား သင်ကြားပေးသွားမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများကလည်း မိမိတို့ဌာနအလိုက် မောင်တောနှင့် ဘူးသီးတောင်ဒေသတွင် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ဉဩဝတီ အားကစားကွင်းအတွင်း ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်ခေတ္တစွန့်ခွာလာသူများ ယာယီနေနိုင်ရန်ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းကို သွားရောက်၍ ယာယီနေထိုင်စဉ်ကာလတွင်လည်း စားရေးသောက်ရေးမှအစ ကျန်းမာရေးစောင့်ရှောက်မှုအထိ စီစဉ်ဆောင်ရွက်ပေးထားကြောင်း၊ ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် မိမိတို့နေရပ်သို့ ပြန်လည်သွားရောက်မည်ဆိုပါက အဆင်ပြေချောမွေ့စွာပြန်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မောင်တောမြို့၌ ရောက်ရှိနေသည့် ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်ခေတ္တစွန့်ခွာလာသူများသည်လည်း နယ်မြေတည်ငြိမ်အေးချမ်းနေပြီဖြစ်သည့်အတွက် ၎င်းတို့ နေရပ်သို့ပြန်နေပြီဖြစ်ကြောင်း၊ နေရပ်ပြန်လည်နေထိုင်သူများအတွက်လည်း ဆန်၊ ဆီ၊ ကြက်သွန်၊ အာလူး စသည့်ရိက္ခာများထောက်ပံ့ပေးခဲ့ကြောင်းပြောကြားရာ နေရပ်ခေတ္တစွန့်ခွာလာသူတချို့ကလည်း ကျန်ရစ်ခဲ့သည့် အိမ်သားများနှင့် ဖုန်းအဆက်အသွယ်ရရှိပြီဖြစ်ကြောင်း၊ နယ်မြေလည်း တည်ငြိမ်အေးချမ်းလာနေသည်ကို သိရှိပါကြောင်း၊ စပါးရိတ်သိမ်းချိန်ကာလလည်း ရောက်ရှိနေပြီဖြစ်သဖြင့် မကြာခင် မိမိတို့နေရပ်သို့ ပြန်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နေရပ်ခေတ္တ စွန့်ခွာလာသူများ ယာယီနေထိုင်စဉ် ကာလတွင်လည်း အဆင်ပြေချောမွေ့စွာနေနိုင်ရန် ယာယီတဲများဆောက်လုပ်ထားမှု၊ လျှပ်စစ်မီးသွယ်တန်းပေးထားမှု၊ ဝမ်းရောဂါမဖြစ်ပွားစေရန် ရေကန်နှင့် ယင်လုံအိမ်သာများ ဆောက်လုပ်ထားမှုနှင့် နေ့ညမပြတ် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ စစ်တွေမြို့ရှိ အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်တို့က အစိုးရအနေဖြင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်နေကြောင်း၊ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးကို မလိုလားသူများက အဖျက်အမှောင့်များ လုပ်ဆောင်နေကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်တွင် ကျူးလွန်သူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျူးလွန်သူများ ဖော်ထုတ်နိုင်ရန်အတွက် ပူးပေါင်းကူညီပေးစေလိုကြောင်း ပြောကြားရာ အစ္စလာမ်ဘာသာဝင်များက ယခု အကြမ်းဖက်မှုဖြစ်စဉ်သည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှု ဆောင်ရွက်နေချိန်တွင် မတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်သူများကို ဖော်ထုတ်နိုင်ရန် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

● *ကျော့ဖုံးမှ*

ဒါကြောင့် မုန်တိုင်းရဲ့ သက်ရောက်မှုက နည်းသေးတယ်။ အထူးသဖြင့် မြန်မာ့ကမ်းရိုးတန်းနဲ့ နီးလာတာနဲ့အမျှ သတိထားဖို့တော့ လိုလာမယ်” ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မိုးလေဝသဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှထွန်းက ပြောကြားသည်။

ယင်းမုန်တိုင်းငယ်သည် အရှေ့နှင့် အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် မိုင် ၂၄၀ ခန့်၊ ပုသိမ်မြို့၏ အနောက်တောင်ဘက် မိုင် ၃၆၀ ခန့်၊ ရန်ကုန်မြို့၏ အနောက်တောင်ဘက် မိုင် ၄၄၀ ခန့်နှင့် အိန္ဒိယနိုင်ငံ ပို့ဘလဲမြို့၏ အနောက်-အနောက်မြောက်ဘက် ၂၃၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေကြောင်း သိရသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းဘက်သို့ ဦးတည်လျက်ရှိကြောင်း၊ လိမ္မော်ရောင်အဆင့်သတ်မှတ်ထားကြောင်း သိရသည်။

ယင်းမုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် မြောက်လတ္တီကျူ ၁၃ ဒသမ ၇ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၉ ဒသမ ၃ ဒီဂရီတို့တွင်တည်ရှိပြီး အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

မုန်တိုင်းငယ်၏ အရှိန်ကြောင့် အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်ကြောင်း၊ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်လယ်တို့၌ တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

---

# မောင်တောမြို့ အောင်မြေဗောဓိသာသနာ့ရိပ်သာကျောင်းတိုက်၌ ခေတ္တတိမ်းရှောင်နေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများအား နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်




**နေပြည်တော် အောက်တိုဘာ ၂၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များကြောင့် မောင်တောမြို့ အောင်မြေဗောဓိ သာသနာ့ရိပ်သာကျောင်းတိုက်၌ ခေတ္တတိမ်းရှောင် နေထိုင်လျက်ရှိသည့် ဖားဝပ်ချောင်းကျေးရွာ၊ ဥဒေါင်းကျေးရွာ၊ မောရဝတီကျေးရွာ၊ သရေကုန်းဘောင်ကျေးရွာ၊ ကိုင်းကြီးကျေးရွာ၊ ကန်သာယာကျေးရွာ၊ ပြားသားကျေးရွာနှင့် အောင်မင်္ဂလာကျေးရွာတို့မှ ဒေသခံတိုင်းရင်းသားပြည်သူများမှ နေရပ်သို့ ပြန်လည်နေထိုင်ရန် ဆန္ဒပြုသည့် တိုင်းရင်းသားပြည်သူများကို အောက်တိုဘာ ၁၉ ရက်မှစ၍ သက်ဆိုင်ရာနေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိသည်။

နေရပ်ပြန် တိုင်းရင်းသားပြည်သူများကို အောင်မြေဗောဓိသာသနာ့ရိပ်သာ ကျောင်းတိုက်ဆရာတော် အရှင်မဏိသာရ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇော၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်စိုးနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး ပို့ဆောင်နှုတ်ဆက်ကြသည်။

အောင်မြေဗောဓိသာသနာ့ရိပ်သာကျောင်းတိုက်၌ ခေတ္တတိမ်းရှောင်နေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသား အိမ်ထောင်စု ၁၁၅ စု၊ လူဦးရေ စုစုပေါင်း ၄၀၉ ဦးအနက် နေရပ်ပြန်ရန်ဆန္ဒပြုသည့် အိမ်ထောင်စု ၄၁ စု၊ လူဦးရေ စုစုပေါင်း ၁၆၁ ဦးတို့ကို အောက်တိုဘာ ၁၉ ရက်တွင်လည်းကောင်း၊ အိမ်ထောင်စု ၄၃ စု၊ လူဦးရေ စုစုပေါင်း ၁၃၆ ဦးတို့ကို အောက်တိုဘာ ၂၀ ရက်တွင် လည်းကောင်း အသီးသီးပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ရင်တွင်းထိခဲ့ကြသော မြန်မာသံစဉ်သီချင်းများ၏ လားရာ

**ကိုမြင့်အောင်(ရွှေဘို)**

ရွှက်ဝါကြွေလူး ×××× နွေးမူးမူးဝယ် ××××
ပုရစ်ဖူးဝေ၍ ×× ဖူးငုံစီမြပွင့်သည့်လကို ××××

လွမ်းလိုက်တာ ကိုသန်းလှိုင်ရယ်၊ သည်လို မြန်မာသံပီပီသသ ကြည်ကြည် မြမြ ခံ့ခံ့ ညားညား သီချင်းတွေ ကြားရတဲ့အခါတိုင်း အငမ်းမရ နားထောင်မဝဖြစ်ကြရပါတယ်။ ဝမ်းသာကြည်နူးမှုနဲ့အတူ ထပ်ခါထပ်ခါ နားဆင်လိုကြပါတယ်။ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝ ၁၉၇၀ ဝန်းကျင်မှာ ကာလပေါ် မြန်မာသံစဉ် တေးဂီတဝိုင်း ရာကျော်ရှိခဲ့ရာ သီချင်းတွေ အပြိုင်အဆိုင်ရေးသားကြပြီး မြန်မာ့အသံ ရေဒီယိုကနေ ထုတ်လွှင့်ခဲ့တာကို သတိရမိတယ်။ အဲဒီအချိန်က မြန်မာ့အသံတစ်ခုပဲ ရှိတာဖြစ်လို့ မြန်မာ့အသံရေဒီယိုကိုပဲ နားဆင်ခဲ့ရပါတယ်။ ဒါပေမယ့် ပြီးပြည့်စုံတယ်လို့ ခံစားရပါတယ်။ သွားလေရာ ပေါ့ပေါ့ပါးပါး ရေဒီယိုတစ်လုံးနဲ့ အလုပ်ဖြစ်ခဲ့ကြတယ်။ အဲဒီခေတ် အဲဒီအခါက တေးရေးဆရာများ၊ အဆိုတော်များ၊ တီးဝိုင်းဆရာများရဲ့ ကြိုးပမ်းအားထုတ်ခဲ့မှုကြောင့် ယနေ့အချိန်မှာ ဘယ်ခေတ် ဘယ်ကမ္ဘာရောက်ရောက် မရိုးနိုင်တဲ့ ဂန္ထဝင်မြန်မာသံစဉ်သီချင်းများ အဓွန့်ရှည်ကြာ တည်ရှိနေခဲ့တာပဲ ဖြစ်ပါတယ်။

ခေတ်အခြေအနေ အရပ်ရပ်ကြောင့် မြန်မာသံစဉ်သီချင်းအသစ်များ၊ ရင်ထဲစွဲထင်စေမည့် သီချင်းများထွက်ပေါ်မလာနိုင်ခဲ့တာလည်း နှစ်ပေါင်း ၃၀ နီးပါးရှိလို့လာခဲ့ပါပြီ။ စီးပွားရေးအခြေအနေအရ မြန်မာ့တေးဂီတဝိုင်းများဟာ ရေရှည်ရပ်တည်နိုင်ဖို့ မလွယ်ကြပါဘူး။ ခေတ်အဆက်ဆက်မှာလည်း မြန်မာသံစဉ် တေးဂီတဝိုင်းများ အနေဖြင့် မြင့်မားသော ဝင်ငွေရရှိနိုင်ခြင်း မရှိကြပါဘူး။ ခေတ်ပေါ်စတီဒီယို တေးဂီတဝိုင်းများကသာ မြင့်မားတဲ့ဝင်ငွေတွေရရှိပြီး အဆိုတော်များရော၊ တီးဝိုင်းသမားများပါ အသက်မွေးဝမ်းကျောင်းတစ်ခုအနေဖြင့် ရပ်တည်နေနိုင်ခဲ့ကြပါတယ်။ မြန်မာသံစဉ်တေးဂီတဝိုင်းများ၊ သီချင်းများဟာ ဒါကြောင့် ရပ်တန့်သွားခဲ့ကြတာ ဖြစ်ပါတယ်။ မြန်မာ့ဂီတအတွက် အလွန်ဝမ်းနည်းစရာကောင်းတဲ့ အခြေအနေ ဖြစ်ပါတယ်။ ဒီအခြေအနေကို ဒီလိုပဲ ကြည့်နေကြတော့မှာလား။ မြန်မာ့ဂန္ထဝင် တေးသီချင်းများနဲ့ပတ်သက်ပြီး မြန်မာသံစဉ် ပြန်ဆိုတေး စီးရီးမိတ်ဆက်ပွဲ အခမ်းအနားတစ်ခုမှာ အသက် (၉၆) နှစ်ရှိပြီးဖြစ်တဲ့ စွယ်စုံပညာရှင်ကြီး စည်သူ ဗိုလ်ကလေးတင့်အောင်က ဒီလိုပြောခဲ့ဖူးတယ်။ "ကျွန်တော်တို့ဟာ မြန်မာတွေပါ။ မြန်မာ တွေဖြစ်လို့ မြန်မာသံစဉ်သီချင်းတွေကို တည်တံ့ခိုင်မြဲနေစေဖို့နဲ့ သီချင်းသစ်တွေ ပြန်လည်ဝေစည်လာဖို့ မြန်မာတိုင်းမှာ တာဝန်ရှိပါတယ်။ ခေတ်ရေစီးကြောင်းအရ နိုင်ငံတကာတေးဂီတတွေ မြန်မာပြည်မှာ ထိုးဖောက်ဝင်ရောက်လာတာကိုလည်း လက်ခံရမှာဖြစ်သလို မိမိတို့ရဲ့မြန်မာ့ဂီတကိုလည်း အရိုးပေါ် အရွက်မဖုံးစေရအောင် တီထွင်ဆန်းသစ်ဖို့လည်းလိုပါတယ်" လို့ ပြောခဲ့ဖူးတာ အမှတ်ရမိပါတယ်။

ခေတ်အခြေအနေအရ ယခုအချိန်မှာ လူမှုကွန်ရက်ကို လူငယ်လူကြီးသုံးစွဲလာကြပါတယ်။ ဝမ်းသာစရာတစ်ခုကတော့ Facebook လို့ခေါ်တဲ့ လူမှုကွန်ရက်ပေါ်မှာ တစ်ခေတ်တစ်ခါက ဂန္ထဝင်သီချင်းများကို အပြိုင်အဆိုင် တင်လာကြတာကို တွေ့ရပါတယ်။ အထူးသဖြင့် နိုင်ငံခြားမှာနေထိုင်ကြပြီး မြန်မာပြည်ကို လွမ်းနေကြတဲ့ မြန်မာများက ဂန္ထဝင်သီချင်းများကို ရှာဖွေတင်လာကြပါတယ်။ Dr ကျော်ကျော်ဝင်း (တောင်တံခါး)၊ Dr ခင်ဟော်၊ ဖြူမင်းလွင်၊ ကျော်လွင်တင့်ဦးစတဲ့ ဂန္ထဝင်ဂီတချစ်သူများကိုလည်း ကျေးဇူးအထူးတင်ရပါတယ်။ တကယ်တော့ မြန်မာသံစဉ်ဂန္ထဝင် တေးဂီတကို နှစ်သက်မြတ်နိုးစွာ လက်ခံနားဆင်နေကြသူတွေလည်း များပြားပါတယ်။ အထူးသဖြင့် မြန်မာသံစဉ် ဂန္ထဝင်သီချင်းများကို လူငယ်များနှစ်သက်စွာ ခံစားသီဆိုနိုင်ဖို့ ကြိုးပမ်းနေသူတစ်ဦးလည်း ရှိပါတယ်။ သူကတော့ စန္ဒရားအောင်ဝင်း ဖြစ်ပါတယ်။ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး လူမှုကွန်ရက်မှာ တင်ပေးနေပါတယ်။ နောက်တစ်ဦးကတော့ ဒေါက်တာ လှဘူးဆိုသူပါ။ ဆရာကတော့ ထူးခြားပါတယ်။ ကိုယ်တိုင်တီး၊ ကိုယ်တိုင်ဆိုနိုင်သူပါ။ တူရိယာတော်တော်များများကိုလည်း တီးမှုတ်နိုင်ပါတယ်။ မြန်မာသံစဉ် ဂီတသီချင်းများကို စဉ်ဆက်မပြတ်အားပေးကူညီ ထောက်ပံ့နေသူတစ်ဦးကတော့ အလင်္ကာဝတ်ရည် ဦးမောင်မောင်အေး ဖြစ်ပါတယ်။ ယခုအချိန်မှာ မြန်မာသံစဉ် အဆိုတော် တော်တော်များများကို နေရာပေးပြီး အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတဝိုင်းကို တည်ထောင်ထားသူ ဖြစ်ပါတယ်။ ကိုယ်တိုင်လည်း ဝါသနာအလွန်ပါပြီး ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ဆိုနိုင်သူ တစ်ဦးဖြစ်ပါတယ်။ စန္ဒရားတင်ဝင်းလှိုင်ရဲ့ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ် တေးအရသာဆိုတဲ့ ဂန္ထဝင်သီချင်းများ ပြန်လည်သီဆို ထုတ်လွှင့်ပေးတဲ့ အစီအစဉ်ကလည်း မြန်မာသံစဉ်ကြိုက် ပရိသတ်အတွက် အားထားစရာဖြစ်ခဲ့ပါတယ်။ အဲဒါအပြင် ဂီတစာဆိုဂန္ထဝင် တေးသံရှင်ကြီး မောင်မောင်လတ် (အမျိုးသားစာပေဆုရကဗျာဆရာကြီး "နောင်")ရဲ့ "ဂီတသမားဂီတစကား" ဆိုတဲ့ သီချင်းတွေနဲ့ စကားဝိုင်းကိုလည်း MRTV က ထုတ်လွှင့်ပေးတာကို တွေ့ရပါတယ်။ ဒါပေမယ့် မြန်မာသံစဉ် သီချင်းအစီအစဉ်များအား ရာခိုင်နှုန်းနဲ့တွက်ကြည့်ရင် အလွန်တရာ နည်းနေသေးတယ်လို့ ခံစားမိပါတယ်။



(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မဟာဂီတဝါသနာရှင် (ဒုတိယတန်း) (မ) တနင်္သာရီတိုင်းဒေသကြီးမှ ဒေါ်မာမာစိန် ပြိုင်ပွဲဝင်စဉ် ဓာတ်ပုံ - သတင်းစဉ်

နိုင်ငံတော်က ကြီးမှူးကျင်းပပေးခဲ့တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆိုကရေးတီးပြိုင်ပွဲများဟာလည်း မြန်မာသံချစ် မျိုးဆက်သစ်လူငယ်များ မွေးထုတ်ပေးဖို့အတွက် အလွန်အရေးပါတဲ့ ပြိုင်ပွဲများဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲများက ထွက်ပေါ်လာတဲ့ မျိုးဆက်သစ်လူငယ် ဂန္ထဝင်သီချင်း ရွှေတံဆိပ်ဆုရှင်များ၊ မဟာဂီတ ရွှေတံဆိပ်ဆုရှင်များ မြောက်မြားစွာပေါ်ထွက်ခဲ့ပါတယ်။ ဒါပေမယ့်လည်း ပွဲပြီး မီးသေဖြစ်ကာ ရပ်တန့်သွားကြရပါတယ်။ အဲဒီလို ပွဲပြီးမီးသေမဖြစ်ရလေအောင် သူတို့လေးတွေကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးသီဆိုနေရအောင် သက်ဆိုင်ရာအစိုးရဌာနများတွင် အခြေအနေကို ဖန်တီးပေးနိုင်ခွင့်ရှိတဲ့နေရာမှာရှိတဲ့ အမှုထမ်း၊ အရာထမ်းများက လိုလိုလားလား စိတ်အားထက်သန်စွာ ဝင်ရောက်ပါဝင်စီစဉ်ဆောင်ရွက်ပေးနိုင်ပါက မျိုးဆက်သစ်လူငယ် ဂန္ထဝင်အဆိုတော်နဲ့ မဟာဂီတအဆိုတော်တွေ ပေါ်ပေါက်လာပြီး ရိုးရာယဉ်ကျေးမှုအစဉ်အလာကို ဆက်လက်ထိန်းသိမ်းပေးသွားကြမှာဖြစ်ပါတယ်။ ယခုအချိန်မှာ ပညာအမွေပေးနိုင်တဲ့ ဂန္ထဝင်အဆိုတော်ကြီးများ၊ မဟာဂီတအဆိုတော်ကြီးများ အသက်အလွန်ကြီးနေကြပြီး အရေအတွက် အနည်းငယ်သာ ကျန်ရှိပါတော့တယ်။ ဒီပညာရှင်ကြီးများ မရှိတော့လျှင် မြန်မာဂီတပညာအမွေပြတ်တောက်ပြီး တိမ်မြုပ်ပျောက်ကွယ်သွားမယ့်အရေး ရင်လေးစွာဖြင့် တွေ့မြင်နေရပြီ။ ကျွန်တော်တို့ မြန်မာလူမျိုးများရဲ့ ရင်တွင်းထိခဲ့ကြတဲ့ ဂန္ထဝင်မြန်မာသံစဉ်သီချင်းများ မျိုးဆက်မပြတ်ရေး၊ ပြန်လည်ဝေစည်လာရေးတို့အတွက် မြန်မာသံစဉ်ချစ်သူများသာမက ဆက်စပ်ယှက်နွယ်နေသော အစိုးရဌာနများကလည်း ဝိုင်းဝန်းပံ့ပိုးကူညီပေးရန် အထူးလိုအပ်လျက် ရှိနေပါတယ်။ ကျွန်တော်တစ်ဦးတည်း၏ အမြင်အရအောက်ပါတို့ကို ဆောင်ရွက်ပေးသင့်သည်ဟု ယူဆပါတယ်-

၁။ နိုင်ငံတော်ကကြီးမှူး၍ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆိုကရေတီးပြိုင်ပွဲများကို အစဉ်အလာမပျက် နှစ်စဉ်ကျင်းပပေးသင့်ပါတယ်။ နှစ်စဉ်လည်းကျင်းပပေးလျက်ရှိတာကို တွေ့ရပါတယ်။

၂။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနတို့ကဲ့သို့ အခြေအနေ ဖန်တီးနိုင်ခွင့်ရှိသော ဌာနများက ဆိုကရေးတီးပြိုင်ပွဲများမှ ထူးချွန်စွာ ဆုရရှိခဲ့ကြသော လူငယ်ကလေးများအတွက် စဉ်ဆက်မပြတ် လေ့လာ သီဆိုနိုင်ရန်နေရာ (သို့မဟုတ်) စင်တစ်ခုဖန်တီးစီစဉ်ပေးသင့်ပါတယ်။

၃။ ဂန္ထဝင်မြန်မာသံစဉ်သီချင်းများကို အသစ်စပ်ဆို ရေးသားထုတ်လွှင့်နိုင်ရေး အတွက် မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။

၄။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပုဂ္ဂလိကရေဒီယို FM များက မဟာဂီတနှင့် ဂန္ထဝင်မြန်မာသံစဉ်သီချင်းများကို ပိုမိုအချိန်ပေးထုတ်လွှင့်ပေးသင့်ပါတယ်။

၅။ ဂန္ထဝင်မြန်မာသံ အခမဲ့ဖျော်ဖြေပွဲများဟာ ကုန်ကျစရိတ် အနည်းနဲ့အများ ရှိနိုင်ပါတယ်။ ဒီကုန်ကျစရိတ်အတွက် ပုဂ္ဂလိကရုပ်သံလိုင်းများနှင့် ပုဂ္ဂလိကရေဒီယို FM လိုင်းပိုင်ရှင် ကုမ္ပဏီများက အလှည့်ကျ တာဝန်ယူ စီစဉ်ပေးသင့်ပါတယ်။ ရွှေသံလွင်ကုမ္ပဏီက မျှော်စင်ကျွန်းမှာ အလင်္ကာဝတ်ရည် တေးဂီတဝိုင်းနဲ့အတူ မြန်မာသံစဉ် သီချင်းဖျော်ဖြေပွဲ ပြုလုပ်ပေးခဲ့တာ နားဆင်ခဲ့ရဖူးပါတယ်။ ပရိသတ်လည်း များခဲ့ပါတယ်။ ရေဒီယိုနှင့် ရုပ်မြင်သံကြားထုတ်လွှင့်သူများအသင်း ဖွဲ့စည်းထားပြီးဖြစ်တဲ့အတွက် ဒီအသင်းက ဦးဆောင်ပြီး စုပေါင်းဆောင်ရွက်ပေးသင့်ပါတယ်။

အထက်ဖော်ပြပါ အချက်များကတော့ ကျွန်တော့်တစ်ဦးတည်းရဲ့ အမြင်သာဖြစ်ပါတယ်။ မြန်မာသံစဉ် ချစ်ပရိသတ်များကလည်း ဝိုင်းဝန်းအကြံပေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ မဟာဂီတနဲ့ ဂန္ထဝင်မြန်မာသံစဉ်သီချင်းများ တိမ်မြုပ်ပျောက်ကွယ်မယ့်အရေးက ကင်းဝေးနိုင်မှာဖြစ်ပါကြောင်း ဂန္ထဝင်မြန်မာသံစဉ်ကို ချစ်မြတ်နိုးကြတဲ့ ပရိသတ်များကိုယ်စား ရေးသားဖော်ပြအပ်ပါတယ်။

**ယခုအချိန်မှာ ပညာအမွေပေးနိုင်တဲ့ ဂန္ထဝင်အဆိုတော်ကြီးများ၊ မဟာဂီတ အဆိုတော်ကြီးများ အသက်အလွန်ကြီးနေကြပြီး အရေအတွက် အနည်းငယ်သာ ကျန်ရှိပါတော့တယ်။ ဒီပညာရှင် ကြီးများ မရှိတော့လျှင် မြန်မာဂီတပညာ အမွေပြတ်တောက်ပြီး တိမ်မြုပ်ပျောက်ကွယ်သွားမယ့်အရေး ရင်လေးစွာဖြင့် တွေ့မြင်နေရ**

## ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏ နိုင်ငံတကာနည်းပညာအကြံပေးအဖွဲ့ (ITAB)သတ္တမအကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၁**

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်း၏ နိုင်ငံတကာနည်းပညာ အကြံပေးအဖွဲ့ (International Technical Advisory Board – ITAB) သတ္တမအကြိမ်မြောက် အစည်းအဝေးကို အောက်တိုဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ကျင်းပရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်၊ ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေ ကိုယ်စားလှယ် Ms. Janet E. Jackson၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) နိုင်ငံတကာနည်းပညာ အကြံပေးအဖွဲ့ (ITAB) ဥက္ကဋ္ဌ Mr. Werner Haug နှင့် နိုင်ငံတကာနည်းပညာအကြံပေးအဖွဲ့ဝင်များ၊ အလှူရှင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အစည်းအဝေးတွင် သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် စာရင်းဇယားများ ထုတ်ပြန်ခြင်းလုပ်ငန်း ဆောင်ရွက်မှု၊ သန်းခေါင်စာရင်း အချက်အလက်များ၏ အရည်အသွေးဆန်းစစ်လေ့လာမှုအစီရင်ခံစာ (မူကြမ်း)၊ သန်းခေါင်စာရင်း Micro Data ထုတ်ပြန်ရေး အစီအစဉ်၊ သန်းခေါင်စာရင်း မြေပုံစာအုပ်ဆောင်ရွက်မှု၊ ပဋိပက္ခတုံ့ပြန်မှုအဖွဲ့၏ ဆန်းစစ်လေ့လာတွေ့ရှိချက်များနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းကြသည်။

ထို့ပြင် သန်းခေါင်စာရင်းအချက်အလက်များနှင့် ပတ်သက်၍ထုတ်ပြန်ရန် ကျန်ရှိနေသည့် လူမျိုးစာရင်းထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အကြံပြုဆွေးနွေး ခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတကာ နည်းပညာအကြံပေးအဖွဲ့ (ITAB) အဖွဲ့ဝင်များသည် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအား တွေ့ဆုံကာ အစည်းအဝေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြပြီး သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး သတင်းထုတ်ပြန်ချက်တစ်ရပ်ကိုလည်း ထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## Automated Teller Machine (ATM) စနစ် ဝန်ဆောင်မှုလုပ်ငန်း မြန်မာ့စီးပွားရေးဘဏ်က ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၁**

မြန်မာ့စီးပွားရေးဘဏ်သည် Myanmar Payment Union (MPU) အဖွဲ့ဝင်ဘဏ်အဖြစ် ပါဝင်လျက်ရှိပြီး ဘဏ်နှင့်ဆက်သွယ်သူ Customer များအနေဖြင့် ငွေသားကိုင်ဆောင်ရခြင်းမှ ကင်းဝေးစေရုံသာမကလုံခြုံစိတ်ချရသည့် ဘဏ်ဝန်ဆောင်မှုအသစ်အဖြစ် မြန်မာ့စီးပွားရေးဘဏ် ATM ကတ်အသုံးပြု၍ မိမိတို့ကြိုက်နှစ်သက်ရာ မြန်မာ့စီးပွားရေးဘဏ်၏ ATM စက်များနှင့် MPU အဖွဲ့ဝင်ဘဏ်များ၏ ATM စက်များ၌ လွယ်ကူလျင်မြန်စွာငွေသားထုတ်ယူနိုင်သည့်အပြင် အရာထမ်းဝန်ထမ်းလစာနှင့် အငြိမ်းစားလစာများကို Standing Instruction ပေးထားခြင်းဖြင့် လစာထုတ်ယူနိုင်သည့် ATM စနစ်ကို မြန်မာ့စီးပွားရေးဘဏ်ခွဲ (၄၇) ဘဏ်တွင် ဝန်ဆောင်မှုပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြန်မာ့စီးပွားရေးဘဏ်များမှာ နေပြည်တော်၊ ပျဉ်းမနား၊ ရန်ကုန်(၁)၊ ရန်ကုန်(၂)၊ ရန်ကုန်(၃)၊ ရန်ကုန်(၄)၊ ရန်ကုန်(၅)၊ ရန်ကုန်(၆)၊ ငွေစု(၃)၊ ငွေစု(၄)၊ သဃ်န်းကျွန်း၊ ကြည့်မြင်တိုင်၊ တာမွေ၊ သန်လျင်၊ မြောက်ဥက္ကလာပ၊ မန္တလေး(၁)၊ မန္တလေး(၂)၊ မန္တလေး(၃)၊ မိတ္ထီလာ၊ မြင်းခြံ၊ ကျောက်ဆည်၊ ညောင်ဦး၊ရမည်းသင်း၊ ပဲခူး၊ တောင်ငူ၊ ပြည်၊ ပုသိမ်၊ မအူပင်၊ ဟင်္သာတ၊ ပခုက္ကူ၊ မကွေး၊ စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ၊ မြဝတီ၊ ဘားအံ၊ သထုံ၊ မော်လမြိုင်(၁)၊ မော်လမြိုင်(၂)၊ တောင်ကြီး ၊ ကျိုင်းတုံ၊ လားရှိုး ၊တာချီလိတ်၊ မူဆယ်၊ စစ်တွေ၊ မြိတ်၊ ထားဝယ်တို့ဖြစ်သည်။ **(သတင်းစဉ်)**

# ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၁

**(၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ သတ်မှတ်နေရာအသီးသီး၌ အနုပညာအမွေ လက်ဆင့်ကမ်းသူနှင့် ခံယူသူတို့အကြား ကြည်နူးရွှင်ပျ အပေးအယူမှုတစ္စာဖြင့် ဆက်လက်ကျင်းပသည်။**



**အဆိုပြိုင်ပွဲ ကာလပေါ်အခြေခံပညာ(၁၀-၁၅)(မ) ပဲခူးတိုင်းဒေသကြီးမှ မအိမွန်ဇင် ပြိုင်ပွဲဝင်စဉ်**

### အဆိုပြိုင်ပွဲ

အဆိုပြိုင်ပွဲ၏ မဟာဂီတပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမဆောင် အမှတ်(၅) ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်မှ ဒေါ်ခင်မာကြည်၊ ချင်းပြည်နယ်မှ မဝင့်ဝါချို၊ ရခိုင်ပြည်နယ်မှ ဒေါ်စန်းစန်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်မြင့်မြင့်သန်း၊ မန္တလေးတိုင်းဒေသကြီးမှ ဒေါ်သဥ္ဇာမျိုး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မဇင်မာငြိမ်း၊ ပဲခူးတိုင်းဒေသကြီးမှ ဒေါ်အေးအေးခိုင် (ခ) ဒေါ်အေးအေးမြိုင်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဒေါ်ဝင်းဝင်းကြည်ခိုင်တို့က ဒီပါမြေ (ပတ်ပျိုး) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅နှစ်) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မောင်ကျော်မျိုးပိုင်၊ မွန်ပြည်နယ်မှ မောင်သန်းလင်းအောင်၊ ရခိုင်ပြည်နယ်မှ မောင်ပြည့်စည်သူဖြိုး၊ ရှမ်းပြည်နယ်မှ မောင်နိုင်မင်းထက်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဘုန်းသူရကျော်၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဝင်းမင်းခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ချစ်နောင်နောင်၊ မကွေးတိုင်းဒေသကြီးမှ မောင်ရဲကိုစိုးနှင့် ပဲခူးတိုင်းဒေသကြီးမှ မောင်မိုးဇင်အောင်တို့က မြိုင်တန်းမှောင်ဝေ (ကရင်သြ) ဖြင့် လည်းကောင်း မြန်မာ့ဂီတရသကို ဖော်ကျူးသီဆိုယှဉ်ပြိုင်ကြသည်။

### ကာလပေါ်တေးပြိုင်ပွဲ

ကာလပေါ်တေးပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမဆောင် အမှတ်(၄)၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မောင်သန့်ဇင်ဦး၊ ကရင်ပြည်နယ်မှ မောင်စောအောင်ထွန်းမင်း၊ ချင်းပြည်နယ်မှ ဦးတင်ဝင်းစိုး၊ မွန်ပြည်နယ်မှ ဦးရာဇာကျော်၊ ရခိုင်ပြည်နယ်မှ ဦးပိုင်ဖြိုးကို၊ ရှမ်းပြည်နယ်မှ ဦးစိုးမြင့်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးတိုင်းချစ်၊ မန္တလေးတိုင်းဒေသကြီးမှ ဦးချစ်သွေး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးမောင်ဝင်း၊ မကွေးတိုင်းဒေသကြီးမှ ဦးထွန်းထွန်းနိုင်၊ ပဲခူးတိုင်းဒေသကြီးမှ မောင်ဟန်လင်းထွန်းနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဦးမောင်မြင့်တို့က မောင်မောင်ကြီး၏ လွမ်းအိပ်မက်က သံသရာရှည်သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မမြင့်မြင့်စမ်း၊ ကယားပြည်နယ်မှ မအေးမြတ်မွန်၊ ကရင်ပြည်နယ်မှ မဖြိုးပြည့်ပြည့်ကျော်၊ ချင်းပြည်နယ်မှ မတင်ကြွေး၊ မွန်ပြည်နယ်မှ မဖြူဇင်သင်း၊ ရခိုင်ပြည်နယ်မှ မငွေစင်ကြယ်၊ ရှမ်းပြည်နယ်မှ မနန်းမြတ်စုခင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မခင်လပြည့်ဝန်း၊ မန္တလေးတိုင်းဒေသကြီးမှ မရတနာချစ်စုဝေ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မသဥ္ဇာမြတ်ထူး၊ မကွေးတိုင်းဒေသကြီးမှ မသဲသဲ၊ ပဲခူးတိုင်းဒေသကြီးမှ မအိမွန်ဇင်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ မစံပယ်ဖြူဖွေးတို့က လီလီကြာညွန့်၏ မြန်မာ့အားအင်သီချင်းဖြင့် လည်းကောင်း ရှေးမူမပျက် သီဆိုယှဉ်ပြိုင်ကြသည်။

### အကပြိုင်ပွဲ

အကပြိုင်ပွဲ၏ တိုင်းရင်းသားရိုးရာ၊ ကျေးလက်ရိုးရာအက (အလွတ်တန်း)ပြိုင်ပွဲကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ကျင်းပရာ ကချင်တိုင်းရင်းသားတို့က ရဝမ်၊ ဂျိန်းဖော၊ လီဆူ၊ လချိတ်၊ လဝေါ်နှင့် ဇိုင်ဝါးတို့၏ ရိုးရာဓလေ့ထုံးတမ်းများ တေးသရုပ်ဖော်အကဖြင့် လည်းကောင်း၊ ကယားတိုင်းရင်းသားတို့က ရိုးရာပွဲတော်များတွင် ထင်ရှားသည့် ဖားစည်အကဖြင့် လည်းကောင်း၊ ကရင်တိုင်းရင်းသားတို့က ရိုးရာဓလေ့ထုံးတမ်းများ တေးသရုပ်ဖော်အကဖြင့် လည်းကောင်း၊ ချင်းတိုင်းရင်းသားတို့က စည်းလုံးခြင်းသည်ခွန်အားဟု အဓိပ္ပာယ်ရသည့် ရှုဆုပ်အက သို့မဟုတ် နွေဦးရာသီရိုးရာအကဖြင့် လည်းကောင်း၊ မွန်တိုင်းရင်းသားတို့က ရိုးရာယိမ်းအကဖြင့် လည်းကောင်း၊ ရခိုင်တိုင်းရင်းသားတို့က ရှေးရိုးရာ ရတု၊ ရကန်၊ အေးအိုင်၊ သာချင်းတို့ကို ဖွဲ့ဆိုထားသည့် စာဆိုအမွေ ထွန်းပြောင်လီအကဖြင့် လည်းကောင်း၊ ရှမ်းတိုင်းရင်းသားတို့က ရိုးရာအိုးစည်အကဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးက လက်ပံပွင့်ကောက်တေးသီချင်းဖြင့် နွေပန်းချီခြယ်သ ကျေးလက်သဘာဝသရုပ်ဖော်အကဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးက ကျေးလက်အကဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးက ကျေးလက်တေးသရုပ်ဖော်အကဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးက ကရင်တိုင်းရင်းသားရိုးရာအက ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးက ဧရာဝတီအလှတေးသီချင်းဖြင့် ကျေးလက်ရိုးရာ ပုသိမ်ထီးယိမ်းအကဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးက ထားဝယ်ကျေးလက်ရိုးရာ ရေအိုးရွက်အကဖြင့် လည်းကောင်း ပြည်ထောင်စု ၏ အလှ၊ ပြည်ထောင်စု၏ အင်အားကို ဖော်ညွှန်းသရုပ်ဖော် ယှဉ်ပြိုင်ကြသည်။



**အရေးတေးသီချင်းပြိုင်ပွဲဝါသနာရှင် (ပထမတန်း) ရန်ကုန်တိုင်းဒေသကြီးမှ ဦးသန်းဝင်း အရေးသီချင်းဖြင့် ပြိုင်ပွဲဝင်စဉ်**

### အရေးပြိုင်ပွဲ

အရေးပြိုင်ပွဲ၏ သီချင်းသံစဉ် ကိုက်ညှိလေ့ကျင့်ခြင်းကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ-(၁)၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဦးတင်မောင်ငြိမ်း၊ ရခိုင်ပြည်နယ်မှ ဦးဘမင်းသိုက်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီးမှ ဦးနိုင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ တက္ကသိုလ်ကိုကိုလင်း၊ မကွေးတိုင်းဒေသကြီးမှ ဦးတင်ထွေး၊ ပဲခူးတိုင်းဒေသကြီးမှ ဦးခင်မောင်ဇော်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ထရမ်းပက်သန်းရှိန်တို့က သံစဉ်ထည့်သွင်း ဖော်ကျူးကြသည်။




**တိုင်းရင်းသားရိုးရာ၊ ကျေးလက်ရိုးရာအက(အလွတ်တန်း)ပြိုင်ပွဲ ကရင်ပြည်နယ်မှ ကရင်ရိုးရာဒုံးယိမ်းအကဖြင့် ပြိုင်ပွဲဝင်စဉ်**

### အတီးပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲကို သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မြန်မာပြည်ပတ္တမြား (ခ) ကျော်ကျော်လင်း၊ မန္တလေးတိုင်းဒေသကြီးမှ ဦးပတ္တမြားမြဟန်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးဇော်မျိုးအောင်၊ ပဲခူးတိုင်းဒေသကြီးမှ ဦးဇော်မင်းထွန်း (ခ) ဦးဇော်ဇော်နိုင်၊ ဧရာဝတီတိုင်းဒေသကြီးမှ ဧရာဝတီသန့်ဇော်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ ဦးဝင်းဗိုလ်တို့က လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ကျော်လင်းထက်၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဇာနည်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဥက္ကာစိုးနှင့် ပဲခူးတိုင်းဒေသကြီးမှ မောင်အောင်ကိုတို့က လည်းကောင်း မြိုင်ဆိုင်မြူးကြွသည့် ဆိုင်းလက်သံများဖြင့် ယှဉ်ပြိုင်ကြသည်။

### ပတ္တလားပြိုင်ပွဲ

ပတ္တလားပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် ပတ္တမြားခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးရဲလင်းဗိုလ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးသိန်းဗိုလ်ဗိုလ်နှင့် ပဲခူးတိုင်းဒေသကြီးမှ ဦးမြတ်ဇင်အောင်တို့က တောမြိုင်ခြေလမ်း (ယိုးဒယား)ဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မပန်းအိစံနှင့် မန္တလေးတိုင်းဒေသကြီးမှ မခင်ဘိုဘိုဟန်တို့က လွမ်းပိုအောင်ညိုမင်းလွင် (ယိုးဒယား)ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀နှစ်) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မောင်နေထွန်းအောင်၊ ကယားပြည်နယ်မှ မောင်ငြိမ်းချမ်းအောင်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဟိန်းမေတ္တာတို့က မှူးရိပ်ကယ်တည့်ဝေမှောင် (ကြိုး) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မသဲအိအိသွယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ မဌေးယုအောင် (ခ) ရွှေရည်စန်းလွင်တို့က ဆန်းနွေဦး(ယိုးဒယား) ဖြင့်လည်းကောင်း နားဝင်ပီယံရှိသည့် ပတ္တလားသံသာများဖြင့် ယှဉ်ပြိုင်ကြသည်။



**ဆိုင်းတစ်ဦးချင်း အခြေခံပညာ(၁၀-၁၅)(ကျား) စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဥက္ကာစိုး ပြိုင်ပွဲဝင်စဉ်**

### တယောပြိုင်ပွဲ

တယောပြိုင်ပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ဦးကြည်မောင်၊ မွန်ပြည်နယ်မှ ဦးကျော်ဟန်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးချိုကြီး၊ မန္တလေးတိုင်းဒေသကြီးမှ ဦးယုမောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးသန်းဇော်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဦးသက်အောင်စိုးတို့က ရွှေပြည်တော်သည် (ပတ်ပျိုး)ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ဒေါ်အေးစုမွန်က အောင်မင်္ဂလာ(ယိုးဒယား) ဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်ကျော်သီဟ၊ ရှမ်းပြည်နယ်မှ မောင်ဥက္ကာမြင့်မြတ်၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဗညားဇော်၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဇေဖြိုးကျော်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်လွှမ်းမိုးအောင်တို့က ဇေယျာမြို့(ကြိုး) ဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်မှ မနော်စေးစေးဝါးထူး၊ ရန်ကုန်တိုင်းဒေသကြီးမှ မဆုမြတ်အောင်၊ မန္တလေးတိုင်းဒေသကြီးမှ မနော်မေဘယ်လ်မောင်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ မသီရိဝင့်ဝါတို့က ပြည်တော်ဝင် (ကာလပေါ်) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မောင်သက်လွင်စိုးက ရွှေပြည်ကြီးရော(ကြိုး) ဖြင့် လည်းကောင်း တယောလက်သံသာဖြင့် ယှဉ်ပြိုင်ကြသည်။

### မယ်ဒလင်ပြိုင်ပွဲ

မယ်ဒလင်ပြိုင်ပွဲကို သစ်တောတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်မှ ဦးခင်မောင်ညွန့်၊ ရခိုင်ပြည်နယ်မှ ဦးဘမင်းသိုက်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးတင့်ဆွေ၊ မန္တလေးတိုင်းဒေသကြီးမှ ဦးပြေငြေး၊ မကွေးတိုင်းဒေသကြီးမှ ဦးလှိုင်မိုး၊ ပဲခူးတိုင်းဒေသကြီးမှ ဦးသန်းရှိန်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဦးသက်အောင်စိုးတို့က ကျေးစေတမန် (ကာလပေါ်) ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ဝေလွင်သိန်းနှင့် ဧရာဝတီတိုင်းဒေသကြီးမှ မစုစုထက်အောင်တို့က ကျေးစေတမန် (ကာလပေါ်)ဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ထက်ကိုကိုလင်းက မြိုင်ဟေမာ (ယိုးဒယား)ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀နှစ်) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်သက်ထက်ပိုင်(ခ)ပိုင်ပိုင်၊ ပဲခူးတိုင်းဒေသကြီးမှ မောင်စည်သူလွင်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်ပိုမိုထက်အောင်တို့က ထွေထွေဆန်းဆန်း (ကပီယိုးဒယား) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မအိမ့်သရဖူနှင့် ဧရာဝတီတိုင်းဒေသကြီးမှ မခိုင်သင်းကြည်တို့က သုခုမ (ကာလပေါ်) ဖြင့် လည်းကောင်း မယ်ဒလင်သံသာဖြင့် ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုသုခုမပညာရပ်ကို စိတ်ဝင်စားကြသည့် ပြည်သူများက လာရောက်ကြည့်ရှုအားပေးကြသည်။

**သူရဇော်(သတင်းစဉ်)**

# ကလေးသူငယ်ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ရည်မှန်းချက်ပန်းတိုင်များ အကောင်အထည်ဖော်ရေး အဆင့်မြင့်ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၁

**ကလေးသူငယ်ဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက်ပန်းတိုင်များ အကောင်အထည်ဖော်ရေး အဆင့်မြင့်ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပသည်။**




အဆိုပါအဆင့်မြင့်ညှိနှိုင်းဆွေးနွေးပွဲကို ဗဟိုစာရင်းအင်းအဖွဲ့နှင့် UNICEF တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ကလေးသူငယ်ဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရန် အတွက် လိုအပ်သည့် မူဝါဒဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့် အချက်များ ပေါ်ပေါက်လာစေရန် ရည်ရွယ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက "မြန်မာ့ကလေးများ ဖွံ့ဖြိုးဖို့ ရည်မှန်းချက်အသစ်နှင့် ရလဒ်သစ်များဖြင့် အားထုတ်စို့" ဆောင်ပုဒ်ဖြင့် ကျင်းပသည့် ယခုညှိနှိုင်းဆွေးနွေးပွဲသည် မြန်မာနိုင်ငံအတွက် အလွန်အဓိပ္ပာယ်ရှိပြီး ဆောင်ရွက်သင့်သည့် အချိန်အခါဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေ ၅၂ ဒသမ ၄ သန်းကျော်ရှိသည့်အနက် ၃၅ ရာခိုင်နှုန်းသည် ကလေးများဖြစ်ကြောင်း၊ တိုင်းပြည်၏ အနာဂတ်ဖြစ်သော ကလေးများအတွက် ကလေးသူငယ်ဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်ဖြစ်သည့် မဟာဗျူဟာစီမံချက်များ ထားရှိရန် အလွန်အရေးကြီးပါကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများ အဖွဲ့ဝင်ဖြစ်သည့်အတွက် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် ၁၇ ခုကို လက်ခံဆောင်ရွက်နေပါကြောင်း၊ ယင်းပန်းတိုင်များတွင် နေရာအနှံ့ဆင်းရဲမှုပုံစံအားလုံး အဆုံးသတ်ရေးပါဝင်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တရားမျှတရေးနှင့် တန်းတူအခွင့်အရေးများရရှိနိုင်ရေးအတွက် စီးပွားရေးမူဝါဒ ၁၂ ချက်ကို ချမှတ်ကျင့်သုံးနေပါကြောင်း၊ သိသာထင်ရှားသည့် အကျိုးကျေးဇူးများနှင့် အခွင့်အလမ်းများ ရရှိအောင် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း။

ယနေ့ကျင်းပသည့် အဆင့်မြင့် ညှိနှိုင်းဆွေးနွေးပွဲသည် ကလေးသူငယ်ဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ အကောင်အထည်ဖော်ဆောင်ရေးအတွက် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းရန်နှင့် ပိုမိုကောင်းမွန်သည့် အကြံပြုတင်ပြချက်များ ရရှိနိုင်ရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် UNICEF မှ ဌာနေကိုယ်စားလှယ် Mr.Bertrand Bainvel က မြန်မာနိုင်ငံရှိ ကလေးသူငယ်များ၏ အခြေအနေကို ဆန်းစစ်လေ့လာမှုများအရ ကလေးသူငယ် ၅၀ ရာခိုင်နှုန်းသည် ဆင်းရဲနွမ်းပါးဆဲဖြစ်ကြောင်း၊ ကလေးသူငယ် ၃၀ ရာခိုင်နှုန်းသည် သန့်ရှင်းသောသောက်သုံးရေ မရရှိခြင်းနှင့် ၂၀ ရာခိုင်နှုန်းသည် အိမ်သာသုံးစွဲနိုင်မှုမရှိကြောင်း၊ ကျောင်းနေရွယ်ကလေးများ၏ ၂၅ ရာခိုင်နှုန်းခန့်သည် ကျောင်းနေနိုင်ခြင်းမရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကလေးသူငယ်များနှင့် ဆယ်ကျော်သက်လူငယ်များ၏ အသံ " A new Myanmar for us " ဗီဒီယိုအား ပြသည်။

ထို့နောက် UNICEF မှ Policy Advocacy Officer ဒေါ်ဂျီလီယံ စန်းစန်းအေးမှ ကလေးသူငယ်များ၏ အခြေအနေကို လည်းကောင်း၊ Dr. Aniruddha Bonnerjee က "Presentation of latest set of data and analysis on children what it mean for Myanmar " ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက "Ensuring the best start in life for every child " ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက " Meeting the right to quality education for every child " ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က " Protecting the right of children in conflict with the law, child victims and witnesses, including in contexts of violence, trafficking and exploitation " ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက မြန်မာနိုင်ငံ ကလေးသူငယ်ဆိုင်ရာ အချက်အလက်များ၊ SDGs ရည်မှန်းချက်တွင် ပါဝင်သည့် ကလေးသူငယ်ဆိုင်ရာ ရည်မှန်းချက်များ၊ ညွှန်ကိန်းများ၊ ငြိမ်းချမ်းမှုမရှိသည့် နယ်မြေများတွင် ကလေးသူငယ်များ၏ ထိခိုက်နစ်နာမှုများ၊ အမျိုးသားစီမံကိန်းများတွင် ထည့်သွင်းပါဝင်ရေးကိစ္စရပ်များ၊ Child related SDGs စီမံကိန်းများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရေးအတွက် ဘဏ္ဍာငွေရရှိရေး၊ ခွဲဝေအသုံးပြုရေးကိစ္စရပ်များ၊ နည်းပညာအကူအညီရရှိရေးကိစ္စများကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးများ၊ ပညာရေးဝန်ကြီးများ၊ ကျန်းမာရေးနှင့် လူမှုရေးဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ကျွမ်းကျင်ပညာရှင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် NGO၊ INGO များ၊ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**




# မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် စပိန်နိုင်ငံအခြေစိုက် ပြည်သူ့ဖောင်ဒေးရှင်းတို့အကြား ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့စွမ်းရည်မြှင့်တင်ရေး ဥရောပသမဂ္ဂ(EU)နှင့် ပူးပေါင်းဆောင်ရွက်မှု ငါးနှစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် စပိန်နိုင်ငံ အခြေစိုက် ပြည်သူ့ဖောင်ဒေးရှင်းတို့အကြား ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် ရဲအရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာနှင့် FIIAPP မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်း၊ ဥရောပသမဂ္ဂသံအမတ်ကြီးနှင့် FIIAPP အမှုဆောင်ဒါရိုက်တာ Mr. Pedro Flores Urbano တို့က အမှာစကား ပြောကြားကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စား ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် မျိုးဆွေဝင်းနှင့် စပိန်နိုင်ငံ အခြေစိုက် ပြည်သူ့ဖောင်ဒေးရှင်းမှ အမှုဆောင်ဒါရိုက်တာ Mr. Pedro Flores Urbano တို့က လက်မှတ်ရေးထိုးကြသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့စွမ်းရည်မြှင့်တင်ရေးကို ဥရောပသမဂ္ဂ (EU)နှင့် ၂၀၁၃ ခုနှစ် နိုဝင်ဘာမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာအထိ ၂၄ လ စီမံချက်ရေးဆွဲ၍ ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဥရောပသမဂ္ဂ(EU)မှ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေး အထောက်အကူပြု (Support to the Reform of the Myanmar Police Force) ငါးနှစ်စီမံကိန်း(၂၀၁၆-၂၀၂၁)အား ယူရိုသန်း ၃၀ လျာထား၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့သင်တန်းကျောင်းများတွင် ခေတ်မီလုပ်ငန်း လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာ စံနှုန်းနှင့်အညီ ဥပဒေမူဘောင်များ၊ သင်ရိုးညွှန်းတမ်းများအား အဆင့်မြှင့်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်၊ ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်၊ မှုခင်းများ စုံစမ်းစစ်ဆေးခြင်း၊ လူစု လူဝေးစီမံခန့်ခွဲခြင်း၊ လူ့အခွင့်အရေးဆိုင်ရာများအား ဂရုပြုအလေးထားဆောင်ရွက်သည့် ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်အား တိုးမြှင့်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ဥပဒေမူဘောင်များ၊ မီဒီယာနှင့် လူမှုကွန်ရက်တို့ ဆောင်ရွက်မှုများအား မြှင့်တင်ခြင်းလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ FIIAPP သည် မြန်မာနိုင်ငံ၌ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များ၊ အထူးသဖြင့် **"မြန်မာနိုင်ငံရဲတပ်ဖွဲ့စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ကူညီထောက်ပံ့ခြင်း"**ကို ကဏ္ဍတစ်ခုချင်းအလိုက် အသေးစိတ်အစီအမံများ ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ်(၃၅)အား စီရင်ချက်(အမိန့်)ချမှတ်

**နေပြည်တော် အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးသက်ထွန်း(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ) က ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစည်သူလွင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)ရရှိသော ခိုင်လုံမဲ၊ ပယ်မဲများအား ပြန်လည်စိစစ်ရေတွက်ပေးပါရန်နှင့် လျှောက်ထားခံရသူ ရရှိသော မဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသော မဲများမပါရှိခဲ့သော် ခိုင်လုံမဲအများဆုံးရရှိသူ လျှောက်ထားသူအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာပေးပါရန် ကန့်ကွက်လွှာတင်သွင်းထားမှုကို ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ်(၃၅/၂၀၁၅)ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လက်ခံခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးထွန်းခင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ခုံအဖွဲ့ဝင်များအဖြစ် ဦးတင်မြင့်နှင့် ဦးမောင်မောင်လေးမြင့်တို့ ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့(၃) က ကြားနာစစ်ဆေးပြီးနောက် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် လျှောက်ထားသူ ဦးသက်ထွန်းသည် တောင်းဆိုသည့် သက်သာခွင့်ကိုရထိုက်သည်မဟုတ်၍ လျှောက်ထားသူ၏ ရွေးကောက်ပွဲကန့်ကွက် လျှောက်ထားလွှာအမှုအား စရိတ်နှင့်တကွ ပလပ်ကြောင်းဆုံးဖြတ်ပြီး အမှုစရိတ်ငွေကျပ် နှစ်သိန်းတိတိကို လျှောက်ထားသူမှ လျှောက်ထားခံရသူအားပေးစေသည့် စီရင်ချက်(အမိန့်) ချမှတ်ခဲ့ကြောင်း သိရှိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲခုံရုံးများမှ ဆုံးဖြတ်ချက် (အမိန့်)ချမှတ်ပြီးသော ရွေးကောက်ပွဲကန့်ကွက်လွှာအမှုပေါင်းမှာ အောက်တိုဘာ ၂၁ ရက်အထိ ၃၉ မှု ရှိပြီး အပြီးသတ်အမိန့်ချမှတ်ပြီး နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာခဲ့သော အမှုပေါင်းမှာ ၂၇ မှု ရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၁**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# လျှပ်စစ်ဓာတ်အားယာယီပြတ်တောက်မည်ဖြစ်ကြောင်း အများပြည်သူသို့အသိပေးပန်ကြား

**ရန်ကုန် အောက်တိုဘာ ၂၁**

ယခုမိုးရာသီကာလအတွင်း မီးသုံးသူပြည်သူများ ဓာတ်လိုက်မှုအန္တရာယ်ကင်းဝေးစေရေးအတွက် ရှုပ်ထွေး Service ဝိုင်ယာကြိုးများရှင်းလင်းခြင်း၊ လျှပ်စစ်အန္တရာယ်လုံခြုံစိတ်ချရသော လျှပ်ကာဓာတ်အားလိုင်းကြိုးများဖြင့် လဲလှယ်တပ်ဆင်ခြင်း၊ လျှပ်စစ်ဓာတ်ကြိုးများနှင့် မလွတ်ကင်းသောသစ်ပင်သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို "ပြည်သူပါဝင်သော လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက်" အနေဖြင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့တိုင်း ဆောင်ရွက်လျက်ရှိသည်။

၂၂-၁၀-၂၀၁၆ရက်နေ့တွင် ဒဂုံအရှေ့၊ ဒဂုံမြောက်၊ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ ဒေါပုံ၊ ဗိုလ်တထောင်၊ မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်၊ ဗဟန်း၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ အလုံ၊ ခရမ်း၊ သုံးခွ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ထောက်ကြန့်၊ လှိုင်သာယာ၊ ရွှေပြည်သာမြို့နယ်များ၏ရပ်ကွက် အချို့ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင်နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်သည်။

၂၃-၁၀-၂၀၁၆ ရက်နေ့တွင်ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်း၊ ကမာရွတ်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာမြို့နယ်များ၏ ရပ်ကွက်အချို့ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# တာဝန်ယူမှုနှင့် တာဝန်ခံမှု (Responsibility and Accountability)

**မောင်စာဂ**

**တရားဥပဒေစိုးမိုးဖို့ဆိုလျှင်**

တာဝန်ယူမှုနှင့် တာဝန်ခံမှုတို့ရှိခြင်းသည် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သည်ဟုဆိုလျှင် မှားအံ့မထင်၊ အဘယ်ကြောင့်ပါနည်း။

နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံတော်အချုပ်အခြာအာဏာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတည်းဟူသော အချုပ်အခြာအာဏာကြီးသုံးရပ်ထားရှိပြီး ကျင့်သုံးရသည်။ တစ်နည်းအားဖြင့် ဥပဒေပြုရေးယန္တရား၊ အုပ်ချုပ်ရေးယန္တရား၊ တရားစီရင်ရေး ယန္တရားဆိုသည့် ယန္တရားကြီးသုံးရပ်ထားရှိပြီး စီမံခန့်ခွဲခြင်း၊ အုပ်ချုပ်ခြင်းများ ပြုရသည်။ ထိုသို့ပြုနိုင်ရန် ပြဋ္ဌာန်းရသည့် ဥပဒေမှာ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ယင်းယန္တရားကြီးသုံးရပ်ကို မည်ကဲ့သို့စီမံခန့်ခွဲမည်။ မည်ကဲ့သို့ကျင့်သုံးမည်ကို ပြဋ္ဌာန်းရသည်။

**ယန္တရားကြီးများလည်ပတ်နေပုံ**

နိုင်ငံတော်ယန္တရားကြီးသုံးရပ် လည်ပတ်နေခြင်းသည် စက်ယန္တရားကြီးတစ်ခုကဲ့သို့ လည်ပတ်နေခြင်းမျိုးမဟုတ်။ ယန္တရားကြီးသုံးရပ်စလုံးတွင် လိုအပ်သောဝန်ထမ်းအင်အားများကို အဆင့်ဆင့်ဖွဲ့စည်းခြင်း၊ ခန့်ထားခြင်းပြုရသည်။ သူတို့၏လုပ်ပိုင်ခွင့်များ၊ တာဝန်များကို သတ်မှတ်ပြဋ္ဌာန်းပေးရသည်။ ယင်းဝန်ထမ်းအားလုံးက မိမိတို့ကိုခန့်အပ်တာဝန်ပေးရောက်ရှိနေကြသော ရာထူးအရ၊ ရာထူးအလိုက်၊ အဆင့်အလိုက်၊ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ကျင့်သုံးဆောင်ရွက် လုပ်ကိုင်ကြခြင်းဖြင့် ယန္တရားကြီးများ လည်ပတ်နေခြင်းဖြစ်သည်။

**တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန် လိုအပ်ခြင်း**

ယန္တရားကြီးများ ဟန်ချက်ညီညီ ပုံမှန်လည်ပတ်နေစေရေးမှသည် ပိုမိုတိုးတက်ကောင်းမွန်စွာ လည်ပတ်စေရေးအတွက် အဆင့်ဆင့်သောဝန်ထမ်းများသည် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာကြဖို့လိုသည်။ မိမိတို့၏ လုပ်ငန်းဆိုင်ရာ အတတ်ပညာများကို ကျွမ်းကျွမ်းကျင်ကျင် သိရှိတတ်မြောက်ထားကြဖို့လိုသည်။ ထို့ထက်ပို၍ အဓိကအရေးကြီးသည့် လိုအပ်ချက်သည်ကား တာဝန်ယူမှုနှင့် တာဝန်ခံမှုတို့ ရှိကြရန်ဖြစ်သည်။

**တာဝန်ယူမှု (Responsibility) ဆိုသည်မှာ**

တာဝန်ယူမှုဆိုသည်ကား အောက်ခြေအဆင့်ဝန်ထမ်းမှစ၍ ဗဟိုအဆင့်အထိ ဝန်ထမ်းအကြီးအကဲများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ တစ်ဦးစီတစ်ဦးစီသည် မိမိတို့၏ လုပ်ဆောင်ချက်၊ ဆောင်ရွက်ချက်အသီးသီးအပေါ်တွင် တာဝန်ယူရခြင်း၊ တာဝန်ယူနိုင်ခြင်း၊ တာဝန်ယူရဲခြင်းပင်ဖြစ်သည်။ အကယ်၍ ထိုဝန်ထမ်း၊ ထိုပုဂ္ဂိုလ်သည် အဆင့်အလိုက်၊ ရာထူးအလိုက်၊ ကြီးကြပ်အုပ်ချုပ်ရသည့် ခေါင်းဆောင် သို့မဟုတ် အကြီးအကဲတစ်ဦးဖြစ်ခဲ့သော် မိမိကိုယ်တိုင်၏ လုပ်ဆောင်ချက်၊ ဆောင်ရွက်ချက်အပေါ် တာဝန်ယူရခြင်း၊ တာဝန်ယူနိုင်ခြင်း၊ တာဝန်ယူရဲခြင်း ရှိရမည့်အပြင် မိမိ၏အောက်လက်ဝန်ထမ်းများ၏ လုပ်ဆောင်ချက်၊ ဆောင်ရွက်ချက်များကိုလည်း တာဝန်ယူရမည်။ တာဝန်ယူနိုင်ရမည်။ တာဝန်ယူရဲရမည်။ ဤသည်မှာ တာဝန်ယူမှု၏ အဓိက သွင်ပြင်လက္ခဏာများဖြစ်သည်။

**တာဝန်ခံမှု (Accountability) ဆိုသည်မှာ**

တာဝန်ခံမှုဆိုသည်ကား အောက်ခြေအဆင့်ဝန်ထမ်းမှစ၍ ဗဟိုအဆင့်အထိ ဝန်ထမ်းအကြီးအကဲများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ တစ်ဦးစီတစ်ဦးစီသည် မိမိတို့ တစ်ဦးချင်းစီနှင့် မိမိဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်ချက်အသီးသီးအပေါ်တွင် ကိုယ်တိုင်တာဝန်ယူရခြင်း၊ တာဝန်ယူနိုင်ခြင်း၊ တာဝန်ယူရဲခြင်းရှိရမည့်အပြင် မိမိကိုကြီးကြပ်အုပ်ချုပ်သည့် ခေါင်းဆောင် သို့မဟုတ် အကြီးအကဲကိုလည်း တာဝန်ခံရမည်။ တာဝန်ခံနိုင်ရမည်။ တာဝန်ခံရဲရမည်။ အကယ်၍ ထိုဝန်ထမ်း၊ ထိုပုဂ္ဂိုလ်သည် အဆင့်အလိုက်၊ ရာထူးအလိုက်၊ ကြီးကြပ်အုပ်ချုပ်ရသည့် ခေါင်းဆောင် သို့မဟုတ် အကြီးအကဲတစ်ဦးဖြစ်ခဲ့သော် မိမိ၏လုပ်ငန်းဆောင်ရွက်ချက်အသီးသီးအပေါ်တွင် ကိုယ်တိုင်တာဝန်ခံခြင်း၊ တာဝန်ခံနိုင်ခြင်း၊ တာဝန်ခံရဲခြင်းရှိရမည့်အပြင် ကြီးကြပ်အုပ်ချုပ်သည့် အဆင့်ဆင့်သောခေါင်းဆောင် သို့မဟုတ် အကြီးအကဲများကိုလည်း တာဝန်ခံရမည်၊ တာဝန်ခံနိုင်ရမည်၊ တာဝန်ခံရဲရမည်။ ဤသည်မှာ တာဝန်ခံမှု၏ အဓိကသွင်ပြင်လက္ခဏာများဖြစ်သည်။

**တာဝန်ယူမှု၊ တာဝန်ခံမှုကင်းမဲ့လေသော်**

မည်သည့်ဌာန၊ အဖွဲ့အစည်းတွင်မဆို ဝန်ထမ်းများနှင့် ကြီးကြပ်သူများ သို့မဟုတ် ခေါင်းဆောင်လုပ်သူများ အသီးသီးတို့က တာဝန်ယူမှု၊ တာဝန်ခံမှုမရှိကြသည့်အခါ သို့မဟုတ် တာဝန်ယူမှု၊ တာဝန်ခံမှုကင်းမဲ့သည့်အခါ ယန္တရားကြီးများလည်ပတ်မှု ပုံမှန်မဖြစ်တော့၊ ဟန်ချက်မညီတော့၊ တရားဥပဒေစိုးမိုးရေး ပျက်ပြားရတော့သည်။ ထိခိုက်ရတော့သည်။

**တာဝန်ယူမှု၊ တာဝန်ခံမှုကို ရှောင်လွှဲကြသောအခါ**

အကြီးအကဲ သို့မဟုတ် ခေါင်းဆောင်လုပ်သူတို့သည် တာဝန်မယူလိုကြ၊ တာဝန်မခံလိုကြ၊ တာဝန်ယူရမှာ၊ တာဝန်ခံရမှာကိုကြောက်သည်။ နည်းအမျိုးမျိုးဖြင့် ရှောင်လွှဲကြသည်။ ဤသို့ဆိုလျှင် လက်အောက်ဝန်ထမ်းများ မလုပ်ရဲမကိုင်ရဲဖြစ်ရတော့သည်။ ပြစ်မှုကျူးလွန်သူဖြစ်ပါလျက် မဖမ်းရဲ၊ မဆီးရဲ။ အထက်အမိန့်ကို ယူရသည်။ အပြစ်ရှိပါလျက် အပြစ်မပေးရဲ၊ အထက်အမိန့်ကို ယူရသည်။ အပြစ်ရှိသူကိုဥပဒေအရ သတ်မှတ်ထားသည့်အတိုင်း ထောင်ဒဏ်ချမှတ်ရမည်ဖြစ်သော်လည်း ဘယ်နှစ်ဘယ်မျှ ထောင်ဒဏ်ချမှတ်ရမည်ကို မချမှတ်ရဲ၊ အထက်အမိန့်ယူနေရသည်။ လမ်းဘေးပလက်ဖောင်းပေါ် တရားမဝင် ဈေးရောင်းနေပါသော်လည်း မဖမ်းရဲ၊ မဆီးရဲ။ တရားမဝင်သစ်တွေ သယ်ဆောင်လာသည်ကို တွေ့ရှိပါလျက် မဖမ်းရဲ၊ မဆီးရဲ။ လောင်းကစားအိမ်တွေ၊ ပြည့်တန်ဆာခန်းတွေ တည်ထောင်ထားမှန်းသိလျက်နှင့် မဖမ်းရဲ၊ မဆီးရဲ။ အထက်အမိန့်ကို ယူရသေးသည်။ ဤသည်မှာ သာဓကအချို့သာဖြစ်သည်။ အထက်အဆင့်ဆင့်၏ အမိန့်မရရှိက မလုပ်ရဲ၊ မကိုင်ရဲ။ အထက်အဆင့်ဆင့်၏ အမိန့်ရမှလုပ်ရဲကိုင်ရဲသည်။ ဤအခြေအနေသည် တာဝန်ယူမှု၊ တာဝန်ခံမှု ဆိတ်သုဉ်းနေရခြင်း၏ ပြယုဂ်တစ်ခုဖြစ်သည်။

> **လမ်းဘေးပလက်ဖောင်းပေါ် တရားမဝင်ဈေးရောင်းနေပါသော်လည်း မဖမ်းရဲ၊ မဆီးရဲ၊ တရားမဝင်သစ်တွေ သယ်ဆောင်လာသည်ကို တွေ့ရှိပါလျက် မဖမ်းရဲ၊ မဆီးရဲ၊ လောင်းကစားအိမ်တွေ၊ ပြည့်တန်ဆာခန်းတွေ တည်ထောင်ထားမှန်းသိလျက်နှင့် မဖမ်းရဲ၊ မဆီးရဲ၊ အထက်အမိန့်ကို ယူရသေးသည်။**

**ကောင်းလျှင်ငါ့ကြောင့်၊ မကောင်းလျှင်သူ့ကြောင့် ဆိုရိုးစကား**

လက်အောက်ဝန်ထမ်း၏ လုပ်ဆောင်ချက်မှန်ကန်၍ ဂုဏ်ပြုထိုက်သည့် အခြေအနေမျိုးတွင် လက်အောက်ဝန်ထမ်း၏ စွမ်းဆောင်ချက်ကို အသိအမှတ်မပြု ဘေးဖယ်ကာ ငါ့ကြောင့်သာဟူ၍ နာမည်ယူကြွားဝါတတ်သည့် ခေါင်းဆောင်များ၊ အကြီးအကဲများ တွေ့ဖူးသည်။ မလွှဲမရှောင်သာ လက်အောက်ဝန်ထမ်း၏ လုပ်ဆောင်ချက် အပြစ်ဖြစ်လာသည့်အခါ မိမိက တာဝန်ယူမပေး၊ လက်အောက်ဝန်ထမ်းအပေါ် လုံးလုံးလျားလျား အပြစ်ပုံချကာ အရေးယူတတ်သည့် ခေါင်းဆောင်မျိုးလည်း ကြုံဖူးသည်။ မနည်းလှပေ။ "ကောင်းလျှင်ငါ့ကြောင့်၊ မကောင်းလျှင်သူ့ကြောင့်" ဆိုရိုးစကား တွင်တွင်ကျယ်ကျယ် ဖြစ်ပေါ်ခဲ့ဖူးသည်။

**တာဝန်ယူမှု၊ တာဝန်ခံမှုရှိကြသောအခါ**

ဝန်ထမ်းများ တာဝန်ယူတတ်မှု၊ တာဝန်ခံတတ်မှု ဖြစ်ထွန်းစေဖို့ဆိုလျှင် အဆင့်အလိုက်၊ ရာထူးအလိုက်ကြီးကြပ်သည့် အကြီးအကဲ၊ ခေါင်းဆောင်အဆင့်ဆင့်တို့တွင် အဓိကတာဝန်ရှိပေသည်။ အဆင့်ဆင့်သောအကြီးအကဲများ၊ ခေါင်းဆောင်များသည် မိမိတို့ကိုယ်တိုင်က တာဝန်ယူမှု၊ တာဝန်ခံမှုကို ပြည့်ပြည့်ဝဝ ကျင့်သုံးကြမည်ဆိုလျှင် လက်အောက်ဝန်ထမ်းများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုဆိုသည်မှာလည်း ဆိုဖွယ်ရာမရှိဖြစ်ထွန်းနေမည်။ လက်အောက်ဝန်ထမ်းများ လုပ်ရဲကိုင်ရဲရှိလာကြမည်။ တာဝန်ကိုတာဝန်ဟု သိလာမြင်လာကြမည်။ တာဝန်ရှိသည့်အတိုင်း တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်လာကြမည်။ တာဝန်သိမှု၊ တာဝန်ရှိမှုမှ တာဝန်ယူမှု၊ တာဝန်ခံမှု အားကောင်းလာခြင်းဖြင့် ဝန်ထမ်းများ၏ လုပ်ဆောင်ချက်၊ ဆောင်ရွက်ချက်များ သွက်လက်လာမည်။ လျင်မြန်လာမည်။ စွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာမည်မလွဲပေ။

**တာဝန်ဆိုသည်မှာ**

တာဝန်ယူရမည်၊ တာဝန်ခံရမည်ဟုဆိုရာတွင် တာဝန်ဆိုသည်မှာ အဘယ်နည်း။ မိမိတွင် မည်သို့တာဝန်ရှိသနည်း။ မိမိ၏ တာဝန်တွေက ဘာတွေလဲ။ မိမိ၏တာဝန်သည် ဘယ်လောက်ထိ ကျယ်ပြန့်သလဲ။ ဘယ်လောက်ထိ လေးနက်သလဲ။ မည်ကဲ့သို့ အသွင်ဆောင်နေသလဲ။ ဤသည်တို့ကို အဆင့်ဆင့်သော ဝန်ထမ်းများ၊ အကြီးအကဲခေါင်းဆောင်တို့က သေသေချာချာ ရှင်းရှင်းလင်းလင်း သိရှိနားလည်သဘောပေါက်ထားကြဖို့ လိုအပ်သည်။ တာဝန်၏ သဘော၊ တာဝန်၏ သဘာဝ၊ တာဝန်၏အနှစ်ကို သိရှိမှတာဝန်ယူမှု၊ တာဝန်ခံမှုတို့၏အပိုင်းကို လိုက်နာကျင့်သုံးနိုင်ကြပေလိမ့်မည်။ တာဝန်သည် တာဝန်ပဲဖြစ်သည်။ တာဝန်ရှိသည့်အတိုင်း ဆောင်ရွက်ကြဖို့၊ လုပ်ဆောင်ကြဖို့ တာဝန်သည်တာဝန်ပဲဖြစ်ပေသည်။

**တာဝန်ရှိမှုနှင့် ပြစ်မှုကြောင်းဖြစ်မှုမတူပါ**

တာဝန်ကို အောင်မြင်အောင် မဆောင်ရွက်နိုင်ခြင်း၊ တာဝန်ကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ တာဝန်ကို လွဲမှားစွာဆောင်ရွက်ခြင်း၊ တာဝန်ကိုမဆောင်ရွက်ခြင်းကြောင့် ဆိုးကျိုးများဖြစ်ပေါ်ခြင်း၊ တာဝန်ကိုဆောင်ရွက်ခြင်းကြောင့် ဆိုးကျိုးများဖြစ်ပေါ်ခြင်း၊ လုပ်ပိုင်ခွင့်မရှိသော တာဝန်ကိုလုပ်ဆောင်ခြင်း၊ လုပ်ပိုင်ခွင့်ရှိသော တာဝန်ထက်ကျော်လွန်ဆောင်ရွက်ခြင်း၊ သို့မဟုတ် တာဝန်အတိုင်းတိကျစွာ မလုပ်ဆောင်ခြင်း၊ ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ မဆောင်ရွက်ခြင်း စသည်တို့ဖြစ်ပေါ်လျှင် တာဝန်ရှိမှုဖြစ်လာသည်။ ထိုသို့သော အခြေအနေမျိုးတွင် သဘောရိုးဖြင့်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ရည်ရွယ်ချက်ဖြင့် တမင်ဆောင်ရွက်ခြင်းမဟုတ်ပါ။ လက်အောက်ဝန်ထမ်းများ ဆောင်ရွက်သည်ကို မိမိမသိရှိလိုက်ပါ။ မိမိစေခိုင်းခြင်းမရှိပါ။ မိမိကိုလည်း တင်ပြခြင်း၊ အသိပေးခြင်းမရှိပါ။ စသည် စသည် အကြောင်းပြချက်များဖြင့် မိမိတွင်တာဝန်မရှိဟု ငြင်းဆို၍မရပါ။ ယင်းသို့ဆောင်ရွက်ချက်သည် ပြစ်မှုကြောင်းဖြစ်ချင်မှ ဖြစ်နိုင်ပေမည်။ သို့သော် တာဝန်ရှိမှုဖြစ်သည်မှာ အထင်အရှားပင်၊ မငြင်းဆိုသာပါ။ တာဝန်ရှိမှုဖြစ်တိုင်း ပြစ်မှုကြောင်းဖြစ်သည်မဟုတ်။

အကယ်၍ အဆိုပါ ဆောင်ရွက်မှုများတွင် မရိုးမသားပြုမှုဆောင်ရွက်ခြင်း၊ ရည်ရွယ်ချက်ဖြင့် တမင်ဆောင်ရွက်ခြင်း၊ ကိုယ်ကျိုး အလွဲသုံးစားပြုခြင်း၊ ရာဇဝတ်မကင်းသော အကြံရှိခြင်း၊ ရာဇဝတ်မကင်းသော အနိုင်အထက်ပြုခြင်း စသည်စသည် ပြစ်မှုကြောင်း အင်္ဂါရပ်များနှင့် အကျုံးဝင် သက်ဆိုင်နေပါက ထိုသို့သော ပြုမှုဆောင်ရွက်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းများသည် ပြစ်မှုကြောင်းအထိ ဖြစ်သွားနိုင်ပေလိမ့်မည်။ ပြစ်မှုသည် ပြစ်မှုပင်ဖြစ်သည်။ ပြစ်မှုကြောင်းဖြစ်မှ တာဝန်ရှိမှုဖြစ်သည်မဟုတ်။

ဤသို့ဖြင့် တာဝန်ရှိမှုဖြစ်ခြင်းနှင့် ပြစ်မှုကြောင်းဖြစ်ခြင်းတို့ကို ကွဲကွဲပြားပြား သိရှိနားလည်ထားကြရန် လိုအပ်သည်။ သတိချပ်သင့်ကြသည်။ ဆင်ခြင်တွေးတော ကြည့်ကြပါ။

**တာဝန်ရှိမှုဖြစ်လာသည့်အခါ**

တာဝန်ရှိမှုဖြစ်လာသည့်အခါ တာဝန်ရှိသူတွေ မည်ကဲ့သို့ ဆောင်ရွက်ကြပါသနည်း။ ဤတွင် နိုင်ငံတကာအတွေ့အကြုံများနှင့် ယှဉ်၍ပြောပါမည်။ အကြောင်းမရှိဘဲ လျှပ်စစ်မီးများပြတ်တောက်သွားသည့်အခါ၊ သင်္ဘောများနစ်မြုပ်မှု ဖြစ်ရသည့်အခါ၊ လေယာဉ်ပျံပျက်ကျ၍ ခရီးသည်အမြောက်အမြားသေဆုံးသည့်အခါ၊ ရထားတွဲကြီး စင်းလုံးတိမ်းမှောက်သွားရသည့်အခါ၊ ရာဇဝတ်မှုတွေ ထူပြောလာသည့်အခါ၊ ထိုထိုသောအခြေအနေများတွင် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူအဆင့်ဆင့်နှင့် အကြီးအကဲများအထိသည်ပင်လျှင် တာဝန်ရှိသူသည် မည်ကဲ့သို့မျှဆင်ခြေပေးခြင်းမရှိ။ မိမိတွင် တာဝန်ရှိသည်ဟုဆိုကာ လက်ရှိရာထူးတာဝန်မှ နုတ်ထွက်သွားတတ်ကြသည်။ ဤသည်ကို မကြာခဏကြားသိနေရသည်။ သတင်းများတွင်မြင်တွေ့ဖတ်ရှုနေရသည်။

မကြာသေးမီကလေးကပင် ဗြိတိန်နိုင်ငံသည် အီးယူမှထွက်ရေးနှင့် အီးယူတွင်ဆက်လက်ပါဝင်ရေး၊ လူထုသဘောထားကောက်ယူမှု ဖြစ်စဉ်ကိုကြုံခဲ့ရသည်။ အစိုးရနှင့် ဝန်ကြီးချုပ်က အီးယူထဲ ဆက်နေချင်၏။ သို့သော် ပါလီမန်ထဲမှအမတ်များက နေချင်သူများရှိသလို မနေချင်သူများလည်းရှိသည်။ ပြည်သူအများစုက အီးယူထဲဆက်မနေလိုသောသူများရှိသည်။ ပြည်သူအများစုက အီးယူထဲဆက်မနေလိုသောကြောင့် ပြည်သူ့ဆန္ဒအရ အီးယူမှနုတ်ထွက်ရေးမှာ အနိုင်ရသွားသည်။ ထိုအခါ ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းက ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်စာတင်သည်။ သူ့အစိုးရအဖွဲ့လည်း နုတ်ထွက်ပေးသည်။ သူတို့မနုတ်ထွက်ပေးလည်းရသည်။ ဘာမှမဖြစ်၊ သို့သော် တာဝန်ကိုသိနားလည်၏။ ပြည်သူတို့၏ ဆန္ဒသဘောထားကို အလေးထား၏။ သူတို့၏ ဂုဏ်သိက္ခာကိုတန်ဖိုးထား၏။ အတုယူဖွယ်၊ စံပြုဖွယ် ကောင်းလှပါပေတကား။

**တာဝန်ကိုတာဝန်ဟု သိနိုင်မြင်နိုင်ကြပါစေ**

အိမ်ထောင်တစ်စု၊ မိသားစုတစ်ခုတွင်ပင် အိမ်ထောင်စုဝင်၊ မိသားစုဝင်တစ်ဦးချင်းစီ တာဝန်ရှိကြသည်။ အိမ်ထောင်စုလိုက်၊ မိသားစုလိုက် တာဝန်ရှိကြသည်။ အိမ်ထောင်ဦးစီးတာဝန်၊ အိမ်ထောင်ရှင်မတာဝန်၊ သားတာဝန်၊ သမီးတာဝန် အသီးသီး မကင်းနိုင်ကြပေ။ လူ့အဖွဲ့အစည်းတွင်လည်း အလားတူ ခေါင်းဆောင်တာဝန်၊ နောက်လိုက်တာဝန်ရှိကြသည်။ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း တာဝန်သိပြီးတာဝန်ကျေမှ ထိုအိမ်ထောင်၊ ထိုမိသားစု၊ ထိုအဖွဲ့အစည်း အေးချမ်းတည်ငြိမ်၊ ဖွံ့ဖြိုး တိုးတက်မည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် ဦးဆောင်ဦးရွက်ပြုနေသူများသာမက ပြည်သူပြည်သားအားလုံးသည်လည်း တာဝန်ကိုယ်စီရှိကြသည်။

ယန္တရားကြီးများတစ်ခုစီတွင် တာဝန်ထမ်းဆောင်နေကြရသော အဆင့်ဆင့်သောဝန်ထမ်းများ၊ ကြီးကြပ်အုပ်ချုပ်သော ခေါင်းဆောင်များ၊ အကြီးအကဲများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်သတ်မှတ်မှတ် ပြဋ္ဌာန်းပေးထားပြီးဖြစ်သည်။ ကိုယ်စီထမ်းဆောင်ရမည့် တာဝန်ရှိသည်။ စုပေါင်းထမ်းဆောင်ရမည့် တာဝန်ရှိသည်။ တာဝန်ကိုတာဝန်ဟု သိရှိဖို့လိုအပ်သည်။ တာဝန်ကိုတာဝန်ဟုသိရှိမှသာလျှင် တာဝန်ယူမှု၊ တာဝန်ခံမှုများသည်လည်း ဖြစ်ထွန်းနေမည်။ ယန္တရားကြီး တစ်ခုတွင် အဆင့်ဆင့်တာဝန်ရှိသူတို့က တာဝန်ယူမှု၊ တာဝန်ခံမှုများ ပြည့်ပြည့်ဝဝ ကျင့်သုံးဆောင်ရွက်နိုင်မည်ဆိုလျှင် ထိုယန္တရားကြီး၏ဒေါက်တိုင်များ တောင့်တင်းခိုင်မာစွာ အားကောင်းနေပေလိမ့်မည်။ ယန္တရားကြီးတစ်ခုစီ၏ဒေါက်တိုင်များ တောင့်တင်းခိုင်မာနေမည်ဆိုလျှင် ယန္တရားကြီးများ ပုံမှန်လည်ပတ်နိုင်ပေမည်။ ဟန်ချက်ညီညီ လည်ပတ်နိုင်ပေမည်။ သွက်လက်လျင်မြန်စွာ လည်ပတ်နိုင်ပေမည်။ နိုင်ငံတော်ကြီး အေးချမ်းသာယာ တည်ငြိမ်မည်။ တိုးတက်ဖွံ့ဖြိုးမည်။ တရားဥပဒေစိုးမိုးမှု ဖြစ်ထွန်းနေမည်သာ ဖြစ်ပေသည်။

တာဝန်ကို တာဝန်ဟု သိနိုင်မြင်နိုင်ကြပါစေ။

တာဝန်သိမှု၊ တာဝန်ရှိမှုတွင် တာဝန်ယူမှု၊ တာဝန်ခံမှု ပြည့်ပြည့်ဝဝကျင့်သုံးနိုင်ကြပါစေ။ ။

# ဂျပန်အစိုးရက မြန်မာနိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား အလည်အပတ်ခရီးလာရောက်ရန် ဖိတ်ကြား

**တိုကျို အောက်တိုဘာ ၂၁**

ဂျပန်အစိုးရသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံသို့လာရောက်ရန်ဖိတ်ကြားခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဂျပန်အစိုးရက ၎င်းအနေဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နိုဝင်ဘာ ၁ ရက်မှစ၍ ငါးရက်ကြာ အလည်အပတ်ခရီးစဉ်လာရောက်ရန် ဖိတ်ကြားမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၁ ရက်က ကြေညာခဲ့သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်ဘုရင် အာကီဟီတို၊ မိဖုရားမီချီကိုနှင့် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အလည်အပတ်ခရီးစဉ်သည် ဂျပန်နှင့်မြန်မာ နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုများ တိုးမြှင့်စေမည်ဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# တရားမဝင်လက်နက်ကင်းစင်သော နိုင်ငံဖြစ်ရေး ဂျိုဟန်နက်စ်ဘတ်၌ လက်နက်ပေါင်း ၂၂၉၉၉ လက် ဖျက်ဆီး

**ဂျိုဟန်နက်စ်ဘတ် အောက်တိုဘာ ၂၁**




တောင်အာဖရိကရဲများသည် အောက်တိုဘာ ၂၀ ရက်တွင် ဂျိုဟန်နစ္စဘတ္ဂ်၌ လက်နက်ပေါင်း ၂၂၉၉၉ လက် ဖျက်ဆီးခဲ့ကြောင်း အောက်တိုဘာ ၂၁ ရက်က ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ယင်းလက်နက်များမှာ နိုင်ငံတစ်ဝန်းပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်များဖြစ်ကြောင်း သိရသည်။

လက်နက်များကို မကောင်းသူများလက်ထဲမရောက်ရေးနှင့် ပြစ်မှုများ မကျူးလွန်ရေးတို့အတွက် ဖျက်ဆီးမှုများပြုလုပ်ခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောခဲ့သည်။

ဖျက်ဆီးလိုက်သော လက်နက်များတွင် အနီးပစ်သေနတ်များ၊ ခြောက်လုံးပြူးများ၊ ပစ္စတိုများနှင့် ရိုင်ဖယ်များပါဝင်သည်။

ထို့အပြင် ရဲများ၏ အသုံးပြု၍မရသော လက်နက် ၃၁၅၆ လက် ဖျက်ဆီးခဲ့ကြောင်း သိရသည်။

လက်နက်များ ဖျက်ဆီးခြင်းသည် ပြည်သူများ အေးချမ်းလုံခြုံစွာနေထိုင်နိုင်ရေးနှင့် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေသည်။ လူ့အသိုင်းအဝိုင်းနှင့် ပူးပေါင်းပြီး တရားမဝင်လက်နက်များ ကင်းစင်ရေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ခေတ္တရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခိုမိုဆိုဖာလင်းက ပြောခဲ့သည်။

ထို့အပြင် ငါးနှစ်တစ်ကြိမ် အသစ်ထုတ်ပြန်သော လက်နက်ပိုင်ဆိုင်ခွင့် ဥပဒေများကိုလည်းလိုက်နာရန် ၎င်းက တိုက်တွန်းပြောကြားလိုက်သည်။

**(ဆင်ဟွာ)**

# အိန္ဒိယ၌ လူသားစားခဲ့သည့်ကျားမကို ခြောက်ပတ်ကြာရှာဖွေပြီးနောက် အသေပစ်သတ်ဖမ်းဆီး

**နယူးဒေလီ အောက်တိုဘာ ၂၁**



အမျိုးသားတစ်ဦးအား ကိုက်သတ်စားသောက်လိုက်သည့် ကျားမကို ရက်သတ္တပတ် ခြောက်ပတ်ကြာအောင် အပြင်းအထန် ရှာဖွေပြီးသည့်နောက်တွင် အသေပစ်သတ်လိုက်ရကြောင်း အိန္ဒိယတောရိုင်းတိရစ္ဆာန် အာဏာပိုင်များကပြောကြားခဲ့သည်။

အဆိုပါကျားမသည် လူနှစ်ဦးကို ကိုက်သတ်ခဲ့ပြီး ဥတ္တရာခန်မြောက်ပိုင်းရှိ လူငါးဦးကို ဒဏ်ရာရရှိစေခဲ့ကြောင်း သိရသည်။ ကျားမသည် စိုက်ခင်းဧရိယာများအနီး မကြာခဏလာရောက်ခဲ့သည့်အတွက် လယ်သမားများမှာ ၎င်းတို့ လယ်ယာမြေများသို့သွားကာ ကောက်ပဲသီးနှံများရိတ်သိမ်းရန် အလွန်အမင်း ကြောက်ရွံ့ထိတ်လန့်ခဲ့ကြသည်။

အိန္ဒိယသည် ကမ္ဘာပေါ်ရှိအကြီးဆုံး ကျားမျိုးစိတ်များ ခိုလှုံကျက်စားရာနေရာဖြစ်သည်။ ကျားမသည် အလွန်အန္တရာယ် ကြီးမားလာသည့်အတွက် ယင်းအားသတ်ရန် ညွှန်ကြားချက်ရရှိခဲ့ကြောင်း ဥတ္တရာခန်သစ်တောဌာနမှ အာဏာပိုင်တစ်ဦးက ဘီဘီစီသို့ ပြောကြားခဲ့သည်။

အဆိုပါကျားမကို ကြာသပတေးနေ့နံနက်တွင် တွေ့ရှိကာ ပစ်သတ်ခဲ့ကြောင်း သိရသည်။

ရွာသားများကကျားသေဆုံးမှုအတွက် မီးရှူးမီးပန်းများပစ်ဖောက်ကာ အောင်ပွဲခံခဲ့ကြောင်း သတင်းထောက်များက ပြောကြားခဲ့သည်။ **(ဘီဘီစီ)**

# ဒုက္ခသည် ၁၂၁ ဦး လိုက်ပါလာသည့် လော်ရီကားတစ်စီး မက္ကဆီကိုအာဏာပိုင်များ ထိန်းသိမ်း

**မက္ကဆီကို အောက်တိုဘာ ၂၁**

အမေရိကန်သို့ ခိုး၍ဝင်ရောက်ရန် အမေရိကအလယ်ပိုင်းမှ ရွှေ့ပြောင်း သွားလာသူ ၁၂၁ ဦးကို တင်ဆောင်လာသည့် လော်ရီကားတစ်စီးကို မက္ကဆီကို အာဏာပိုင်များက ရပ်တန့်စစ်ဆေးကာထိန်းသိမ်းထားခဲ့ကြောင်း သိရသည်။

တောင်ပိုင်း တာဘာစကိုဒေသရှိ စစ်ဆေးရေးဂိတ်မှရဲများသည် လော်ရီကားတစ်စီးပေါ်မှ ကလေးငိုသံများနှင့် အကူအညီတောင်းသံများကိုကြားလိုက်ရပြီးနောက် အဆိုပါဒုက္ခသည်များအားတွေ့မြင်လိုက်ရကြောင်း ပြောကြားခဲ့သည်။

ကားပေါ်လိုက်ပါလာသည့် မိုင်းတွင်းအလုပ်သမား ၅၅ ဦး အပါအဝင် ဒုက္ခသည် အများစုမှာ ရေငတ်သည့်ဝေဒနာကို ဆိုးဆိုးရွားရွားခံစားနေရကြောင်း သိရသည်။ ဒုက္ခသည်အများစုသည် ဟွန်ဒူးရပ်စ်၊ ဂွါတီမာလာနှင့် အီကွေဒေါတို့မှ လာရောက်ကြသူများဖြစ်သည်။ ၎င်းတို့သည် မက္ကဆီကိုမှတစ်ဆင့် အမေရိကန်နယ်စပ်သို့ဖြတ်ကျော်ရန် အမေရိကန်ဒေါ်လာငါးထောင်ပေးခဲ့ရကြောင်း သိရ သည်။

လော်ရီကားမောင်းသူအား အာဏာပိုင်များက ဖမ်းဆီးထားသည်။ ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း ဒုက္ခသည်များအား လော်ရီကားအသုံးပြု၍ မက္ကဆီကိုမှတစ်ဆင့် လူမှောင်ခိုကူးသည့်အရေအတွက်မြင့်တက်လာခဲ့သည်။

နှစ်စဉ်နှစ်တိုင်း လူထောင်ပေါင်းများစွာတို့သည် အမေရိကန်သို့ရောက်ရှိရန် မက္ကဆီကိုသို့ တရားမဝင် ဝင်ရောက်လာကြသည်။ ခရီးလမ်းမှာလည်း ခက်ခဲကြမ်းတမ်းလှသည်။ ၂၀၁၆ ခုနှစ်၏ ပထမကိုးလတာအတွင်း မက္ကဆီကိုနှင့်အမေရိကန်တို့တွင် ထိန်းသိမ်းထားသည့် ဒုက္ခသည်ဦးရေ ၅၅၀၀၀ ရှိကြောင်း သိရသည်။ **(ဘီဘီစီ)**

# အီရတ်နိုင်ငံ ကာကွတ်မြို့ရဲဌာနများကို စစ်သွေးကြွများ တိုက်ခိုက်၍ ရှစ်ဦးသေဆုံး

**ကာကွတ် အောက်တိုဘာ ၂၁**

အီရတ်နိုင်ငံ ကာကွတ်မြို့တွင် အစိုးရရုံးအဆောက်အအုံများကို လက်နက်ကိုင်စစ်သွေးကြွများက စီးနင်းတိုက်ခိုက်လျက်ရှိကြောင်း သိရသည်။ အသေခံဗုံးခွဲသမားများသည် ရဲဌာနများနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး လုံခြုံရေးအင်အားစုများကလည်း တွန်းလှန်တိုက်ခိုက်ခဲ့သည်။ တိုက်ခိုက်မှုအတွင်း လူရှစ်ဦးသေဆုံးခဲ့သည်။

အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွအဖွဲ့က စီးနင်းတိုက်ခိုက်မှုနောက်ကွယ်တွင် ၎င်းတို့ရှိနေခဲ့ကြောင်းနှင့် ၎င်း၏တိုက်ခိုက်ရေးအဖွဲ့သည် မြို့တွင်းသို့ ကျူးကျော်ဝင်ရောက်ကာ ဒေသရုံးချုပ်ကို စီးနင်းခဲ့ပြီး ဟိုတယ်တစ်ခုကို အပိုင်စီးခဲ့သည်ဟု အဖွဲ့က ပြောဆိုခဲ့သည်။

အီရတ်အစိုးရဦးဆောင်သည့် အင်အားစုများက အိုင်အက်စ်တို့ထိန်းချုပ်ထားသည့် မိုဆူးလ်မြို့ကို ပြန်လည်ရယူနိုင်ရန် ထိုးစစ်ဆင်နေချိန်တွင် အဆိုပါစီးနင်းတိုက်ခိုက်မှုဖြစ်ပေါ်ခြင်းဖြစ်သည်။

မိုဆူးလ်တောင်ပိုင်းရှိ ဓာတုဗေဒစက်ရုံတစ်ရုံကို အိုင်အက်စ်တိုက်ခိုက်ရေးသမားများက မီးရှို့ခဲ့ကြကြောင်း သိရသည်။ ဘေရွတ်၌ အခြေစိုက်ထားသည့် အယ်လ်စူမာရီယာသတင်းစာတွင် အရက်ဦးအချိန်ဖြစ်ပွားခဲ့သည့် အဆိုပါတိုက်ခိုက်မှု၌ ဗုံးသမားတစ်ဦးကို ရဲများက အသေပစ်သတ်ခဲ့ကြောင်း ဖော်ပြထားသည်။

**(ဘီဘီစီ)**

# ဂျပန်နိုင်ငံအနောက်ပိုင်းတွင် အင်အား ၆ ဒသမ ၆ အဆင့်ရှိ ငလျင်လှုပ်ခတ်၍ အဆောက်အအုံများပျက်စီးကာ သယ်ယူပို့ဆောင်ရေးများရပ်ဆိုင်း

**တိုကျို အောက်တိုဘာ ၂၁**

ရစ်ချ်တာစကေး ၆ ဒသမ ၆ အဆင့်ရှိ ငလျင်တစ်ခု ဂျပန်နိုင်ငံ အနောက်ပိုင်း တော့တိုရီစီရင်စု၌ လှုပ်ခတ်သွားခဲ့သော်လည်း မည်သည့်ဆူနာမီသတိပေးမှုမှ ထုတ်ပြန်ခြင်းမရှိကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် အောက်တိုဘာ ၂၁ ရက်က ဖော်ပြခဲ့သည်။

ဂျပန်နိုင်ငံမြောက်ပိုင်း တိုကျိုအနောက်ဘက် ၇၀၀ ကီလိုမီတာ (၄၃၀ မိုင်)အကွာရှိ တော့တိုရီ မြေအောက်အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အောက်တိုဘာ ၂၁ ရက် ဒေသစံတော်ချိန် ၂ နာရီ ၁၀ မိနစ်က လှုပ်ခတ်သွားခဲ့ကြောင်း မိုးလေဝသအေဂျင်စီက ဖော်ပြခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများရှိသည့်အပြင် အိမ်များလည်း ပြိုကျပျက်စီးခဲ့ကြောင်းနှင့် ငလျင်လှုပ်ခတ်သည့် ဒေသအတွင်း အိမ်ပေါင်း ၃၀၀၀၀ ခန့် လျှပ်စစ်မီးပြတ်တောက်ခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ကျည်ဆန်ရထား ဝန်ဆောင်မှုအပါအဝင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများလည်း ထိခိုက်သွားခဲ့ကြောင်း သိရသည်။

ပြည်တွင်း လေကြောင်းခရီးစဉ်များလည်း ဖျက်သိမ်းလိုက်ပြီး အဝေးပြေးလမ်းများကိုလည်း ငလျင်ကြောင့် ပျက်စီးမှု ရှိ၊ မရှိစစ်ဆေးရန် ခေတ္တပိတ်ထားခဲ့ရကြောင်း သိရသည်။

ငလျင်လှုပ်ခတ်ချိန်တွင် နျူကလီးယားစွမ်းအင်စက်ရုံများကို ပိတ်ထားခဲ့သည့်အတွက် ရေဒီယိုသတ္တိကြွမှုဖြစ်မည်ကို မစိုးရိမ်ရကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောခဲ့သည်။

ဂျပန်နိုင်ငံအနေဖြင့် လှုပ်ရှားနေသော ကမ္ဘာ့မျက်နှာပြင်ပေါ်တွင် ရောက်ရှိနေသဖြင့် ငလျင်လှုပ်ခတ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်းများသည် မကြာခဏဖြစ်ပွားလေ့ရှိသော်လည်း ခေတ်မီအဆောက်အအုံများတွင် ငလျင်ဒဏ်ခံနည်းပညာသုံး၍ တည်ဆောက်ထားသဖြင့် ပျက်စီးမှုနည်းပါးကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**



# အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပရန် စတုတ္ထအကြိမ် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်း အစည်းအဝေး စတုတ္ထနေ့ကျင်းပ

သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်

**ရန်ကုန် အောက်တိုဘာ ၂၁**

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရန်အတွက် စတုတ္ထအကြိမ် နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်း စတုတ္ထနေ့ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC) ၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**



စတုတ္ထနေ့အစည်းအဝေးတွင် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကျင်းပရာတွင် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးမှု ကြီးကြပ်ရေးကော်မတီဖွဲ့စည်းရန်အတွက် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများမှ ကြီးကြပ်ရေးကော်မတီ ကိုးဦး ရွေးချယ်ရန်နှင့် ဆုံးဖြတ်ရန် ကျန်ရှိနေသည့် လုပ်ငန်းလမ်းညွှန် ToR တချို့အား အတည်ပြုနိုင်ရန် ဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်းသိရသည်။

ဆွေးနွေးမှုများနှင့်ပတ်သက်၍ အစိုးရအဖွဲ့မှ UPDJC အတွင်းရေးမှူး ဦးလှမောင်ရွှေက "ဒီနေ့အစည်းအဝေးမှာတော့ UNFC က ဖွဲ့စည်းထားတဲ့ DPN (နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့)အနေနဲ့ နိုင်ငံခြား ခရီးစဉ်သွားရမှာမို့ တက်ရောက်နိုင်ခြင်းမရှိပါဘူး။ ကျွန်တော်တို့ရဲ့ဆွေးနွေးချက်တွေ အားလုံးကိုတော့ DPN ဆီရောက်အောင်ပို့ပေးမှာပါ။ ဒီနေ့ကျွန်တော်တို့ အချောသပ်နိုင်ခဲ့တဲ့ မူဘောင်သုံးသပ်မှုတွေနဲ့ လုပ်ငန်းလမ်းညွှန် ToR အားလုံးကို ဒီလ ၂၈ ရက်နေ့ နေပြည်တော်မှာ လုပ်မယ့် UPDJC အစည်းအဝေးမှာ တင်ပြပြီးတော့ အတည်ပြုချက်ယူပါမယ်။ အဲ့ဒီမှာ အတည်ပြုချက်ရရင်တော့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လုပ်ပါမယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က UPDJC ရဲ့ ဥက္ကဋ္ဌပါ"ဟု ပြောသည်။

အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကို ယခုကဲ့သို့ အကောင်အထည်ဖော်ရခြင်းသည် NCA စာချုပ်တွင်ပါဝင်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အဆိုပြုထားသည့် လမ်းပြမြေပုံ (၇) ချက်အတိုင်း အကောင်အထည်ဖော်ရခြင်း ဖြစ်သည်။

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် PNLO ဦးဆောင်နာယက ခွန်ဥက္ကာက "ထိတွေ့မှုတွေရှိနေတာတောင် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ဘာကြောင့်လုပ်သလဲ။ မြန်မနေဘူးလားမေးရင် ဒါဟာ မြန်တာလည်း မဟုတ်ဘူး နှေးတာလည်းမဟုတ်ဘူး။ NCA ပြဋ္ဌာန်းချက် ဖြစ်တယ်။ NCA စာချုပ်ရဲ့ အဆင့်သုံးမှာ ပါတယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်း ဆိုပြီးတော့ပါ။ NCA ဆွေးနွေးတုန်းက ဘာလို့ ကျွန်တော်တို့ထည့်ရေးသလဲဆိုရင် အောက်ခြေက အသံတွေ၊ ဆန္ဒတွေကို အရင်ယူပြီးမှ ပြည်ထောင်စုအဆင့် ညီလာခံကို တင်သွင်းဖို့ ဆိုတာပါ။ အမျိုးသားအဆင့်ကနေ စုစည်းမယ်။ အပေါ် ပြည်ထောင်စုအဆင့်ကို တင်မယ်ဆိုတဲ့ပြင်ဆင်မှုပါ"ဟုပြောသည်။

ပဋိပက္ခများအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရမည်ဖြစ်ပြီး NCA ၏ ရှေ့လုပ်ငန်းစဉ်များအကြောင်းနှင့် စပ်လျဉ်း၍ ခွန်ဥက္ကာက "ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံခေါ်ယူတဲ့ အကြိမ်တွေများလာပြီး နောက်ဆုံးခေါ်ယူမှု ခြောက်ကြိမ်၊ ခုနစ်ကြိမ်လောက်ဖြစ်သွားလို့ ပြည်ထောင်စုစာချုပ်ကြီးချုပ်နိုင်ပြီဆို ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုတဲ့ နိုင်ငံရေးရည်မှန်းချက်ကို ရောက်မှာ ဖြစ်တယ်။ ကျွန်တော်တို့ နိုင်ငံရေးရည်မှန်းချက်ကို မရမချင်းအချိန်ဆွဲလို့ မရဘူး။ ဖက်ဒရယ်ပြည်ထောင်စုအဆင့်မျိုး နိုင်ငံရေးသဘောတူညီမှုမရမချင်း ပဋိပက္ခတွေ ပြဿနာတွေက ရှိနေတယ်။ ခဏဆိုင်းထားလို့ မရဘူး။ ပဋိပက္ခရှိတယ်။ တစ်ဖက်ကသွားရင် တစ်ဖက်က ခုခံမယ်။ တစ်ဖက်ကသွားနေ တစ်ဖက်က ခုခံနေလို့ နိုင်ငံရေးလမ်းကြောင်းကို ရပ်ထားရမယ်ဆိုရင် ဘယ်သောအခါမှ ပဋိပက္ခမီးက မငြိမ်းဘူး။ နိုင်ငံရေးနည်းနဲ့ပဲ သွားရမယ်။ အခုသွားနေတဲ့ လမ်းကြောင်းက အဲ့ဒီပဋိပက္ခတွေကို တရားဝင်နိုင်ငံရေးနည်းနဲ့ လမ်းကြောင်းနဲ့ ငြိမ်းသတ်နေတာဖြစ်တယ်။ ဒါကိုလည်း မျက်ခြည်ပြတ်လို့မရဘူး"ဟုဆိုသည်။

အောက်တိုဘာ ၁၈ရက်မှ ၂၁ ရက်အထိ လေးရက်တာ ကျင်းပသော စတုတ္ထအကြိမ် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးတွင် နိုင်ငံရေးဆွေးနွေးမှု မူဘောင်တစ်ခုလုံးပြန်လည်သုံးသပ်ခြင်းပြုလုပ်ခဲ့သည်။ ယင်းအပြင် အကြောင်းအရာအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ၊ ဒေသအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ၊ လူမျိုးအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေ)၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူးအဖွဲ့လုပ်ငန်းလမ်းညွှန်၊ လုပ်ငန်းကော်မတီများ၏ လုပ်ငန်းလမ်းညွှန်၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) လုပ်ငန်းလမ်းညွှန်တို့ကို သဘောတူနိုင်ခဲ့ကြောင်း သိရသည်။

တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခွင့်ရမည့်အခြေအနေနှင့်ပတ်သက်၍ UPDJC အဖွဲ့ဝင် မွန်အမျိုးသားပါတီ မှ ဦးကျော်ဇေယျဦးက "အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ ကျင်းပတဲ့နေရာမှာ ကျွန်တော် သတင်းစကားတစ်ခုပါးချင်ပါတယ်။ ဒါကတော့ မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီတွေအားလုံးက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ ပါဝင်ခွင့် ဦးဆောင်ကျင်းပခွင့်ရှိတယ်ဆိုတာ ဆွေးနွေးပွဲကဆုံးဖြတ်နိုင်တယ်။ UPDJC က အတည်ပြုဖို့ပဲကျန်တယ်"။

အစည်းအဝေးကို ညနေ ၅ နာရီခွဲတွင် ရုပ်သိမ်းခဲ့ပြီး UPDJC အတွင်းရေးမှူး ဦးလှမောင်ရွှေ၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဦးဆောင်နာယက ခွန်ဥက္ကာ၊ UPDJC အဖွဲ့ဝင် မွန်အမျိုးသားပါတီမှ ဦးကျော်ဇေယျဦး တို့က အစည်းအဝေးရလဒ်များနှင့်ပတ်သက်၍ သတင်းမီဒီယာများ၏ မေးမြန်းမှုများအား ဖြေကြားသည်။ ယနေ့ပြုလုပ်သည့် စတုတ္ထနေ့အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ် ကိုးဦး တိုင်းရင်းသားလက်နက်ကိုင်များကိုယ်စားလှယ် CT အဖွဲ့ဝင် ၁၂ ဦး၊ နိုင်ငံရေးပါတီများကိုယ်စားလှယ် ငါးဦး တက်ရောက်သည်။

အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ စတင်ကျင်းပနိုင်သည့်အနေအထားနှင့်ပတ်သက်၍ ဦးလှမောင်ရွှေက " UPDJC ကို တင်ပြမယ်။ အတည်ပြုချက်ရရင် UPDJC အဖွဲ့ဝင်တွေက သူတို့ဆောင်ရွက်နိုင်မယ့် ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေ တင်ပြဖို့ရှိတယ်။ အထူးသဖြင့် ပဋိပက္ခမရှိတဲ့ မွန်၊ ကရင်၊ တနင်္သာရီတွေပိုပြီး ဖြစ်နိုင်တယ်ပေါ့"ဟု ဆိုသည်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးမှုများ ပြုလုပ်အတည်ပြုရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)အစည်းအဝေးကို လာမည့် အောက်တိုဘာ ၂၈ ရက်တွင် နေပြည်တော်သင်္ဂဟဟိုတယ်၌ ကျင်းပနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

## အမျိုးသားတစ်ဦးက ကလေးငယ်များအား သရဲ၊ တစ္ဆေများဝင်ပူးနေသည်ဟု ပြောဆိုကုသရာမှ ကလေး သုံးဦးသေ၊ တစ်ဦးဒဏ်ရာရရှိမှု တွံတေးမြို့နယ်၌ဖြစ်ပွား

**သတင်း - ဇော်ကြီး(ပဏီတ)**

**ဓာတ်ပုံ - Yangon Police**

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ အမျိုးသားတစ်ဦးက ကလေးငယ်များအား သရဲ၊ တစ္ဆေများဝင်ပူးနေသည်ဟု ပြောဆိုပြီး ကုသရာတွင် ကလေးငယ်သုံးဦးသေဆုံးခဲ့ကာ တစ်ဦး ဒဏ်ရာရရှိမှုဖြစ်ပွားခဲ့ကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ တွံတေးမြို့နယ်နေ ဦးစိုးမင်းသည် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်သို့ သွားရောက်အလုပ်လုပ်ကိုင်နေရာမှ ခင်မင်ရင်းနှီးသူ မအူပင်မြို့နယ်နေ ထွန်းနိုင် ၃၀ နှစ်နှင့်အတူ အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက နေအိမ်သို့ရောက်ရှိလာကြောင်း၊ ထွန်းနိုင်က နေအိမ်၌ သရဲ၊ တစ္ဆေများရှိနေကြောင်းနှင့် ၎င်းရှင်းပေးမည်ဖြစ်ကြောင်း ပြောဆိုကာ ဦးစိုးမင်းနှင့် တစ်ခြံတည်းနေ အစ်ကိုတော်စပ်သူများဖြစ်သည့် ဦးနိုင်ဝင်း၏ မိသားစုဝင် ငါးဦး၊ ဦးအောင်စိုးမိုး၏ မိသားစုဝင် ငါးဦး၊ ညီဖြစ်သူ ဦးမြမင်းစိုး၏ မိသားစုဝင် လေးဦးတို့နှင့် ဦးစိုးမင်း၏ မိသားစုဝင် ငါးဦး စုစုပေါင်း ၁၉ ဦးတို့အား အစ်ကိုဖြစ်သူ ကိုအောင်စိုးမိုး၏နေအိမ်တွင် စုစည်းနေထိုင်စေခဲ့ကြောင်း သိရသည်။

ထို့နောက် ထွန်းနိုင်က စည်းချထားပြီးဖြစ်၍ အပြင်သို့ထွက်မရတော့ကြောင်း ပြောဆိုကာ ဦးမြမင်းစိုး၏ အသက် သုံးနှစ်အရွယ်သားဖြစ်သူ နေလလင်း(ခ)တစ်တို



ဖြစ်မှုကျူးလွန်သူ ထွန်းနိုင်

တွင် သရဲဝင်ပူးနေကြောင်းပြောဆို၍ ခြေထောက်ဖြင့်ကန်ခြင်း၊ တက်နင်းခြင်း၊ လက်သီးဖြင့်ထိုးခြင်းများ ပြုလုပ်ခဲ့သဖြင့် ၎င်းကလေးငယ်မှာ ယင်းနေ့ည ၁၂ နာရီခန့်တွင် သေဆုံးသွားခဲ့ပြီး အောက်တိုဘာ ၁၉ ရက် နံနက် ၇ နာရီခန့်တွင် ထွန်းနိုင်က ကလေးငယ်၏အလောင်းကို တွံတေးတူးမြောင်းအတွင်းသို့ လှေဖြင့် သွားရောက်စွန့်ပစ်ခဲ့ကြောင်း၊ ယင်းနောက် ဦးစိုးမင်း၏ အသက် နှစ်နှစ်အရွယ် သမီးငယ်ဖြစ်သူ မလှနှင်းရွှေ၊ လေးနှစ်အရွယ်သမီးဖြစ်သူ မသင်းသင်းစိုးနှင့် ဦးအောင်စိုးမိုး၏ အသက် ရှစ်လ အရွယ် သမီးဖြစ်သူ မယမင်းတို့တွင်လည်း သရဲ၊ တစ္ဆေများဝင်ပူးနေကြောင်း ထွန်းနိုင်က ပြောဆိုကာ ကလေးများအား ခြေထောက်ဖြင့်ကန်ခြင်း၊ တက်နင်းခြင်း၊ လက်သီးဖြင့် ထိုးခြင်းများပြုလုပ်ခဲ့သဖြင့် ယင်းနေ့ည ၁၀ နာရီခန့်တွင် မလှနှင်းရွှေနှင့် မယမင်းတို့ နှစ်ဦးမှာ သေဆုံးသွားခဲ့သဖြင့် ထွန်းနိုင်က နောက်တစ်နေ့နံနက် ၇ နာရီခန့်တွင် ဦးအောင်စိုးမိုး၏နေအိမ်ဘေးတွင် မြေမြှုပ်ခဲ့ကြောင်း၊ ထို့နောက် ဆက်လက်ကုသသည့်အနေဖြင့် မသင်းသင်းစိုးအား ခြေထောက်ဖြင့်ကန်ခြင်း၊ တက်နင်းခြင်း၊ လက်သီးဖြင့် ထိုးခြင်းများ ပြုလုပ်ခဲ့သည့်အပြင် ပုဆိန်ဖြင့်ထုခြင်းများ ပြုလုပ်ခဲ့သဖြင့် မသင်းသင်းစိုးတွင် ဝဲ/ယာပါး ဖူးရောင်ပွန်းခြစ်ဒဏ်ရာ၊ ဝဲ/ယာ လက်နှစ်ဖက်၊ အပေါ်နှုတ်ခမ်း၊ မျက်ခုံးတို့တွင် ဖူးရောင်ဒဏ်ရာများရရှိခဲ့ပြီး တွံတေးမြို့နယ် ဆေးရုံမှတစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့အပ်ကာ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ သရဲဝင်ပူးကြောင်းပြောဆိုကာ ကလေးငယ်များအား ဒဏ်ရာရ၊ သေဆုံးအောင် ပြုလုပ်သူ ထွန်းနိုင်ကို အရေးယူပေးရန် ဦးစိုးမင်းက တိုင်ကြားခဲ့သဖြင့် တွံတေးမြို့မ ရဲစခန်းက အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူ ထွန်းနိုင်အား ဖမ်းဆီး၍ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



မပေါက်ကွဲဘဲ တွေ့ရှိရသည့် မိုင်းတစ်လုံး

## မူဆယ်၌ မိုင်းတစ်လုံးတွေ့၍ ရှင်းလင်းရာမှ ပေါက်ကွဲ

**မူဆယ် အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် မူဆယ်-နမ့်ခမ်းသွားပြည်ထောင်စုလမ်းမကြီးပေါ်ရှိ စယ်လန့်ကျေးရွာအနီး၌ ကျေးရွာသားများက မိုင်းတစ်လုံးတွေ့ရှိ၍ သက်ဆိုင်ရာသို့ သတင်းပို့ခဲ့ရာ နယ်မြေခံတပ်ရင်းနှင့် ရဲတပ်ဖွဲ့တို့ဖြင့် မိုင်းရှိရာနေရာသို့ အောက်တိုဘာ ၂၀ ရက် ည ၉ နာရီ မိနစ် ၅၀ တွင် ရောက်ရှိကာ အနီးဝန်းကျင်တစ်ဝိုက် ရှင်းလင်းနေစဉ် မိုင်းနှစ်လုံးပေါက်ကွဲခဲ့သည်။

အဆိုပါမိုင်းပေါက်ကွဲမှုကြောင့် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးသည့် ယာဉ်သုံးစီးမှာလည်း မိုင်းစများထိမှန်ကာ အသုံးပြု၍မရဖြစ်သွားသည့်အပြင် ရဲအုပ်မျိုးထွန်းလွင် ဒုတိယစခန်းမှူး မမစ(မူဆယ်)၊ တပ်ကြပ်ဇော်လင်းဦး၊ ဦးစိုင်းမောက်ရီခမ်းအရန်မီးသတ်တို့ ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့သဖြင့် ၎င်းတို့ကို မူဆယ်ပြည်သူ့ဆေးရုံသို့ပို့ခဲ့ပြီး မိုင်းပေါက်ကွဲသည့်နေရာနှင့် ဝန်းကျင်တစ်ဝိုက်ကို တာဝန်ရှိသူများက ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# တာချီလိတ် မီးပွိုင့်လမ်းဆုံ၌ ဆိုင်ကယ်တိုက်မှု နှစ်မှုဖြစ်ပွားခဲ့ပြီး ကိုးဦးဒဏ်ရာရ

**တာချီလိတ် အောက်တိုဘာ ၂၁**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ပါလျှံမီးပွိုင့်လမ်းဆုံ၌ အောက်တိုဘာ ၁၉ ရက် ညက ဆိုင်ကယ်တိုက်မှု နှစ်မှုဖြစ်ပွားခဲ့ပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၁၉ ရက် ည ၉ နာရီခွဲက တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ပါလျှံမီးပွိုင့်လမ်းဆုံတွင် အာခါဈေးလမ်းဆုံဘက်မှ ပါလျှံမီးပွိုင့်ဘက်သို့ မယဉ်ယဉ်ထွေး(၂၆ နှစ်) မောင်းနှင်ပြီး မစုရည်ဖြိုး(၁၈ နှစ်)နှင့် မစိန်မြင့်(၁၉ နှစ်)တို့ လိုက်ပါလာသော ဆိုင်ကယ်သည် ပါလျှံ(၁) လမ်းအတွင်းသို့ ချိုးကွေ့မောင်းနှင်စဉ် အမှတ်(၂) ချစ်ကြည်ရေးတံတားဘက်မှ အာခါဈေး မီးပွိုင့်ဘက်သို့ ဇော်ဦး (၂၄ နှစ်)၊ မောင်းနှင်လာသော Wave-100 ဆိုင်ကယ်နှင့် တိုက်မိကာ တိမ်းမှောက်ခဲ့သည်။

အလားတူ ည ၁၁ နာရီ ၂၅ မိနစ်တွင် ယင်းနေရာ၌ အာခါဈေးလမ်းဆုံဘက်မှ ပါလျှံမီးပွိုင့်ဘက်သို့ အိုက်ကျဲ(ခ) အာကာ(၁၉ နှစ်) မောင်းနှင်ပြီး နောက်တွင် အိုက်ခမ်း (၁၈ နှစ်)နှင့် သန့်ဇင်ဝင်း(၂၄ နှစ်)တို့ လိုက်ပါလာသည့် ယမဟာဆိုင်ကယ်သည် ပါလျှံ(၁) လမ်းအတွင်းသို့ ချိုးကွေ့ရန် လမ်းမကြီးမှ ယာဉ်ကြော မရှင်း၍ ရပ်စောင့်နေသော စိုးဝင်း(၂၂နှစ်) မောင်းနှင်ပြီး နောက်တွင် ဇော်မျိုးထွန်း(၂၀ နှစ်) လိုက်ပါလာသော ဆိုင်ကယ်၏ နောက်ပိုင်းကို တိုက်မိကာ တိမ်းမှောက်ခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်လေးစီး ပျက်စီးခဲ့ပြီး မယဉ်ယဉ်ထွေး၊ မစုရည်ဖြိုး၊ မစိန်မြင့်၊ အိုက်ကျဲ(ခ) အာကာ၊ အိုက်ခမ်း၊ သန့်ဇင်ဝင်းနှင့် ဇော်မျိုးထွန်းတို့ ခုနစ်ဦးသည် ဒဏ်ရာရ၍ ပြင်ပလူနာအဖြစ်လည်းကောင်း၊ မောင်ဇော်ဦးနှင့် စိုးဝင်းတို့ နှစ်ဦးသည် ဒဏ်ရာစိုးရိမ်ရ၍ အတွင်းလူနာအဖြစ်လည်းကောင်း ဆေးရုံသို့ ပို့ဆောင်ပေးပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



# ဟိုပန်မြို့၌ ဝိုင်ယာရှော့ခ်ဖြစ်ရာမှ နေအိမ်နှစ်လုံးမီးလောင်

**ဟိုပန် အောက်တိုဘာ ၂၁**
ဟိုပန်မြို့ ကောင်းဟုန်းရပ်ကွက်၌ အိမ်အမှတ်(၁၂၂)၊ ဦးပူဆန်နေအိမ်နှင့် အိမ်အမှတ်(၁၂၃) ဦးဆန်အောင်တို့ ပိုင်ဆိုင်သည့် သွပ်မိုးဝါးထရံကာနေအိမ်နှစ်လုံး အောက်တိုဘာ ၂၁ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်က လျှပ်စစ် ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာနေရာသို့ ဟိုပန်ခရိုင်မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဒုဦးစီးမှူး ဦးမင်းမင်းသစ်ဦးစီး၍ မီးသတ်ယာဉ်သုံးစီး၊ သန္ဓေမီးသတ်တပ်ဖွဲ့များ အရန်မီးသတ်တပ်ဖွဲ့များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများ၊ ပြည်သူများ၊ ဝိုင်းဝန်းငြှိမ်းသတ်၍ နံနက် ၁၀ နာရီခွဲတွင် မီးညွန့်ကျိုး၍ ၁၁ နာရီခန့်တွင် လုံးဝမီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်သည့်အိမ်မှ အိမ်ရှင် ဦးပူဆမ်ကို မီးဟပ်သည့် ဒဏ်ရာဖြင့် ဟိုပန်ဆေးရုံသို့ ပို့ဆောင်ရပြီး ၎င်းတို့ ပိုင်ဆိုင်သည့် အိမ်ထောင်ပစ္စည်း၊ ထော်လာဂျီ၊ လက်တွန်းလယ်ထွန်စက်များအားလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

# စကားအင်းအဝိုင်းပတ်အနီး ယာဉ်တိုက်မှုဖြစ်ပွား

**တံတားဦး အောက်တိုဘာ ၂၁**
တံတားဦးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း စကားအင်းအမြန်လမ်းရဲစခန်းအပိုင် မိုင်တိုင်အမှတ် (၃၅၂/၆) စကားအင်းအဝိုင်းပတ်အနီးတွင် ယနေ့နံနက် ၁၀ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မန္တလေးဘက်မှ နေပြည်တော်ဘက်သို့ ချမ်းမြသာစည်မြို့နယ်နေ ယာဉ်မောင်း သက်မင်းထွေး(၂၀ နှစ်)မောင်းနှင်လာသော 3H/---- Toyota Vanguared ယာဉ်၏ ဝဲဘက်နောက်ပိုင်းနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်လမ်းဘက်မှ ချမ်းမြသာစည်မြို့နယ်နေ မနန်းစန်းစန်းအေး(၃၈ နှစ်)မောင်းနှင်လာသော ယာယီအမှတ် ZC725/----Suzuki Swift ယာဉ်၏ ခေါင်းပိုင်းနှင့် တိုက်မိခဲ့ရာ ယာဉ်နှစ်စီးပေါ်တွင် လိုက်ပါလာသူများ တစ်ဦးတစ်ယောက်မျှ ဒဏ်ရာရခဲ့ခြင်းမရှိကြောင်း၊ ယာဉ်တိုက်မှုကြောင့် သက်မင်းထွေးနှင့် မနန်းစန်းစန်းအေးတို့အား စကားအင်းအမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဇန်းမောက်မြို့နယ်၌ လိုင်စင်မဲ့ယာဉ်တစ်စီးဖမ်းမိ

ဇန်းမောက် အောက်တိုဘာ ၂၁
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ် ပင်ဟင်းခါးကျေးရွာအနီး၌ လိုင်စင်မဲ့ယာဉ်တစ်စီးကို နံပါတ်ပြားအတုနှင့်အတူ ဖမ်းမိခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၃ နာရီခန့်တွင် ဇန်းမောက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက သစ်များတင်ဆောင်လာသောယာဉ်တစ်စီးကို မသင်္ကာဖွယ်တွေ့ရှိ၍ ဇန်းမောက်မြို့နယ် ပင်ဟင်းခါးတောင်ပေါ်တွင် ထိန်းသိမ်းထားကြောင်း သတင်းအရ ဇန်းမောက်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူး နေထွန်းနှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ အဆိုပါ MDY 3C/5863 ယာဉ်မှာ တရားဝင် မှတ်ပုံတင်ထားခြင်းမရှိဘဲ နံပါတ်ပြားအတု တပ်ဆင်ထားသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် လိုင်စဉ်မဲ့ယာဉ် လက်ဝယ်ထားရှိသူ သန့်ဇင်(ခ) ကိုဆွေ (၄၃နှစ်) ဇန်းမောက်မြို့နေသူအား ဇန်းမောက်ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ရောဝတီတံတား(ပခုက္ကူ)ပေါ်၌ ဆိုင်ကယ်ကယ်ရီသမားက နိုင်ငံခြားသားတစ်ဦး၏ ခရီးဆောင်အိတ် ယူဆောင်ထွက်ပြေး

**ပခုက္ကူ အောက်တိုဘာ ၂၁**
ဧရာဝတီတံတား(ပခုက္ကူ)၌ ဆိုင်ကယ်ကယ်ရီသမားတစ်ဦးက ၎င်းတင်ဆောင်လာသော ပြင်သစ်နိုင်ငံသားတစ်ဦး၏ ခရီးဆောင်အိတ်ကို ယူဆောင်ထွက်ပြေးခဲ့မှု အောက်တိုဘာ ၁၉ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၉ ရက် နံနက် ၇ နာရီက ဧရာဝတီတံတား (ပခုက္ကူ) ၌ နိုင်ငံခြားသားတစ်ဦး အကူအညီတောင်းခံနေကြောင်း သတင်းအရ မြို့မရဲစခန်းမှူး ဒုရဲမှူး ကျော်စိုးပါဝင်သော တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ပြင်သစ်နိုင်ငံသား Mr.Joseph Clergun (၂၁ နှစ်)၊ ဘယ်လ်ဂျီယံနိုင်ငံသား Mr.Fclix Borndel (၂၆နှစ်)၊ ပြင်သစ်နိုင်ငံသူ Ms. Flourine Cruel (၂၅နှစ်)တို့သည် အောက်တိုဘာ ၁၉ ရက် နံနက် ၅ နာရီခွဲက သီပေါမှ ညောင်ဦးဘက်သို့ လိုင်းကားဖြင့် လိုက်ပါလာပြီး ညောင်ဦးမြို့နယ်၊ လက်ပံခြေပေါ်ကျေးရွာအနီး မြင်းခြံ-ပခုက္ကူ-ညောင်ဦးလမ်းဆုံတွင်ဆင်း၍ ဧရာဝတီတံတား(ပခုက္ကူ)ဘက်သို့ လမ်းလျှောက်လာစဉ် တံတားသို့ မရောက်မီ ကိုက် ၄၀၀ ခန့်အကွာတွင် ဆိုင်ကယ်(အမျိုးအစားမမှတ်မိ)နှင့်အတူ ဆိုင်ကယ်ကယ်ရီ (တီရှပ်အဖြူရောင်တွင် အနွေးထည်ထပ်ဝတ်လျက် အမျိုးသား) က အင်္ဂလိပ်စကားဖြင့် ပခုက္ကူမြို့သို့ ကယ်ရီလိုက်ပို့မည်ဖြစ်ကြောင်း ပြောသဖြင့် ပြင်သစ်နိုင်ငံသား Mr.Joseph Clergun က ၎င်း၏ပစ္စည်းများ ထည့်ထားသည့်အိတ်ကို ဆိုင်ကယ်ရှေ့တွင်တင်၍ လိုက်ပါခဲ့ရာမှ တံတားရထားလမ်းတိုင်အမှတ် K 22 နှင့် K 23 ကြားအရောက်တွင် ကယ်ရီသမားက ခေတ္တဆင်းရန်ပြောသဖြင့် ဆိုင်ကယ်ပေါ်မှဆင်းစဉ် ဆိုင်ကယ်ပေါ်တွင် တင်ထားသည့်ပစ္စည်းများနှင့်အတူ ယူဆောင် မောင်းနှင်ထွက်ပြေးသွားခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်ကယ်ရီမောင်းသူကို စုံစမ်းဖော် ထုတ်အရေးယူပေးရန် အောက်တိုဘာ ၂၀ ရက်တွင် ရဲအုပ်သိန်းဌေးက တရားလိုပြုတိုင်ကြားခဲ့သောကြောင့် ပခုက္ကူမြို့မရဲစခန်းမှ အမှုဖွင့်ထားကြောင်း သိရသည်။

ပခုက္ကူမြို့မရဲစခန်းမှ ရဲအုပ်သိန်းဌေးက "နံနက်အစောကြီး နိုင်ငံခြားသားသုံးဦးက ကယ်ရီငှားတယ်၊ သုံးဦးလုံးက အိတ်တွေနဲ့ဆိုတော့ တစ်ခေါက်တည်း မသယ်နိုင်ဘူး၊ အခေါက်ခေါက်ပြန်ကဲ့သယ်ပေးမယ့်ပုံပါ၊ ပထမတစ်ယောက်ကို လုပ်သွားတာဗျ၊ တရားခံကိုတော့ မမိသေးပါဘူး၊ လက်ရှိစုံစမ်းဆဲပါ"ဟု ပြောကြားသည်။

**ကျော်ဇေယျ**

# ရေခပ်သွားရာမှ လူတစ်ဦး ရေတွင်းထဲပြုတ်ကျသေဆုံး

**ထီးလင်း အောက်တိုဘာ ၂၁**
မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ် ညောင်ရွာ၌ အောက်တိုဘာ ၂၀ ရက်က လူတစ်ဦး ရေတွင်းထဲပြုတ်ကျသေဆုံးခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၂၀ ရက် နံနက် ၈ နာရီ ၁၅ မိနစ်က ထီးလင်းမြို့မရဲစခန်းမှ ရဲအုပ်ထန်းမနားသည် ရဲစခန်း၌ တာဝန်ထမ်းဆောင်နေစဉ် ညောင်ရွာတွင် လူတစ်ဦးရေတွင်းထဲ ပြုတ်ကျသေဆုံးနေကြောင်းသတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ညောင်ရွာနေ ဦးအောင်လွင်(၄၁နှစ်)ဖြစ်ပြီး ပြင်ပဒဏ်ရာမရှိဘဲသေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့သည်။

ဖြစ်စဉ်ကို စုံစမ်းရာ သေဆုံးသူ ဦးအောင်လွင်သည် ယင်းနေ့ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ၎င်း၏နေအိမ်အရှေ့တောင်ဘက်ပေ ၅၀၀ ခန့်ကွာဝေးသော အမက စာသင်ကျောင်းအနီး ရွာဘုံပိုင်ရေတွင်းသို့ ရေသွားခပ်ရာ နံနက် ၈ နာရီအထိ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် မိခင်ဖြစ်သူ ဒေါ်အေးကြည်က လိုက်လံရှာဖွေခဲ့ရာ ရွာဘုံပိုင်ရေတွင်းအနီး ရေထမ်းပုံးနှစ်ပုံးကို တွေ့ရှိရသဖြင့် ရေတွင်းထဲသို့ ကြည့်ရှုရာ ဦးအောင်လွင်မှာ ရေတွင်းထဲ၌ ရေနစ်သေဆုံးနေသည်ကို တွေ့ရှိခဲ့ပြီး ၎င်းမှာ အတက်ရောဂါရှိသူဖြစ်ကြောင်း သိရသည်။ ၎င်းအမျိုးသားသေဆုံးမှုနှင့်ပတ်သက်၍ ထီးလင်းမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်းသိရသည်။

**ကျော်ဇေယျ**

## ချိန်ခါမရွေး သတိပေး
## မီးဘေးကင်းဝေးမှာ


### ပြင်ဆင်ဖတ်ရှုပေးပါရန်
၁၈-၁၀-၂၀၁၆ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ၂၇ အများသိစေရန်ကြော်ငြာ အမှတ်၁၉ နေရာတွင် အကွက်အကွက်အမှတ် ၁၉၊ အမှတ် ၂၄/က ဟုလည်းကောင်း၊ ၁၂/သလန(နိုင်)၀၁၈၂၅၀ အစား ၁၂/လသန(နိုင်)၀၁၈၂၅၀ဟုအမှန်ဖတ်ရှုပေးပါရန်။

### ကန့်ကွက်နိုင်ပါသည်
ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ကျီးမနိုးကျေးရွာအုပ်စု၊ မြေကွက်အမှတ် (၇၉၉၊ ဇေယျာသီရိ)၊ ဦးပိုင်အမှတ် ၅၊ ဧရိယာ ၃၁ ဒသမ ၀၀ဧကရှိ အရှေ့လားသော် ကားလမ်း၊ အနောက်လားသော် လယ်၊ တောင်လားသော် လမ်း၊ မြောက်လားသော် လမ်းမြေအား မြေလွှဲရရှိရန် အမှတ် ၁၀၄ သစ်စက်မှ လျှောက်ထားလာမှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများအနေဖြင့် မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး ကြော်ငြာသည့်ရက်မှစပြီး ၁၅ရက်အတွင်း ဖြူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းများနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်မည်ဖြစ်ပြီး လျှောက်ထားသူသို့ မြေဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဖြူးမြို့**

### အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ
ဒဂုံတက္ကသိုလ်၊ သင်္ချာဌာနမှ ဆရာ ဆရာမများနှင့် သင်္ချာဘွဲ့ရ ကျောင်းသားကျောင်းသူဟောင်းများစုပေါင်း၍ (၁၄)ကြိမ်မြောက် အနန္တဂိုဏ်းဝင်ကျေးဇူးရှင် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ရှိခိုးပူဇော်ကန်တော့ပွဲကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ကြွရောက်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ**

**ကျင်းပမည့်ရက်** - ၂၃-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀နာရီမှ ၁၁း၀၀နာရီ
**ကျင်းပမည့်နေရာ** - တက္ကသိုလ်များဓမ္မာရုံ၊ (လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့)

### "အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း"
ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ လမ်းဦးစီးဌာန၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်းတာချဲ့ခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် ၆-၈-၂၀၁၆ရက် မြန်မာ့အလင်းသတင်းစာတွင် ကြေညာခဲ့ခြင်းအား အောက်ပါရက်စွဲအတိုင်း ပြင်ဆင်သတ်မှတ်ပါသည်။

**တင်ဒါပုံးပိတ်မည့်ရက်/အချိန်** - ၄-၁၁-၂၀၁၆ရက် ညနေ ၄း၃၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၇-၁၁-၂၀၁၆ရက် နံနက် ၁၀း၀၀နာရီ
**တင်ဒါရွေးချယ်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မင်းတပ်ခရိုင်၊ မင်းတပ်မြို့

စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဦးစီးဌာန၊ မင်းတပ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်။ **တင်ဒါခေါ်ယူရေးကော်မတီ ဖုန်း-၀၇၀-၇၀၃၀၉**



# မြန်မာနှင့် အိုမန်အသင်း ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအတွက် ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် အာရှထိပ်သီး အိုမန်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲကို နိုဝင်ဘာ ၁၄ ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲ မတိုင်မီ နိုင်ငံတကာ ခြေစမ်းပွဲလေးပွဲအထိကစားရန် စီစဉ်ထားသော်လည်း လက်ရှိအချိန်ထိ နှစ်ပွဲသာ သဘောတူညီမှုရထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၄ ရက်တွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်ပြီး နိုဝင်ဘာ ၁၄ ရက်တွင် အိုမန်လက်ရွေးစင်အသင်းနှင့် ခြေစမ်းရန် အောက်တိုဘာ ၂၀ ရက်က သဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာလ ဒုတိယပတ်တွင် အီရန်လက်ရွေးစင်အသင်းနှင့် ခြေစမ်းရန် အကြိုသဘောတူညီမှု ရခဲ့သော်လည်း နောက်ဆုံးအဆင့် ဆွေးနွေးရာ၌ ညှိနှိုင်းမှု အဆင်မပြေသောကြောင့် အိုမန်ဘောလုံးအဖွဲ့ချုပ်ထံ ထပ်မံကမ်းလှမ်းခဲ့ခြင်း ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် အိုမန်လက်ရွေးစင်အသင်းသည် ၂၀၁၁ ခုနှစ်က နောက်ဆုံးတွေ့ဆုံပြီးနောက်ပိုင်း ငါးနှစ်အကြာမှ ပြန်လည်ကစားခြင်းဖြစ်သည်။ ယင်းနှစ်သင်းသည် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ အာရှဇုန်ဒုတိယအဆင့် ခြေစစ်ပွဲတွင် တွေ့ဆုံခဲ့ပြီး မြန်မာအသင်းသည် အဝေးကွင်း၌ နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့သော်လည်း အိမ်ကွင်းပွဲစဉ်တွင် နှစ်ဂိုးပြတ်ရှုံးနိမ့်နေသည့်အချိန်၌ မြန်မာပရိသတ်အချို့၏ အလွန်အကျွံအားပေးမှုကြောင့် ပထမပိုင်းမပြီးမီ ပွဲရပ်နားခဲ့ရသည်။ နောက်ဆက်တွဲ အရေးယူမှုကြောင့် မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲကို အိမ်ကွင်း၌ လက်ခံကျင်းပခွင့် ဆုံးရှုံးခဲ့ရသည်။

အိုမန်အသင်းသည် အာရှထိပ်သီးအသင်း တစ်သင်းဖြစ်ပြီး စပိန်လာလီဂါထိပ်သီးကလပ် ရီးရဲမက်ဒရစ်အသင်းကို ကိုင်တွယ်ခဲ့ဖူးသည့် လိုပက်ဇ်က ကိုင်တွယ်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲအတွက် ပဏာမကစားသမား ၂၄ ဦးဖြင့် လေ့ကျင့်လျက်ရှိပြီး အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိနေသည်။

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - ဖိုးသော်ဇင်**



**မြန်မာ့လက်ရွေးစင်အသင်းနှင့် အိုမန်လက်ရွေးစင်အသင်းတို့ ၂၀၁၁ ခုနှစ်က တွေ့ဆုံခဲ့စဉ်**




**မလေးရှားနိုင်ငံ PENANG မြို့၌ အောက်တိုဘာ ၂၁ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် Penang Open Snooker Championship 2016 ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ထွက်ခွာသွားသည့် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဇော်မျိုးတင့်(အလုပ်အမှုဆောင်)နှင့် အားကစားသမားများအဖွဲ့အား အောက်တိုဘာ ၂၁ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တွေ့ရစဉ်** အေကေလင်း

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၁၀-၂၀၁၆ (စနေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈း၅၀ - ရိုးရာဓလေ့အောက်က ကယန်းအမျိုးသမီးတွေအကြောင်း
- ၁၃း၀၅ - မြို့မငြိမ်း(၁၀၅)နှစ်ပြည့် အထိမ်းအမှတ် မန္တလေးမြို့မအသင်းနှင့် နိုင်ငံတော် သံစုံတီးဝိုင်းတို့၏ ပူးပေါင်း ဖျော်ဖြေတင်ဆက်မှု အစီအစဉ် **(အပိုင်း-၆)**

**ညပိုင်း**

- ၁၆း၁၅ - မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး (Video Clip)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁း၀၀ - ၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်(ပဉ္စမနေ့)

**မှတ်ချက်။ ။နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**


## မင်္ဂလာညှော်ခံပွဲ အခမ်းအနား ကျေးဇူးတင်လွှာ

နေပြည်တော်နေ

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)-ဒေါ်နီလာစိန် တို့၏သား

**မောင်စည်သူထွန်း**

**B.E (Civil)**

နှင့်

ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နေ

ဦးဇော်လင်းထွန်း-ဒေါ်နန်းလိမ်ခမ်း(ခ)နန်းနီလာ (ရွှေရောင်တောက် ပဲဆီသန့်နှင့် သိန်းညီနောင်ဆီစက်)တို့၏သမီး

**မနန်းစန္ဒီလင်းထွန်း**

**B.E (Civil)**

တို့၏ ၂၁-၁၀-၂၀၁၆ရက်နေ့တွင် နေပြည်တော် HOTEL MAX ၌ ကျင်းပပြုလုပ်သော ထိမ်းမြားမင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဒုတိယသမ္မတ သရေစည်သူဦးမြင့်ဆွေနှင့် ဇနီးအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့်ဇနီးအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ အငြိမ်းစား တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ အားလည်းကောင်း၊ ညှော်ခံပွဲသို့ မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော မဇင်နွယ်ခိုင်၊ မင်္ဂလာဩဘာစာဖတ်ကြားပေးပါသော ဒေါက်တာမြတ်သစ်(Ph.D,A-R-Kol-India)နှင့် မင်္ဂလာအခါတော်တေးသီချင်းနှင့် တေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးပါသော နိုင်ငံကျော်သမီး မူမူသိန်း စောင်းတေးဂီတအဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဒီဇိုင်းနာ မျိုးမင်းစိုးနှင့်အဖွဲ့အားလည်းကောင်း၊ လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော New Star စိန်ရွှေရတနာဆိုင်အားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင် အလှပြင်ဆင်ပေးပါသော တော်ဝင်သူမေဦးမောင်နှင့်အဖွဲ့အားလည်းကောင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီး (Focus Daily)နှင့် အဖွဲ့အားလည်းကောင်း၊ ပန်းအလှဆင်ပေးပါသော မယ်ကင်းနှင့်အဖွဲ့အားလည်းကောင်း၊ မေတ္တာဖြင့် လက်ဖက်တည်ခင်းပေးပါသော ဦးကျော်သိန်း အရှီးတောင်းလက်ဖက်အားလည်းကောင်း၊ ပိုးထည်ရက်လုပ်ပေးပါသော ရွှေဂျိုးသာ၊ ရွှေယမင်းနှင့် ရွှေလွန်းအိမ်ပိုးထည်တိုက်တို့အားလည်းကောင်း၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော ဒဂုံပုံနှိပ်တိုက်(ရန်ကုန်)နှင့် တရုတ်ကြီးပုံနှိပ်တိုက်(မန္တလေး)တို့အားလည်းကောင်း၊ မေတ္တာဖြင့် LED Display Screen ကူညီပေးပါသော Naung Yoe IT Solutions အားလည်းကောင်း၊ စားသောက်ဖွယ်ရာများဖြင့် တည်ခင်းညှော်ခံပေးပါသော HOTEL MAX မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသူများ၊ နှစ်ဖက်သောဆွေမျိုးမိတ်ဆွေ မိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**

**မောင်စည်သူထွန်း-မနန်းစန္ဒီလင်းထွန်း**



asean

THE ASEAN SECRETARIAT INVITES ASEAN NATIONALS TO APPLY FOR THE FOLLOWING VACANCIES:

1. Director Sustainable Development Directorate
2. Assistant Director Administration & General Affairs Division
3. Senior Officer Project Management Office

For details on Terms of Reference and application, please visit www.asean.org/opportunities/vacancies-asec/



**7Stars Education Center**

**UFL** ဒီပလိုမာဝင်ခွင့်

တိုက် (18/3B)၊ ဦးထွန်းလင်းခြံလမ်း၊ သခမြိုင်ညီ (၁)၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

09-789 10 7733 , 09-421052736 , 09-799 860 155



**အိမ်ကားယာဉ်မောင်း လုပ်ချင်သည်**

ဖုန်း-၀၉-၄၅၉၁၉၀၂၆၂

**တိုက်ခန်းငှားမည်**

ဦးချစ်မောင်လမ်းမပေါ်၊ အိပ်ခန်းဖွဲ့ပြီး၊ ခြောက်လွှာ၊ ကျွန်းပါကေးခင်း၊ ထပ်ခိုးပါ၊ ခုံးကျော်တံတားအနီး။

ဖုန်း- ၀၉-၉၇၁၈၉၉၉၁၅၊ ၀၉-၇၇၃၂၇၄၀၇၁

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ဃ/၃၈၂၅ ၏ ဖောင်းကြွနံပါတ် ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2H/7923 ၏ ဖောင်းကြွနံပါတ် ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7D/1962 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဥတုရာသီ တောကိုမှီ**

# ဇေယျာကမ်းမှသည် ရွာသစ်ကြီးဆီသို့

**မြင့်စိုး(နတလ)**

**နေရာကား စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးစံပြကျေးရွာအနီးရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဝင်းအတွင်း ဖြစ်သည်။ ထိုနေ့နံနက်ခင်းမှာပဲ သူတို့လေးတွေအားလုံး သင်တန်းဆင်းခဲ့ကြပြီဖြစ်သည်။ သူတို့လေးတွေဆိုတာက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် တက်ရောက်သင်ကြားနေကြသော မူလတန်းဆရာအတတ်သင်သုံးနှစ်သင်တန်း၊ အမှတ်(၄၅)မှ သင်တန်းသား သင်တန်းသူလေးများဖြစ်ကြသည်။ အားလုံးက တိုင်းရင်းသား၊ တိုင်းရင်းသူဝတ်စုံလေးများဖြင့် လန်းဆန်းတက်ကြွလျက်၊ ၎င်းတို့နှင့်အတူတက်ရောက်လာသော မိဘဆွေမျိုးသားချင်းများကလည်း ကြည်နူးဝမ်းသာပြုံးပျော်နေကြသော မျက်နှာကိုယ်စီဖြင့်။ တွေ့မြင်ရသော မြင်ကွင်းများကြောင့် သူတို့ထံမှအပျော်များသည်ပင်လျှင် ကြည့်ရသူကျွန်တော်တို့ထံ ကူးစက်လာသလိုထင်မှတ်ခံစားလိုက်ရသည်။ သို့တစေ...သူတို့လေးတွေအားလုံးသည် မနက်ဖြန်နံနက်ခင်းဆိုလျှင် သည်ကျောင်းတော်ကြီးကိုနှုတ်ဆက်ပြီး တာဝန်ကျရာ တိုင်းဒေသကြီး/ပြည်နယ် အသီးသီး၊ နေရာအသီးသီးတို့ ထွက်ခွာသွားတော့မည်ဖြစ်ပေသည်။**

ထိုမြင်ကွင်းများကို တွေ့နေရသော ဧည့်သည်ကျွန်တော်သည် ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) ဒေါက်တာချိုချိုမာနှင့်တွေ့ဆုံခိုက် စကားတစ်ခွန်းဆိုခဲ့မိသည်။ “ဆရာမကြီးရေ၊ ကျွန်တော်တော့ သည်လိုကျောင်းမျိုးမှာ တာဝန်ထမ်းဆောင်ဖို့ဆိုရင် တော်တော်ကိုစဉ်းစားရလိမ့်မယ်ထင်ပါတယ်။ သည်ကလေးတွေက သင်တန်းလာတက်လိုက်ကြ၊ အချိန်တန်ရင် ဆင်းသွားလိုက်ကြနဲ့ သူတို့ သင်တန်းဆင်းသွားရင် ကိုယ့်သားသမီးတွေ အိမ်ကနေအဝေးကို ထွက်သွားသလိုမျိုး ခံစားရမှာသေချာတယ်။ ဆရာမကြီးတို့လည်း သည်လိုပဲစိတ်ထဲမှာခံစားရမယ်ထင်ပါတယ်” ဟူ၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ်အပါအဝင် ဆရာ ဆရာမများအားလုံး၊ ဝန်ထမ်းများအားလုံးသည်လည်း ကျွန်တော်ကဲ့သို့ပင် ထိုနည်းနှင်နှင်ခံစားရမည်မှာ သေချာလှသည်။ သို့သော်ငြားလည်း မိမိတို့ပြုစုပျိုးထောင်ပေးလိုက်သော ရောင်စုံပန်းကလေးများသည် ပြည်ထောင်စုပန်းဥယျာဉ်ကြီးအတွင်းမှာ အဆင်းရနံ့တင့်တယ်မွှေးပျံ့စွာဖြင့် ဖူးပွင့်လန်းဆန်းနေကြမည်ကို တွေးဆ၍ဝမ်းမြောက်ဝမ်းသာရှိနေကြမည်မှာလည်း သေချာပါသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် တက်ရောက်အမှာစကားပြောကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ ထူးချွန်သင်တန်းသားသင်တန်းသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။ အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ဆုရသင်တန်းသား၊ သင်တန်းသူများနှင့် ၎င်း တို့၏ မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကားများ ပြောကြားခဲ့ပါသည်။ စံပြထူးချွန်ဆုရရှိခဲ့သော သင်တန်းသူ မရည်မွန်စိုးမှာ ဧရာဝတီတိုင်းဒေသကြီး ကံကြီးထောင့်မြို့နယ်မှ ဖြစ်သည်။ ပြည်ထောင်စုဝန်ကြီးက သူလဲ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတဇာတိဖြစ်ကြောင်း၊ ယခုလိုစံပြထူးချွန်ဆုရတဲ့အတွက် အလွန်ဝမ်းသာဂုဏ်ယူပါကြောင်း မရည်မွန်စိုးနှင့် သူ့မိခင်အား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြောကြားခဲ့ပါသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ မတက်ရောက်မီ ရက်ပိုင်းအလိုက နာဂတိုင်းရင်းသား မိတ်ဆွေကြီး ဦးလုထွန်း(ပထမအကြိမ်ခန္တီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)နှင့် တွေ့ဆုံခဲ့ရာ ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် စစ်ကိုင်းမြို့၌ ဖွံ့ဖြိုးရေးသိပ္ပံအဖြစ် စတင်ဖွင့်လှစ်ခဲ့သည့်နေရာကို စေ့ငုမေးမြန်းမိသည်။ ဦးလုထွန်းသည်



ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ

ဖွံ့ဖြိုးရေးသိပ္ပံ အမှတ်စဉ်(၄)မှာ သင်တန်းဆင်းခဲ့သူ ကျောင်းဆင်းတစ်ဦးဖြစ်ပြီး သူ့ထံမှဖွံ့ဖြိုးရေးသိပ္ပံနှင့် ပတ်သက်သော ဗဟုသုတများစွာကြားသိခဲ့ရသည်။ ကျောင်းအုပ်ကြီးတာဝန် ထမ်းဆောင်သွားခဲ့သော ညွှန်ကြားရေးမှူး ဗိုလ်မှူးသန်းရွှေ၏ စည်းကမ်းစနစ်ကျနပုံ၊ လုံ့လဝီရိယရှိပုံများကိုလည်း စီကာပတ်ကုံးပြောပြနိုင်သူဖြစ်ပါသည်။ မှတ်မှတ်ရရ သူ့ထံမှ သိခွင့်ရလိုက်သည်မှာ ဖွံ့ဖြိုးရေးသိပ္ပံဆင်းများအား သင်တန်းပြီးဆုံးပါက ဘယ်လိုရာထူးမျိုး ခန့်အပ်တာဝန်ပေးမလဲ ဆိုတာနှင့်ပတ်သက်၍ လူကြီးတွေစဉ်းစားဆုံးဖြတ်ခဲ့ပုံကို ကျောင်းအုပ်ကြီး ဗိုလ်မှူးသန်းရွှေ ပြန်လည်ပြောပြသည့် စကားတစ်ခွန်းပဲဖြစ်သည်။ ဖွံ့ဖြိုးရေးသိပ္ပံဆင်းများကို ဌာနဆိုင်ရာအသီးသီးသို့ ပို့လွှတ်၍ ဝန်ထမ်းများအဖြစ် ခန့်အပ်မည်ဆိုလျှင်လည်းရကြောင်း၊ သို့သော် နယ်စပ်ဒေသများအထိသွားရောက်၍ တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ထိတွေ့ဆက်ဆံကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ရေးအတွက်ဆိုလျှင် ပညာရေးဝန်ထမ်းများကသာ စည်းရုံးရေးမှူးကောင်းများ ဖြစ်လာနိုင်ကြောင်း၊ ကျောင်းတော်ကြီးမှ သင်ကြားပေးလိုက်သော ပညာရပ်များနှင့် မိမိတို့၏ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများပေါင်းစပ်၍ ပြောဆိုဆက်ဆံ စည်းရုံး ဆောင်ရွက်နိုင်ကြမည် ဖြစ်ကြောင်း၊ သည့်အတွက် လူကြီးများအနေဖြင့် ဖွံ့ဖြိုးရေးသိပ္ပံ(ဖွံ့ဖြိုးရေးတက္ကသိုလ်) ကျောင်းဆင်းများကို ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများအဖြစ် ခန့်အပ်တာဝန်ပေးခဲ့ခြင်းဖြစ်သည်ဟု ကျောင်းအုပ်ကြီးက ပြောပြခဲ့ကြောင်း ဦးလုထွန်းထံမှတစ်ဆင့် ပြန်လည်ကြားသိခဲ့ရပါသည်။ မိတ်ဆွေကြီး ဦးလုထွန်း အပြောကောင်း၍ပဲလားတော့မသိ သင်တန်းဆင်းပွဲတက်ရောက်ရန် နေပြည်တော်မှထွက်အလာ စစ်ကိုင်းမြို့သို့ဖြတ်ချိန်တွင် ကမ်းနားလမ်းဘက်ကို ချိုးကွေ့ပြီး ဖွံ့ဖြိုးရေးသိပ္ပံစတင်သန္ဓေတည်ခဲ့သည့်နေရာ (ယခုစစ်ကိုင်းပညာရေးကောလိပ်) သို့ တကူးတကသွားရောက်လေ့လာ ကြည့်ရှုခဲ့မိသေး၏။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို စစ်ကိုင်းမြို့မှ ရွာသစ်ကြီးစံပြကျေးရွာသို့ ၁၉၆၈ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ထိုမှ ၁၉၉၁ ခုနှစ် မေလ ၁၀ ရက်နေ့ ၌ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့သည်။ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများသည် တက္ကသိုလ်တွင် ခင်မင်ရင်းနှီးစွာနေထိုင်လျက် ပညာရှာမှီးကြရင်း ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲမှုရှိစေရန်၊

(ခ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံကောင်းများကို ထိန်းသိမ်းရန်နှင့် နားလည်သဘောပေါက်ရန်၊

(ဂ) ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ၏ စားဝတ်နေရေး အဆင့်အတန်း မြင့်မားစေရန် ဆောင်ရွက်လိုသည့် စိတ်ဓာတ် ထက်သန်စေရန်၊

(ဃ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရာတွင် လိုအပ်သည့် ဦးဆောင်နိုင်မှုစွမ်းရည်မြှင့်တင်ရန်၊

(င) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးမှုလုပ်ငန်းများ အောင်မြင်မှုကို ရှေးရှု၍ သုတေသန လုပ်ငန်းများ ဆောင်ရွက်လိုသည့် စိတ်ဓာတ်မွေးမြူပေးရန်၊

(စ) ပါတီနိုင်ငံရေး ကင်းစင်ပြီး စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းမွန်သော ပညာရေးဝန်ထမ်းကောင်းများ မွေးထုတ်ပေးရန်၊

(ဆ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းလိုသည့် စိတ်ဓာတ်ရှင်သန်ပွားများစေရန်၊

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ရောက်တုန်းရောက်ခိုက်တွင် တက္ကသိုလ်စာကြည့်တိုက်နှင့် ပြတိုက်ကိုလည်းဝင်ရောက်ကြည့်ရှုလေ့လာခဲ့ပါသည်။ ပြတိုက်မြေညီထပ်တွင် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးစံများဆိုင်ရာ ပစ္စည်းများ၊ ရုပ်လုံးရုပ်ကြွများ၊ ပန်းချီကားများကို ပြခန်းနှစ်ခုခွဲ၍ ခင်းကျင်းပြသထားပါသည်။ ပထမထပ်တွင် တက္ကသိုလ်အဆင့် ခေတ်မီစာကြည့်တိုက်နှင့် e-Education Resource Center၊ e-Education Learning Center တို့ကိုဖွင့်လှစ်ထားပါသည်။ စာကြည့်တိုက်မှူးနှင့် တာဝန်ကျဝန်ထမ်းများကလည်း စိတ်ရှည်လက်ရှည် လိုက်လံရှင်းလင်းပြသပါသည်။ ကျွန်တော်စိတ်ဝင်စားမိသော ပြကွက်များထဲတွင် ခေတ်အဆက်ဆက် ကျောင်းအုပ်ကြီးတာဝန် ထမ်းဆောင်သွားသူများ၏ ဓာတ်ပုံများကိုလည်းကောင်း၊ ဆယ်စုနှစ်အလိုက် ဖော်ပြထားသော တက္ကသိုလ်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ ပြကွက်တို့ပင်ဖြစ်သည်။

သင်တန်းဆင်းပွဲအပြီး နောက်တစ်နေ့ရွာသစ်ကြီးမှ နေပြည်တော်သို့ ပြန်လည်ထွက်ခွာလာခဲ့ပါသည်။ ကျွန်တော်၏ စိတ်အစဉ်၌မူ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုကို ကိုယ်စားပြုထားသည့် အလံငယ်များ တလူလူလွင့်နေသော ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အဝင်မုခ်ဦးသည်လည်းကောင်း၊ ခံ့ညားထည်ဝါလှသည့် ဘွဲ့နှင်းသဘင် ခန်းမကြီးသည်လည်းကောင်း၊ မြန်မာပြည်မြေပုံကြီးကို ဝန်းရံထားသော စာသင်ဆောင်များသည်လည်း

> **နယ်စပ်ဒေသများအထိသွားရောက်၍ တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ထိတွေ့ဆက်ဆံကာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ရေးအတွက်ဆိုလျှင် ပညာရေးဝန်ထမ်းများကသာ စည်းရုံးရေးမှူးကောင်းများ ဖြစ်လာနိုင်ကြောင်း၊ ကျောင်းတော်ကြီးမှ သင်ကြားပေးလိုက်သော ပညာရပ်များနှင့် မိမိတို့၏ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ ပေါင်းစပ်၍ ပြောဆိုဆက်ဆံစည်းရုံးဆောင်ရွက်နိုင်ကြမည်ဖြစ်**



ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် စာသင်ဆောင်များ

ကောင်း၊ စနစ်တကျအစီအရီ တည်ဆောက်ပေးထားသော သင်တန်းသားအိပ်ဆောင်များနှင့် သင်တန်းသူအိပ်ဆောင်များသည်လည်းကောင်း၊ ကျောင်းပရဝဏ်အတွင်းမှ စိမ်းညို့ညို့သရက်ပင်အုပ်များသည်လည်းကောင်း၊ တဖျပ်ဖျပ် ထင်ဟပ်နေဆဲဖြစ်သည်။ ထို့ထက်ပို၍ ညွှန်းဆိုရလျှင် အဆိုပါတက္ကသိုလ် ပရိဝုဏ်ကြီးအတွင်း၌ မွှေးပျံ့သင်းထုံသော ပန်းရနံ့တစ်ခုကို ကျွန်တော် မှူးမှူးမေ့မေ့ နမ်းရှိုက်လိုက်ရသည်။ သေချာပါသည်။ ပြည်ထောင်စုစိတ်ဓာတ် ပန်းရနံ့များ၊ ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် ရစ်ပတ်ထုံမွှမ်းနှောင်ဖွဲ့ထားသော ပြည်ထောင်စုစိတ်ဓာတ်ပန်းရနံ့များပါပေတည်း။ ။

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

## အခန်း(၁၅)
## ဘဏ္ဍာငွေများလွှဲပြောင်းခြင်း

၅၆။ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများသည် ဤဥပဒေအရ ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွှယ်လျက်ရှိသည့် အောက်ပါဘဏ္ဍာငွေများကို ပြည်ပသို့ လွှဲပြောင်းနိုင်သည် -

(က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသည့် မတည်ရင်းနှီးငွေစာရင်းဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ထားသည့် မတည်ရင်းနှီးငွေများ၊

(ခ) ဤဥပဒေအရရင်းနှီးမြှုပ်နှံမှုမှထွက်ပေါ်လာသော အကျိုးအမြတ်များ၊ အခြေပစ္စည်းမှအမြတ်အစွန်းများ၊ အစုပေါ်အမြတ်များ၊ ခိုင်ကြေးများ၊ မူပိုင်ခများ၊ လိုင်စင်ကြေးများ၊ နည်းပညာ အကူအညီထောက်ပံ့မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အခကြေးငွေများ၊ အစုရှယ်ယာနှင့် အခြားလက်ရှိဝင်ငွေများ၊

(ဂ) ရင်းနှီးမြှုပ်နှံမှုတစ်ခု၏ စုစုပေါင်းရောင်းချမှု သို့မဟုတ် တစ်စိတ်တစ်ပိုင်းရောင်းချမှုသို့မဟုတ်လုပ်ငန်းတစ်ခုခု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်သည့် ပိုင်ဆိုင်မှုစာရင်း ရှင်းလင်းဖျက်သိမ်းခြင်းတို့မှထွက်ပေါ်လာသည့် အမြတ်အစွန်းများ၊

(ဃ) ချေးငွေသဘောတူစာချုပ်အပါအဝင် ပဋိညာဉ်စာချုပ်အရပေးချေရမည့်ငွေများ၊

(င) ရင်းနှီးမြှုပ်နှံမှု အငြင်းပွားမှုဖြေရှင်းခြင်းမှ ထွက်ပေါ်လာသည့် ပေးချေငွေများ၊

(စ) ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် ပစ္စည်းသိမ်းယူခြင်းတို့မှ လျော်ကြေးအဖြစ်ရရှိသည့်ငွေကြေးများ၊ အခြားလျော်ကြေးငွေများ၊

(ဆ) နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီခန့်အပ်ထားသည့် နိုင်ငံခြားသား ကျွမ်းကျင်သူဝန်ထမ်းများ၏ လုပ်ခလစာနှင့် ဝင်ငွေ။

၅၇။ ချေးငွေလွှဲပြောင်းခြင်း သို့မဟုတ် ချေးငွေရယူခြင်းတို့နှင့် စပ်လျဉ်း၍ သတ်မှတ်စည်းမျဉ်းများနှင့်အညီ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် လွှဲပြောင်း သို့မဟုတ် ရယူရမည်။

၅၈။ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများသည် ဤဥပဒေအရဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွှယ်လျက်ရှိသည့် အောက်ပါကိစ္စရပ်များတွင် နိုင်ငံတော်အတွင်းမှ ပြည်ပသို့လွတ်လပ်စွာဖြင့် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ လွှဲပြောင်းနိုင်သည်-

(က) ခိုင်ကြေးများ၊ လိုင်စင်ကြေးများ၊ နည်းပညာအကူအညီ ထောက်ပံ့မှု၊ စီမံခန့်ခွဲမှုဆိုင်ရာ အခကြေးငွေများနှင့် မည်သည့်ပြင်ပအဖွဲ့အစည်းကိုမဆို ပေးရန်ရှိသည့်အတိုးငွေများ၊

(ခ) ချေးငွေသဘောတူစာချုပ်အပါအဝင် ပဋိညာဉ်စာချုပ်အရ ပေးချေရမည့်ငွေများနှင့် အာမခံလျော်ကြေးငွေများ၊

(ဂ) စီရင်ချက်အမိန့်၊ အနုညာတစီရင်ဆုံးဖြတ်ခြင်း သို့မဟုတ် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူမှပေးရန်ရှိသည့် သဘောတူညီချက်အပါအဝင် အငြင်းပွားမှု ဖြေရှင်းခြင်းမှထွက်ပေါ်လာသည့် ပေးချေငွေများ။

၅၉။ ဘဏ္ဍာငွေလွှဲပြောင်းမှုများအားလုံးသည် လွှဲပြောင်းမည့် ပမာဏအပေါ် မူတည်၍ သတ်မှတ်ထားသည့်အခွန်ဆိုင်ရာ ဥပဒေများနှင့်အညီ အခွန်ထမ်းဆောင်ပြီးမှသာ လွှဲပြောင်းရမည်။

၆၀။ တရားဝင်ခွင့်ပြုမိန့်ဖြင့် အလုပ်လုပ်ကိုင်သော နိုင်ငံခြားသား ကျွမ်းကျင်သူဝန်ထမ်းများသည် ဝင်ငွေခွန်ဥပဒေအရ ပြဋ္ဌာန်းထားသည့် အခွန်ထမ်းဆောင်မှုဆိုင်ရာဝတ္တရားများအရ လွှဲပြောင်းမည့် ငွေကြေးပမာဏအပေါ်မူတည်၍ အခွန်အခများပေးဆောင်ပြီးသောငွေကို မည်သည့်နုတ်ယူခြင်းမျှမရှိဘဲ နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသော ဘဏ်များမှတစ်ဆင့် ငွေလွှဲနိုင်သည်။

၆၁။ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများသည် ပုဒ်မ ၅၆ တွင် ဖော်ပြထားသည့် ဘဏ္ဍာငွေများလွှဲပြောင်းခြင်းပြုလုပ်ရာတွင် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ၏ ငွေလုံးငွေရင်းစာရင်း သို့မဟုတ် သာမန်စာရင်းတွင် အကျုံးဝင်သည့်ငွေများကို နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသော ဘဏ်များမှတစ်ဆင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေအရ လွတ်လပ်စွာသုံးစွဲနိုင်သည့် ငွေကြေးဖြင့် လွှဲပြောင်းနိုင်သည်။

၆၂။ အစိုးရအဖွဲ့သည် အောက်ပါအခြေအနေတစ်ရပ်ရပ်နှင့် ဆက်စပ်သော နိုင်ငံခြား ငွေလွှဲပြောင်းမှုကိုဟန့်တားခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းပြုနိုင်သည်-

(က) လူမွဲစာရင်းခံခြင်း သို့မဟုတ် မြီရှင်များ၏ အခွင့်အရေးများကို ကာကွယ်ရန် လိုအပ်သည့် အခြေအနေ၊

(ခ) ပြစ်မှု သို့မဟုတ် ပြစ်မှုမကင်းသည့် နည်းလမ်းဖြင့်ရရှိသည့် ငွေများအား တရားဝင်ငွေအဖြစ် လွှဲပြောင်းသည့် အခြေအနေ၊

(ဂ) ငွေကြေးဆိုင်ရာ အစီရင်ခံခြင်း သို့မဟုတ် လွှဲပြောင်းမှုဆိုင်ရာ မှတ်တမ်းများအား ဥပဒေကြောင်းအရ အတည်ပြုရန် သို့မဟုတ် ငွေကြေးအာဏာပိုင်အဖွဲ့အစည်းများကို ပံ့ပိုးကူညီရန် လိုအပ်သည့် အခြေအနေ၊

(ဃ) တရားစီရင်ရေး သို့မဟုတ် စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်ချက်များတွင် အမိန့်များ သို့မဟုတ် စီရင်ချက်များနှင့်အညီ ဆောင်ရွက်ရမည့် အခြေအနေ၊

(င) အခွန်ကိစ္စရပ်များ၊

(စ) လူမှုဖူလုံရေးဝန်ထမ်းများ၏ အငြိမ်းစားယူမှု သို့မဟုတ် မဖြစ်မနေငွေစုဆောင်းရေးအစီအစဉ်များ၊

(ဆ) အလုပ်သမားများ၏ရပိုင်ခွင့်များ နစ်နာဆုံးရှုံးရသည့် အခြေအနေ။

၆၃။ အစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း၌ ရင်းနှီးမြှုပ်နှံသူနှင့် ယင်း၏ ရင်းနှီးမြှုပ်နှံမှုအတွက် အသုံးပြုရန်လိုအပ်သည့် မတည်ငွေရင်း သို့မဟုတ် အသုံးစရိတ်များနှင့် နိုင်ငံခြားချေးငွေများကို တည်ဆဲဥပဒေနှင့်အညီ ပြည်ပမှ ငွေလွှဲပြောင်းရယူခွင့်ပြုသည်။

၆၄။ ပြည်ပငွေပေးငွေယူခြင်းဆိုင်ရာ သို့မဟုတ် ပြည်ပငွေကြေးအခက်အခဲများ ဆိုးရွားစွာဖြစ်ပေါ်နေသည့်အခြေအနေတွင် အစိုးရအဖွဲ့သည် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံတော်၏အခြားနိုင်ငံတကာကတိကဝတ်များနှင့်အညီ ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်းသည့် ငွေပေးချေမှု သို့မဟုတ် လွှဲပြောင်းပေးမှုဆိုင်ရာ ကန့်သတ်ချက်များကိုချမှတ်နိုင်သည် သို့မဟုတ် ထိန်းသိမ်းနိုင်သည်။

## အခန်း(၁၆)
## ရင်းနှီးမြှုပ်နှံသူများ၏တာဝန်ဝတ္တရားများ

၆၅။ ရင်းနှီးမြှုပ်နှံသူသည် -

(က) နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးတမ်း၊ အစဉ်အလာ၊ ရိုးရာယဉ်ကျေးမှုတို့ကို လေးစားလိုက်နာရမည်။

(ခ) ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်ရန်အတွက် ကုမ္ပဏီ သို့မဟုတ် တစ်ဦးတည်းပိုင် သို့မဟုတ် တရားဝင်စီးပွားရေး အဖွဲ့အစည်းများ သို့မဟုတ် အဆိုပါတရားဝင်စီးပွားရေး အဖွဲ့အစည်း၏ ရုံးခွဲများကို ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ရမည်။

(ဂ) တည်ဆဲဥပဒေများနှင့် ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ သဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့် အခွန်ဆိုင်ရာ တာဝန်ရှိမှုအပါအဝင် ၎င်းတို့အား ထုတ်ပေးထားသော အထူးပြုလိုင်စင်၊ ခွင့်ပြုမိန့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့် လက်မှတ်များတွင် ပါဝင်သည့် စည်းကမ်းချက်များ၊ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဃ) လုပ်ငန်းသဘာဝအရ ဖြစ်စေ၊ အခြားလိုအပ်ချက်အရ ဖြစ်စေ သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့်အဖွဲ့အစည်းများမှ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရယူရန် လိုအပ်လျှင်ဖြစ်စေ၊ မှတ်ပုံတင်ရန် လိုအပ်လျှင်ဖြစ်စေ သက်ဆိုင်ရာဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(င) မိမိငှားရမ်းခွင့်ရရှိထားသော သို့မဟုတ် အသုံးပြုခွင့်ရရှိထားသော မြေ၏ မြေပေါ်မြေအောက်တွင် ခွင့်ပြုထားသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်မှုမရှိသော၊ မူလသဘောတူစာချုပ်တွင် မပါဝင်သော သဘာဝတွင်းထွက်ပစ္စည်းများ သို့မဟုတ် ရှေးဟောင်းပစ္စည်းများနှင့် ရတနာသိုက် အစရှိသည်တို့ကို တွေ့ရှိပါက ကော်မရှင်ထံသို့ ချက်ချင်းသတင်းပေးအကြောင်းကြားရမည်။ ကော်မရှင်ကခွင့်ပြုလျှင် ယင်းမြေပေါ်၌ ဆက်လက်လုပ်ကိုင်နိုင်ပြီး ခွင့်မပြုလျှင် ရင်းနှီးမြှုပ်နှံသူက ရွေးချယ်တင်ပြသည့် နေရာတစ်ခုအား အစားထိုးခွင့်ပြုချက်ရယူ၍ ပြောင်းရွှေ့ဆောင်ရွက်ရမည်။

(စ) မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသောမြေ၏ သဘာဝမြေမျက်နှာသွင်ပြင် သို့မဟုတ် မြေအနိမ့်အမြင့် အနေအထားအား သိသာထင်ရှားစွာ ပြောင်းလဲမှုကို ကော်မရှင်၏ ခွင့်ပြုချက်မရှိဘဲ မပြုလုပ်ရ။

(ဆ) မိမိ၏ ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာတွင် ကျင့်သုံးသည့် အကောင်းဆုံးစံချိန်စံညွှန်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု၊ ညစ်ညမ်းမှု၊ နစ်နာမှုမဖြစ်စေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရန် လိုက်နာဆောင်ရွက်ရမည်။

(ဇ) ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ဖြင့် ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံမှုများနှင့်သက်ဆိုင်သည့် လုပ်ငန်းဆိုင်ရာ စာရင်းဇယားများ၊ နှစ်ပတ်လည် ငွေစာရင်းများနှင့် လိုအပ်သည့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံတကာနှင့် ပြည်တွင်းအသိအမှတ်ပြု စာရင်းကိုင် စံနှုန်းများနှင့်အညီ ကောင်းမွန်စွာ ပြုစုမှတ်တမ်းတင် ထားရှိရမည်။

(ဈ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ဖောက်ဖျက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု အပြီးပိတ်သိမ်းခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရပ်ဆိုင်းခြင်း၊ လုပ်သားအင်အားလျှော့ချခြင်းတို့အတွက် အလုပ်သမားများအား တည်ဆဲဥပဒေများနှင့်အညီ နစ်နာကြေးပေးပြီးမှသာ ရင်းနှီးမြှုပ်နှံမှုကို ရပ်ဆိုင်းပိတ်သိမ်းရမည်။

(ည) ခိုင်လုံသော အကြောင်းပြချက်ဖြင့် ရင်းနှီးမြှုပ်နှံမှု ယာယီပိတ်သိမ်းရပါက ပိတ်သိမ်းထားရသည့်ကာလအတွင်း အလုပ်သမားများအား တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ စသည်တို့နှင့်အညီ လုပ်ခ၊ လစာပေးရမည်။

(ဋ) အလုပ်ကြောင့် ထိခိုက်ဒဏ်ရာရရှိမှု၊ ကိုယ်အင်္ဂါ အစိတ်အပိုင်းချို့ယွင်းဆုံးရှုံးမှု၊ ရောဂါရရှိမှု၊ သေဆုံးမှုတို့ ဖြစ်ပွားသော အလုပ်သမားများအတွက် သက်ဆိုင်ရာ အလုပ်သမား သို့မဟုတ် အမွေဆက်ခံခွင့်ရှိသူအား တည်ဆဲဥပဒေနှင့်အညီ ရထိုက်သည့်နစ်နာကြေးနှင့် လျော်ကြေးကို ပေးရမည်။

(ဌ) မိမိ၏ ရင်းနှီးမြှုပ်နှံမှုတွင် လာရောက် အလုပ်လုပ်ကိုင်နေသည့် နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များနှင့် ကြီးကြပ်သူများ၊ မိသားစုဝင်များသည် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို လေးစားလိုက်နာရန် ကြပ်မတ်ရမည်။

(ဍ) အလုပ်သမားရေးရာဥပဒေများကို လေးစားလိုက်နာရမည်။

(ဎ) ဥပဒေနှင့်အညီ တရားစွဲဆိုခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိရမည်။

(ဏ) ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ပါ ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်ချက်အရ ဆောင်ရွက်ခြင်းမှတစ်ပါး ရင်းနှီးမြှုပ်နှံမှုနှင့် မသက်ဆိုင်သော သစ်တောများခုတ်ထွင်ခြင်း၊ သဘာဝသယံဇာတများ တူးဖော်ခြင်းစသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေခြင်းနှင့် လူမှုစီးပွားအပေါ်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေပါက အဆိုပါဆုံးရှုံးနစ်နာမှုအတွက် ထိရောက်သည့် လျော်ကြေးကို နစ်နာသူထံသို့ ပေးလျော်ရမည်။

(တ) ကော်မရှင်က ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား စစ်ဆေးကြည့်ရှုရန် ကြိုတင်အကြောင်းကြားလာပါက မည်သည့်နေရာကိုမဆို ဝင်ရောက်စစ်ဆေးရန် ခွင့်ပြုပေးရမည်။

(ထ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ကြိုတင်ခွင့်ပြုချက်ရယူရန် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများသည် ဆန်းစစ်ခြင်းများ မလုပ်ဆောင်မီကော်မရှင်၏ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ကို ဦးစွာရယူရမည်။ ဤသို့ကော်မရှင်၏ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် ရယူထားသည့် ရင်းနှီးမြှုပ်နှံမှုများသည် ၎င်းတို့လုပ်ငန်းဆောင်ရွက်နေသည့် ကာလတစ်လျှောက်လုံးလိုအပ်သည့် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ချက်များ ဆောင်ရွက်မှုအခြေအနေများကို ကော်မရှင်သို့ တင်ပြရမည်။

၆၆။ ကော်မရှင်သည် ပုဒ်မ ၆၅၊ ပုဒ်မခွဲ (ထ) ပါ ဆန်းစစ်ချက်အပေါ် မူတည်၍ အဆိုပါရင်းနှီးမြှုပ်နှံမှုများအား ဆက်လက်ဆောင်ရွက်စေခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းအပါအဝင် လိုအပ်သည်များ စီမံဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်။

၆၇။ ရင်းနှီးမြှုပ်နှံသူများသည် ပုဒ်မ ၆၅တွင် ပြဋ္ဌာန်းသတ်မှတ်ထားသည့် တာဝန်ရှိမှုအားလုံးကို ဤဥပဒေအာဏာသက်ဝင်သည့်နေ့မှစ၍ လိုက်နာဆောင်ရွက်ရမည်။

၆၈။ ရင်းနှီးမြှုပ်နှံသူသည် ခွင့်ပြုကာလမကုန်ဆုံးမီ ရင်းနှီးမြှုပ်နှံမှုရပ်စဲပါက ၎င်း၏ ရင်းနှီးမြှုပ်နှံမှုအတွက် အကောက်ခွန်နှင့် အခြားပြည်တွင်း အခွန်အကောက်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် သို့မဟုတ် နှစ်မျိုးစလုံးတို့ဖြင့် ပြည်ပမှ တင်သွင်းခဲ့သော စက်ယန္တရားများ၊ ပစ္စည်းကိရိယာများ၊ မော်တော်ယာဉ်များနှင့် ပြည်ပမှ တင်သွင်းခဲ့သည့် ပစ္စည်းများအားလုံး ရောင်းချခြင်း၊ ပြန်လည်တင်ပို့ခြင်း၊ စီမံခန့်ခွဲခြင်းတို့ ဆောင်ရွက်ရာတွင် ကော်မရှင်၏ ခွင့်ပြုချက်နှင့်အညီ တင်သွင်းစဉ်က ခံစားခဲ့သော အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် သို့မဟုတ် နှစ်မျိုးစလုံးကို ပြန်လည်ပေးဆောင်ပြီးမှသာ ဆောင်ရွက်ရမည်။

၆၉။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်မှခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ရရှိ ပြီးမှသာ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခု သို့မဟုတ် အဖွဲ့အစည်းများနှင့် လိုအပ်သည့်ပဋိညာဉ်စာချုပ်များအား ချုပ်ဆိုခြင်း၊ လက်မှတ်ရေးထိုးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများအား ဆောင်ရွက်ခွင့်ရှိသည်။

၇၀။ ပုဒ်မ ၆၉ တွင် ဖော်ပြထားသည့် ပဋိညာဉ်စာချုပ်များ သက်တမ်းတိုးမြှင့်ခြင်း၊ ပြင်ဆင်ခြင်းတို့အတွက် ကော်မရှင်၏ ခွင့်ပြုချက်ရယူရမည်။

၇၁။ ရင်းနှီးမြှုပ်နှံသူသည် ၎င်း၏ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ရာတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားအလိုက် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျန်းမာရေးဆိုင်ရာ ဆန်းစစ်ချက်၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်မှုဆန်းစစ်ချက်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်တို့ကို ဆောင်ရွက်ရမည်။

၇၂။ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ရယူထားသော ရင်းနှီးမြှုပ်နှံမှုအားလုပ်ငန်းသက်တမ်းကာလအတွင်း အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်း၊ လုပ်ငန်းလွှဲပြောင်းခြင်းတို့ကို ကော်မရှင်သို့ အသိပေးတင်ပြရမည်။

## အခန်း(၁၇)
## အာမခံထားရှိခြင်း

၇၃။ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော်အတွင်း အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည့် အာမခံလုပ်ငန်းတစ်ခုခုတွင်နည်းဥပဒေ၌ ဖော်ပြသတ်မှတ်ထားသောအာမခံအမျိုးအစားများကို အာမခံထားရှိရမည်။

## အခန်း(၁၈)
## ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ

၇၄။ ကော်မရှင်သည် နိုင်ငံတော်အတွင်း ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သည့်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်စေခြင်းအားဖြင့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရေးအတွက် လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်းကောင်း အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ရပ်ထက်ပို၍ဖြစ်စေ ခံစားခွင့်ပြုရန် ရင်းနှီးမြှုပ်နှံသူကလျှောက်ထားလာလျှင် စိစစ်၍ခွင့်ပြုပေးနိုင်သည်။

၇၅။ (က) ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့်ပတ်သက်၍ ဖွံ့ဖြိုးမှုနည်းပါးသော ဒေသများအား ဇုန် (၁) အဖြစ် လည်းကောင်း၊ ဖွံ့ဖြိုးမှုအသင့်အတင့်ရှိသောဒေသများအား ဇုန် (၂)အဖြစ် လည်းကောင်း၊ ဖွံ့ဖြိုးမှုရှိသော ဒေသများအား ဇုန် (၃) အဖြစ်လည်းကောင်း၊ အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကော်မရှင်က အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ကာ ဇုန် (၁) အတွင်း ရင်းနှီးမြှုပ်နှံသူများအား စီးပွားဖြစ်စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း ၇ နှစ်အထိလည်းကောင်း၊ ဇုန်(၂)အတွင်း ရင်းနှီးမြှုပ်နှံသူများအား စီးပွားဖြစ် စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း ၅ နှစ်အထိ လည်းကောင်း၊ ဇုန်(၃) အတွင်း ရင်းနှီးမြှုပ်နှံသူများအား စီးပွားဖြစ် စတင်သောနှစ် အပါအဝင် တစ်ဆက်တည်း ၃ နှစ်အထိလည်းကောင်း ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ခ) အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကော်မရှင်သည် ဇုန်သတ်မှတ်ခြင်းကို သက်ဆိုင်ရာဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် မူတည်၍ အခါအားလျော်စွာ လိုအပ်သလို ပြောင်းလဲသတ်မှတ်နိုင်သည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

(ဂ) ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ဆောင်ရွက်ရန် ကော်မရှင်က အမိန့်ကြော်ငြာစာထုတ်ပြန်ထားသည့် ကဏ္ဍများအတွက်သာခွင့်ပြုရမည်။

၇၆။ အခန်း (၁၁) ပါရင်းနှီးမြှုပ်နှံသူများအား ဆက်ဆံဆောင်ရွက်ခြင်းပြဋ္ဌာန်းချက်များအပြင် အစိုးရအဖွဲ့သည် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများ သို့မဟုတ် နိုင်ငံသားပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများအား အထောက်အပံ့များ၊ ငွေကြေးဆိုင်ရာ ပံ့ပိုးမှုများ၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ သင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ထို့အပြင် မြန်မာနိုင်ငံသားပိုင်စီးပွားရေးလုပ်ငန်းများမှ လုပ်ငန်းဆောင်ရွက်နေသည့်နေရာ သို့မဟုတ် စီးပွားရေးလုပ်ငန်းအမျိုးအစားများနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များတွင် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခွင့်ပြုပေးနိုင်သည်။

၇၇။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူက တင်ပြလျှောက်ထားလာလျှင်အောက်ပါ အကောက်ခွန်နှင့် အခြားပြည်တွင်းအခွန်အကောက်များကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကို စိစစ်ခွင့်ပြုပေးနိုင်သည် -

(က) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှုကာလ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပြင်ဆင်မှုကာလအတွင်း အမှန်တကယ် လိုအပ်၍ တင်သွင်းသော စက်ပစ္စည်းများ၊ အသုံးအဆောင် တန်ဆာပလာများ၊ စက်ကိရိယာ အစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ ပြည်တွင်း၌ ဝယ်ယူရရှိနိုင်ခြင်းမရှိသော တည်ဆောက်ရေးပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်း အခွန် အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကို ဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ခ) ပြည်ပသို့ ရာနှုန်းပြည့်တင်ပို့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများက ပို့ကုန်ထုတ်လုပ်ရန်အတွက် တင်သွင်းသော ကုန်ကြမ်းပစ္စည်းများ၊ တစ်ပိုင်းတစ်စ ထုတ်လုပ်ပြီးသော ကုန်ပစ္စည်းများ အပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ဂ) ပြည်ပမှ ကုန်ကြမ်းပစ္စည်းများနှင့် တစ်စိတ်တစ်ပိုင်းထုတ်လုပ်ပြီးသော ပစ္စည်းများတင်သွင်းပြီးပြည်တွင်း၌ ကုန်ပစ္စည်းထုတ်လုပ်ကာ ပြည်ပသို့ ပြန်လည်တင်ပို့ခဲ့လျှင် တင်ပို့သည့် ကုန်ပစ္စည်းပမာဏအတွက် ပြည်ပမှတင်သွင်းခဲ့သောကုန်ကြမ်းပစ္စည်းများနှင့်တစ်စိတ်တစ်ပိုင်း ထုတ်လုပ်ပြီးသော ပစ္စည်းများအပေါ်တွင် ကောက်ခံခဲ့သောအကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေပြန်လည်ထုတ်ပေးခွင့်၊

(ဃ) ကော်မရှင်၏ခွင့်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပမာဏ တိုးမြှင့်ပြီး မူလရင်းနှီးမြှုပ်နှံသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း တိုးချဲ့လုပ်ကိုင်ပါက ယင်းသို့တိုးချဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် အမှန်တကယ်အသုံးပြုရန် လိုအပ်၍ တင်သွင်းသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင်တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ပြည်တွင်း၌ ဝယ်ယူရရှိနိုင်ခြင်းမရှိသော တည်ဆောက်ရေးပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်း အခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်။

၇၈။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူက လျှောက်ထားလာလျှင် အောက်ပါ ကင်းလွတ်ခွင့်နှင့်သက်သာခွင့်ကို လိုအပ်သလို စိစစ်ခွင့်ပြုနိုင်သည် -

(က) ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ရရှိထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှရရှိသည့် အမြတ်ငွေကို အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် ဖြစ်စေ၊ ၎င်း၏အခြား အမျိုးအစားတူ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင်ဖြစ်စေ တစ်နှစ်အတွင်း၌ ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ခ) ဝင်ငွေခွန်စည်းကြပ်ရန်အလို့ငှာ စက်ပစ္စည်း၊ စက်ကိရိယာ၊ အဆောက်အအုံ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသုံး အခြား မတည်ပစ္စည်းများအပေါ်တွင် သတ်မှတ်အချိန်ကာလထက် လျော့နည်းသော ပစ္စည်းတန်ဖိုး လျော့တွက်နှုန်းထားဖြင့် စီးပွားဖြစ် စတင်သောနှစ်မှ စတင်၍ တွက်ချက်ခံစားခွင့်၊

(ဂ) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အမှန်တကယ်လိုအပ်၍ နိုင်ငံတော်အတွင်း ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်ကို အခွန်စည်းကြပ်ထိုက်သော ဝင်ငွေမှနုတ်ပယ်ခွင့်။

၇၉။ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ ဝင်ငွေအပေါ်တွင် ပြည်တွင်းနေ နိုင်ငံသားများပေးဆောင်သည့် ဝင်ငွေခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၈၀။ ပုဒ်မ ၇၅၊ ၇၇ နှင့် ၇၈ တွင် ပြဋ္ဌာန်းထားသည့် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များမှအပ အခြားအခွန်ဆိုင်ရာ ကိစ္စရပ်များအား သက်ဆိုင်ရာ အခွန်ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၈၁။ ပုဒ်မ ၇၅၊ ၇၇၊ ၇၈ နှင့် ၈၀ တို့ပါ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များသည် အထူးစီးပွားရေးဇုန်တွင် လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

## အခန်း(၁၉)
## အငြင်းပွားမှုဖြေရှင်းခြင်း

၈၂။ ဤဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ရာတွင် ကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြဿနာရပ်များအား တရားဝင်အငြင်းပွားမှုအဆင့်သို့ မရောက်ရှိမီ ဖြေရှင်းနိုင်ရန်၊ အငြင်းပွားမှုဖြစ်ပွားခြင်းမှ ကာကွယ်ရန်နှင့်သက်ဆိုင်သည့် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နိုင်ရန်အတွက် နစ်နာမှုဖြေရှင်းသည့် နည်းလမ်းတစ်ရပ်ကို စီမံချမှတ်ရမည်။

၈၃။ ရင်းနှီးမြှုပ်နှံသူနှင့် နိုင်ငံတော်အကြား သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ အချင်းချင်းအကြားဖြစ်ပွားသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများကို တရားရုံး သို့မဟုတ် အနုညာတခုံရုံးတို့တွင် တရားမစွဲဆိုမီ အငြင်းပွားသူများသည် အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းရန် ထိုက်သင့်သည့် ကြိုးပမ်းမှုများကို အသုံးပြုရမည်။

၈၄။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်း၍ ပြေလည်မှုမရရှိပါက-

(က) သက်ဆိုင်ရာ စာချုပ်တွင် အငြင်းပွားမှုဖြေရှင်းနည်း သတ်မှတ်ထားခြင်းမရှိလျှင် စီရင်ပိုင်ခွင့်ရှိသော တရားရုံး သို့မဟုတ် အနုညာတခုံရုံး၌ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာစာချုပ်တွင် အငြင်းပွားမှုဖြေရှင်းနည်း သတ်မှတ်ထားခြင်းရှိလျှင် ယင်းသတ်မှတ်ထားသည့် ဖြေရှင်းနည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း(၂၀)
## စီမံခန့်ခွဲရေးပြစ်ဒဏ်

၈၅။ ကော်မရှင်သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ သို့မဟုတ် ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် သို့မဟုတ် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် ရင်းနှီးမြှုပ်နှံသူအပေါ်တွင် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ကို ဖြစ်စေ သို့မဟုတ် တစ်ရပ်ထက်ပိုသောပြစ်ဒဏ်များကိုဖြစ်စေ ချမှတ်နိုင်သည် -

(၁) သတိပေးခြင်း၊
(၂) လုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း၊
(၃) အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ယာယီရပ်ဆိုင်းခြင်း၊
(၄) ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊
(၅) နောင်တွင် မည်သည့်ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်မျှ ထုတ်ပေးမည်မဟုတ်သော နာမည်ပျက်စီးပွားရေးလုပ်ငန်းစာရင်း၌ ထည့်သွင်းခြင်း။

(ခ) ပုဒ်မခွဲ (က) အရ စီမံခန့်ခွဲမှုပြစ်ဒဏ်မချမှတ်မီ စီမံခန့်ခွဲမှု ပြစ်ဒဏ်နှင့်စပ်လျဉ်းသည့် ကြိုတင်အကြောင်းကြားစာကို ရင်းနှီးမြှုပ်နှံသူထံသို့ အကြောင်းကြားရမည်။ ရင်းနှီးမြှုပ်နှံသူသည် ၎င်းအပေါ်ချမှတ်မည့် စီမံခန့်ခွဲမှုပြစ်ဒဏ်နှင့်စပ်လျဉ်း၍ စာဖြင့် ရေးသားမေးမြန်းဖြေရှင်းနိုင်ခွင့်ရှိရမည်။

(ဂ) ပုဒ်မခွဲ (က) အရ စီမံခန့်ခွဲမှုပြစ်ဒဏ်ချမှတ်ရာတွင် ထိုသို့ချမှတ်ရသည့်အကြောင်းအရင်းကို ယင်းချမှတ်သည့် ဆုံးဖြတ်ချက်နှင့်အတူ ဖော်ပြပေးရမည်။

၈၆။ (က) ကော်မရှင်က ပုဒ်မ ၈၅ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကျေနပ်မှုမရှိသည့် ရင်းနှီးမြှုပ်နှံသူသည် အစိုးရအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း အယူခံလျှောက်ထားနိုင်သည်။

(ခ) အစိုးရအဖွဲ့သည် ကော်မရှင်ကချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အတည်ပြုခြင်း ပြုနိုင်သည်။

(ဂ) အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၈၇။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ ပြုစုတင်ပြသောအဆိုပြုချက်၊ စာရင်းဇယားများ၊ စာချုပ်စာတမ်းအထောက်အထားများ၊ ငွေရေးကြေးရေး၊ အလုပ်သမားခန့်ထားရေးဆိုင်ရာအထောက်အထားများစသည်တို့ကို မရိုးမဖြောင့်သောသဘောဖြင့် မမှန်ဖော်ပြကြောင်း သို့မဟုတ် ထိမ်ချန်ကြောင်း ခိုင်လုံသောသက်သေခံအထောက်အထားများ ပေါ်ပေါက်လျှင် ပြစ်မှုကြောင်းအရ အရေးယူခြင်းခံရမည်။

၈၈။ ရင်းနှီးမြှုပ်နှံသူသည် ပုဒ်မ ၄၁ ပါ တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း အပါအဝင် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်လျှင် ဤဥပဒေအရ အရေးယူမည့်အပြင် လိုအပ်ပါက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းခံရမည်။

## အခန်း(၂၁)
## ခြွင်းချက်ပြုရမည့်အချက်များ

၈၉။ ဤဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ အစိုးရအဖွဲ့၏ ဆင်ခြင်တုံတရားဖြင့် ချမှတ်ထားသော သို့မဟုတ် ထိန်းသိမ်းထားသော မျှတမှုရှိသည့် အောက်ပါဆောင်ရွက်ချက်များကို တားမြစ်သည်ဟု မှတ်ယူခြင်းမပြုရ-

(က) ပြည်သူ့ကိုယ်ကျင့်တရားကာကွယ်ရန် သို့မဟုတ် အများပြည်သူအကျိုးငှာ ထိန်းသိမ်းရန်လိုအပ်ချက်၊

(ခ) လူသား၊ တိရစ္ဆာန် သို့မဟုတ် အပင်များ၏သက်တမ်း သို့မဟုတ် ကျန်းမာရေးကာကွယ်ရန်လိုအပ်ချက်၊

(ဂ) ရင်းနှီးမြှုပ်နှံသူများ၊ ဘဏ်တွင် ငွေကြေးအပ်နှံသူများ၊ ငွေကြေးဈေးကွက်တွင် ပါဝင်ဆောင်ရွက်သူများ၊ အာမခံထားရှိသူများ၊ အာမခံတောင်းသူများ သို့မဟုတ် ယုံမှတ်အပ်နှံမှု တာဝန်ရှိသည့် ဘဏ္ဍာရေးအဖွဲ့အစည်းတစ်ခုက ၎င်းမှတာဝန်ရှိသည့်လူပုဂ္ဂိုလ်များကို ကာကွယ်ခြင်း၊

(ဃ) ဘဏ္ဍာရေးအဖွဲ့အစည်းများ၏ လုံခြုံမှု၊ ရပ်တည်နိုင်မှု၊ တည်မြဲမှုနှင့် တည်ငြိမ်မှုကို အာမခံခြင်း၊

(င) နိုင်ငံတော်၏ ဘဏ္ဍာရေးစနစ် တည်တံ့ခိုင်မြဲမှုနှင့် တည်ငြိမ်မှုကို အာမခံခြင်း၊

(စ) ရင်းနှီးမြှုပ်နှံသူနှင့်ပတ်သက်၍ မျှတ၍ထိရောက်မှုရှိသော စည်းကြပ်ခြင်း သို့မဟုတ် တိုက်ရိုက်အခွန်များ ကောက်ခံခြင်းအား သေချာစေရန် ရည်ရွယ်ခြင်း၊

(ဆ) အနုပညာဆိုင်ရာ၊ သမိုင်းဆိုင်ရာ သို့မဟုတ် ရှေးဟောင်းတန်ဖိုးရှိသော အမျိုးသားအမွေအနှစ်ရတနာများ ကာကွယ်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဇ) ပြည်တွင်း၌ ထုတ်လုပ်မှု သို့မဟုတ် သုံးစွဲမှုများကြောင့် ထိခိုက်မှုဖြစ်စေပါက ယင်းသို့မဖြစ်စေရန် သဘာဝသယံဇာတများအား ထိန်းသိမ်းရန်ဆောင်ရွက်ခြင်း။

## အခန်း(၂၂)
## လုံခြုံရေးဆိုင်ရာကင်းလွတ်ခွင့်များ

၉၀။ (က) ဤဥပဒေပါမည်သည့်ပြဋ္ဌာန်းချက်ကမျှ အစိုးရအဖွဲ့က လုံခြုံရေးအလို့ငှာ လိုအပ်သော ဆောင်ရွက်ချက်များပြုလုပ်ခြင်းကို တားမြစ်သည်ဟု မမှတ်ယူရ။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းသတ်မှတ်ချက်များသည် အစိုးရအဖွဲ့က နိုင်ငံတော်၏ အရေးပါသော လုံခြုံရေးကိစ္စကို ကာကွယ်ရန်အတွက် လိုအပ်သည်ဟုယူဆရသည့် အောက်ဖော်ပြပါ ဆောင်ရွက်ချက်တစ်စုံတစ်ရာလုပ်ဆောင်ခြင်းကို တားဆီးခြင်းမရှိစေရ -

(၁) တပ်မတော် သို့မဟုတ် အခြားလုံခြုံရေးအဖွဲ့အား လက်နက်၊ ခဲယမ်းမီးကျောက်နှင့် စစ်လက်နက်ကိရိယာ၊ တန်ဆာပလာများထောက်ပံ့ရန်အတွက် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ဆောင်ရွက်သောဆောင်ရွက်ချက်များ။

(၂) နိုင်ငံတကာဆက်ဆံရေးတွင် စစ်ဖြစ်ပွားခြင်းနှင့် အခြားအရေးပေါ်အခြေအနေများအရ လိုအပ်သလိုဆောင်ရွက်ခြင်း။

## အခန်း(၂၃)
## အထွေထွေ

၉၁။ ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည်နိုင်ငံတော်က အတည်ပြု လက်ခံထားသော အပြည်ပြည်ဆိုင်ရာ စာချုပ်များနှင့် သဘောတူညီချက်ပါ အချက်တစ်ရပ်ရပ်နှင့်ဆန့်ကျင်ကွဲလွဲပါက ထိုဆန့်ကျင်သည့် ပြဋ္ဌာန်းချက်အတွက်အပြည်ပြည်ဆိုင်ရာစာချုပ်များနှင့် သဘောတူညီချက်ပါအချက်များကို လိုက်နာရမည်။

၉၂။ ဤဥပဒေပြဋ္ဌာန်းပြီးနောက် လိုအပ်သောနည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများပြဋ္ဌာန်းခြင်းမပြုနိုင်သေးမီ ကာလအတွင်း ဤဥပဒေနှင့်မဆန့်ကျင်လျှင်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁/၂၀၁၂)အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများကို ဆက်လက်ကျင့်သုံးနိုင်သည်။

၉၃။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/၁၉၈၈) သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁။) သို့မဟုတ် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၈။) တို့ကို အခြေခံ၍ကော်မရှင်က ပေးအပ်ထားသည့် ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့်သည် အဆိုပါခွင့်ပြုမိန့်၏ သတ်မှတ်သက်တမ်းကုန်ဆုံးသည့် အချိန်အထိ ဆက်လက်အကျိုးသက်ရောက်စေရမည်။

၉၄။ အခြားဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့်သက်ဆိုင်သည့်ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။

၉၅။ ဤဥပဒေအရအပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေအထောက်အထားခိုင်လုံသည့် ကိစ္စတစ်ရပ်ရပ်အတွက် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ကော်မတီ သို့မဟုတ် အဖွဲ့ငယ်၏ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ။

၉၆။ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးဝန်ထမ်းများသည် ဤဥပဒေအရ လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အဂတိတရားကင်းရှင်းစွာဖြင့် ဆောင်ရွက်ရမည်။

၉၇။ ကော်မရှင်အဖွဲ့ဝင်များသည် မိမိရရှိထားသည့် သတင်းအချက်အလက်များကို ဤဥပဒေပါရည်ရွယ်ချက်များ အကောင်အထည်ဖော်ရန်ကိစ္စများမှတစ်ပါး အခြားကိစ္စရပ်များတွင် အသုံးမပြုရ။

၉၈။ ပုဒ်မ ၈၅ အရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များနှင့်စပ်လျဉ်း၍ အယူခံခြင်းမှတစ်ပါး ဤဥပဒေအရ အပ်နှင်းသော လုပ်ပိုင်ခွင့်နှင့်အညီ ကော်မရှင်က ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ် အတည်ဖြစ်သည်။

၉၉။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနသည်-

(က) ကော်မရှင်၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ကော်မရှင်၏ ကုန်ကျစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျခံရမည်။

၁၀၀။ ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည်အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ကော်မရှင်သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀၁။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁။)နှင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈။)တို့ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ရုပ်သိမ်းလိုက်သော်လည်း ယင်းဥပဒေအရ တည်ထောင်ထားရှိသည့်ကော်မရှင်သည် ဤဥပဒေအရဆက်ခံမည့် ကော်မရှင်အား တာဝန်ဝတ္တရားများ လွှဲအပ်ပေးသည့်နေ့အထိ လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိစေရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



# ရေတာရှည်မြို့နယ်၌ ရှေးဟောင်းရုပ်ပွားတော် ၁၁ ဆူတွေ့ရှိ

**ရေတာရှည် အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကွင်းကြီးကျေးရွာနေ ကျွဲကျောင်းသား နှစ်ဦးမှ ယင်းကျေးရွာတောင်ဘက် ကိုက် ၂၀၀ ခန့်အကွာ အောင်းချောင်းငယ်နှင့် လယ်ကန်သင်းစပ် ကလိုဏ်အတွင်းမှ ရှေးဟောင်းရုပ်ပွားတော် ၁၁ ဆူ တွေ့ရှိခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၁၄ ရက်က အောင်းချောင်းငယ်အတွင်း ကျွဲရေချနေသည့် မောင်ပိုင်ငြိမ်းဦးက ထိုင်တော်မူ ရုပ်ပွားတော်လေးဆူကို စတင်တွေ့ရှိခဲ့ပြီး ၄င်း၏ဖခင်ဖြစ်သူ ဦးကံနိုင်ဦး၏ နေအိမ်၌ အပူဇော်ခံထားရှိသည်ကို တွေ့ရသည်။

ထို့အတူ တစ်ရွာတည်းနေ မောင်သက်ပိုင်စိုးသည် အောက်တိုဘာ ၁၈ ရက် ညနေပိုင်းအချိန် အဆိုပါ ချောင်းအတွင်း ကျွဲရေချနေစဉ် ယခင်နေ့က ဘုရားရုပ်ပွားတော်များ တွေ့ရှိရသည့် ကလိုဏ်အတွင်း လက်ဖြင့်စမ်းကြည့်ရာမှ ရုပ်ပွားတော်ငါးဆူတွေ့ရှိခဲ့ပြီး အောက်တိုဘာ ၁၉ ရက် နံနက် ၇ နာရီတွင် နောက်ထပ်နှစ်ဆူ ထပ်မံတွေ့ရှိရ၍ လာရောက်ဖူးမြော်သူများ ပိုမိုများပြားလျက်ရှိကာ ဘုရားတွေ့ရှိသည့် နေအိမ်များမှ မကြာခင် ဘုရားများကို အနေကဇာတင် အလှူအတန်းပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# သာသနာ့ဗိမာန်တည်ဆောက်ရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက အလှူငွေကျပ်သိန်း ၂၂၀၀ ပေးအပ်လှူဒါန်း

**သံတွဲ အောက်တိုဘာ ၂၁**

သံတွဲမြို့ သာသနာ့ဗိမာန်တည်ဆောက်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အမှူးပြုသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၂၂၀၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁၇ ရက်က သံတွဲခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက အလှူငွေများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အမှူးပြုသည့် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် အလှူရှင်များလှူဒါန်းသည့် အလှူငွေကျပ်သိန်း ၂၂၀၀ ကို အလှူရှင်များကိုယ်စား ပြည်နယ်လူမှုရေးဝန်ကြီးက လွှဲပြောင်းပေးအပ်လှူဒါန်းရာ သာသနာ့ဗိမာန်ဖြစ်မြောက်ရေးဥက္ကဋ္ဌ ဦးတင်လေးက လက်ခံရယူပြီး သာသနာ့ဗိမာန် တည်ဆောက်ထားရှိမှု အခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေကိုရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**




# မြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါနဆွမ်းကြီးလောင်းလှူပွဲ သီပေါ၌ ကျင်းပ

**သီပေါ အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်လုံးဆိုင်ရာ နှစ်စဉ်မပျက်ကျင်းပမြဲဖြစ်သော (၁၂)ကြိမ်မြောက်စာရေးတံမဲနှင့် သံဃာ့ဒါနဆွမ်းကြီး လောင်းလှူပွဲကို အောက်တိုဘာ ၂၀ ရက်နံနက် အရုဏ်တက်ချိန်က မဟာမြတ်မုနိဘုရားကြီး ပရဝဏ်၌ ကျင်းပသည်။

ဆွမ်းကြီးလောင်းလှူပွဲတွင် မြို့နယ်သံဃာ့နာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ သံဃာ့ဒါနဆွမ်းကြီးလောင်းလှူပွဲကျင်းပရေး ဦးစီးကော်မတီကကြီးမှူးပြီး သံဃာတော် ၁၄၇၅ ပါးတို့အား ရပ်ကွက်၊ ကျေးရွာများ၌ စေတနာရှင် ပြည်သူများထံ ပဒေသာပင်ပေါင်း ၁၄၇၅ ပင်၊ တန်ဖိုးငွေကျပ် ၁၂၂၅၅၆၆၃ သိန်းတန်ဖိုးရှိ လှူဖွယ်ဝတ္ထုပစ္စည်းများကို စာရေးတံမဲ (မဟာဒုက်) ဖောက်ကာ ဆွမ်းဆန်များကို လောင်းလှူခဲ့ကြသည်။



ထို့နောက်မဟာမြတ်မုနိဘုရားကြီး ရင်ပြင်တော်ပေါ်တွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တမိလိန္ဒအရှင်သူမြတ်ထံမှ ဩဝါဒကထာနှင့် ငါးပါးသီလ ခံယူတည်ဆောက်၍ သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြလျှောက်ထားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# စောင်းအတတ်ပညာထိန်းသိမ်းစောင့်ရှောက်ရေး မျိုးဆက်သစ်များမွေးထုတ်ပေးရန်လိုအပ်

**နေပြည်တော် အောက်တိုဘာ ၂၁**

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာတစ်ခုဖြစ်သည့် စောင်းအတတ်ပညာအား ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် မျိုးဆက်သစ်စောင်းအတတ်ပညာရှင်များ မွေးထုတ်ပေးရန်လိုအပ် ကြောင်း ( ၂၂ ) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး ၊ အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု စောင်းအဆင့်မြင့်(မ)ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်သည့် မဆုသဲဖြူကပြောသည် ။

"စောင်းပညာမှာ မိဘမျိုးရိုးတတ်ကျွမ်းတဲ့ ပညာရှင်မပါဝင်ပေမယ့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာတစ်ခုဖြစ်လို့ ဝါသနာပါပါတယ်။ နိုင်ငံတော်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ခွင့်ရတာပါ။ စောင်းအတတ်ပညာကို ထိန်းသိမ်းစောင့်ရှောက်ဖို့အတွက်က မျိုးဆက်သစ် စောင်းအတတ်ပညာရှင်တွေ မွေးထုတ်ပေးဖို့လိုအပ်ပါတယ်။ သမီးအနေနဲ့ ပြိုင်ပွဲမှာအကောင်းဆုံး ယှဉ်ပြိုင်သွားမှာဖြစ်ပြီး နောက်နှစ်တွေမှာလည်း အခုလိုပါဝင်ယှဉ်ပြိုင်ခွင့်ရအောင် ကြိုးစားသွားမှာပါ"ဟု စောင်းအဆင့်မြင့် (မ) ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်သည့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ဒုတိယနှစ်ကျောင်းသူ မဆုသဲဖြူက ပြောသည်။

( ၂၂ ) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး ၊ အတီးပြိုင်ပွဲ စောင်းပြိုင်ပွဲတွင် ဝါသနာရှင်(ဒုတိယတန်း) (ကျား)၊ အဆင့်မြင့် (ကျား)၊ အဆင့်မြင့် (မ)၊ အခြေခံ (၁၀-၁၅)(မ)၊ ဝါသနာရှင်(ပထမတန်း) (ကျား)၊ ဝါသနာရှင် ပထမတန်း(မ)ပြိုင်ပွဲဟု အမျိုးအစားခွဲခြားကျင်းပပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စောင်းဝါသနာရှင်၊ အတတ်ပညာရှင်များ ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ)**

# ဝါတွင်းအဓိဋ္ဌာန်အောင်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

စမ်းချောင်းမြို့နယ် ဗားကရာဘုန်းတော်ကြီးများ ကျောင်းတိုက်ဝင်း အတုလာ ဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရား အရိပ်တော်အောက်ရှိ နဝဂုဏဗုဒ္ဓ မာမက သာသနာပြု ပါရမီရှင်များအသင်းမှ (၂၄)ကြိမ်မြောက် ဝါတွင်းအဓိဋ္ဌာန်အောင်ပွဲ မဟာနဝင်္ဂအလှူတော် အခမ်းအနားအဖြစ် ဘုရားကြီး ဂန္ဓကုဋိတိုက်အတွင်း၌ အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် သံဃာတော်အပါး ၉၀ တို့အား အလှူရှင်များနှင့်ပေါင်းစု၍ ဆွမ်းဆန်တော်စိမ်းလောင်းလှူကြမည်ဖြစ်သည်။

ဆွမ်းဆန်တော်လောင်းလှူရာ၌ အလှူရှင်များအတွက် နေရာအခင်းအကျင်း စီစဉ်ပေးနိုင်ရန် ဘုရားကြီးဂေါပကအဖွဲ့ရုံး ဖုန်း ၀၁-၅၁၂၃၄၃၊ ၀၁-၅၁၀၆၆၃ နှင့် အသင်းဥက္ကဋ္ဌ ဦးအောင်သိန်း ဖုန်း-၀၉-၅၀၇၆၅၃ တို့သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ဘော်ဂါသွေး**



**အောက်တိုဘာ ၁၉ ရက်တွင် ပြည်မြို့နယ်ရှိ ရခိုင်မိသားစု လူမှုကူညီမှုအသင်းဝင်များနှင့် မြို့သူမြို့သားများက ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများအတွက် စားနပ်ရိက္ခာများထောက်ပံ့ပေးအပ်ပွဲကို နဝဒေးကုန်တင်ကုန်ချကားကြီးဝင်း၌ ကျင်းပစဉ်။**
**မောင်ရွှေဝင်း(ပြည်)**

# အောက်တိုဘာလထုတ် သုတပဒေသာစာစောင် အသွင်သစ်ဖြင့် ထွက်ပြီ

**ရန်ကုန် အောက်တိုဘာ ၂၁**

အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင် (အောက်တိုဘာလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

အောက်တိုဘာထုတ် သုတပဒေသာစာစောင်တွင် ဆရာဦးဟန်ညွန့်(ဥပဒေ)၊ မျိုးအောင်(ရုက္ခဗေဒ)၊ ဦးအောင်စိုးဦးတို့၏ "ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်" မျက်နှာဖုံးဆောင်းပါးများ၊ ဟိန်းလတ်၊ ကြည်မင်း၊ မောင်ပေါ်ထွန်း၊ အေးဖြူ၊ မောင်မိုးယံတို့၏ အတွေးအခေါ်နှင့်တက်ကျမ်း၊ ပြည်သူ့ကျင့်ဝတ်နှင့် နီတိဆိုင်ရာဆောင်းပါးများ၊ သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ ဒေါက်တာလွှမ်းမိုးဟန်၊ ဘူမိလုလင်(မြိတ်)၊ လင်းထက်သော်တာတို့၏ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဆောင်း ပါးများ၊ တင်ညွန့်၊ သာလူရှည်၊ စည်သူလှိုင်တို့၏ ပညာရေးနှင့် စီးပွားရေးဆိုင်ရာ ဆောင်းပါးများ၊ ကျော်ဦး၊ ထီလာစိုးမြင့်ထယ် တို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးများ၊ သန့်လွင်ထွန်း၊ ဒေါက်တာခိုင်ခိုင်ဝင်း၊ စုဝဏ္ဏ၊ ဒေါက်တာမြင့်သန်း(သန္တေသား)၊ မြသိန်း၊ ဒေါက်တာလှဖေ၊ စုသျှန်ဒီတို့၏ မူးယစ်နှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဖိုးရန်နိုင် (ကျောက်ကြီး)၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ စိုးစိုး (ပန်းတောင်း)၊ ဆောင်းဝင်းလတ်၊ ဌေးမောင်၊ ယဉ်မင်းထွေး(စာပေဗိမာန်)၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတိုနှင့် ဖြစ်ရပ်မှန်များကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ၂၅၀၀ ကျပ်နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၀၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း-၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။



# အင်းလေးဖောင်တော်ဦးရုပ်ပွားတော်များ မူလစံကျောင်းတော်သို့ ပြန်လည်ကြွချီ



**တောင်ကြီး အောက်တိုဘာ ၂၁**
အင်းလေးဖောင်တော်ဦး ရုပ်ပွားတော်များ အင်းလေးဒေသ ၂၁ ဌာနသို့ ကြွချီ အပူဇော်ခံပြီး မူလစံကျောင်းတော်သို့ အောက်တိုဘာ ၁၉ ရက်က ပြန်လည်ကြွချီလာရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများက ရုပ်ပွားတော်များကို မူလစံကျောင်းပေါ်သို့ ပင့်ဆောင်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် ဖောင်တော်ဦးရုပ်ပွားတော်များအား ဆွမ်း၊ ဆီမီး၊ ပန်း၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြပြီး နန်းဟူးဘုန်းကြီးကျောင်း၌ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇရွှေဘုံသာ ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်၍ ဆရာတော်များရွတ်ပွားချီးမြှင့်အပ်သော ပရိတ်တရားတော်များ နာယူကာ ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် အင်းလေးရိုးရာ လှေပြိုင်ပွဲကို ကြည့်ရှုအားပေးပြီး ဆုချီးမြှင့်ပွဲကျင်းပခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# တောင်ငူနှင့်အုတ်တွင်း နှစ်မြို့နယ်၌ နွေစပါးစိုက်ရန် ရေအလုံအလောက်သိုလှောင်ထားပြီ

**တောင်ငူ အောက်တိုဘာ ၂၁**
လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်စားနပ်ရိက္ခာ ဖူလုံပြည့်ဝရေးအတွက် လုပ်ကွက်ငယ်စိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေးနှင့်ဝင်ငွေတိုးတက်ရေးအတွက် တောင်ငူခရိုင်အုတ်တွင်းမြို့နယ်ရှိခပေါင်း ရေလှောင်တမံဘက်စုံ စီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ရှိတောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့သည် စိုက်ပျိုးရေးမြို့နယ်များဖြစ်ပြီး မိုးစပါး၊ နွေစပါးအပြင် မတ်ပဲ၊ ပဲတီစိမ်း၊ နှမ်း၊ မြေပဲ၊ ဖရဲ၊ ပြောင်း၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်စသည့် ဆောင်းသီးနှံများကိုလည်း တောင်သူလယ်သမားတို့ အဓိကထားစိုက်ပျိုးကြသည်။

စိုက်ပျိုးသီးနှံအတွက် ရေလိုအပ်သကဲ့သို့ မိုးရာသီတွင် ရေလွှမ်းမိုးမှု၊ ရေကြီးနစ်မြုပ်မှုမှကာကွယ်ရန် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၅)မှ ခပေါင်းရေလှောင်တမံ စီမံကိန်းကို ၂၀၀၁-၂၀၀၂ ခုနှစ်က ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်ရှိ ပေါင်းလောင်းချောင်းနှင့် ပရိုင်းချောင်းဆုံ အောက်တွင် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို တည်ဆောက်ခဲ့သည်။ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် တမံအလျားပင်မတမံပေ ၉၂၀၊ ကုန်း ကြောတမံ ပေ ၈၀၀၊ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၈၇၅၇၀၊ တမံအမျိုးအစားမှာ မြေသားတမံဖြစ်၍ တမံအမြင့်ပေ ၂၀၀၊ ဆည်ရေသောက် ဧရိယာမှာ ၅၃၂၈၆ ဧကေဖြစ်သည်။ ရေမြောင်းမကြီး အလျားမှာ မိုင် ၄၀ ဒသမ ၄၀၊ လယ်ယာတူးမြောင်းမကြီး ၃၀ ဒသမ ၆၃ မိုင်၊ လက်ဝဲတူးမြောင်းမကြီး ၁၅ ဒသမ ၇၇ မိုင် ဖြစ်သည်။

လက်ဝဲလက်တံ မြောင်း အလျားမှာ ၄၀ ဒသမ ၇၉ မိုင်နှင့် လယ်ယာလက်တံမြောင်းမှာ မိုင် ၂၉ ဒသမ ၃၀ ဖြစ်သည်။ ရေအားလျှပ်စစ်တပ်ဆင် အင်အားမှာ (၃၀မဂ္ဂါဝပ်) (၁၅မဂ္ဂါဝပ်×၂လုံး) နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားမှာ ဝပ်နာရီသန်း ၁၂၀ ကီလိုမီတာရှိသည်။

ရေပိုလွှဲအမျိုးအစားမှာ (OGGE Type)အကျယ် ၁၀၆ပေ၊ အလျားပေ ၉၀၀ ရှိသည်။ ခပေါင်းရေလွှဲဆည် ရေသောက်စနစ်ကို ၂၀၁၇ ခုနှစ်တွင် အပြီး တည်ဆောက်သွားမည်ဖြစ်ပြီး ယခုအခါ ၉၃ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

ယခုနှစ်နွေစပါးကိုလည်း မိုးစပါးနည်းတူ တောင်ငူမြို့နယ်တွင် ၁၃၂၈၆ ဧကနှင့် အုတ်တွင်းမြို့နယ်တွင် ဧက ၄၀၀၀၀ စိုက်ပျိုးနိုင်ရန်အတွက် ဆည်မြောင်းဌာနက မြောင်းပေါင်မြှင့်ခြင်း၊ မြောင်းပုံစံကျပြုပြင်တူးဖော်ခြင်း၊ မြောင်းအတွင်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများ ပြုလုပ်ထားသဖြင့် မြောင်းများမှာရေစီးရေလာကောင်းမွန်ပြီး ခပေါင်းရေလှောင်တမံတွင် နွေစပါးစိုက်ပျိုးရန်အတွက် ရေအလုံအလောက် စုဆောင်းသိုလှောင်ထားပြီး ၂၀၁၆ ခုနှစ်နိုဝင်ဘာ ၂၀ ရက်မှစ၍ နွေစပါးအတွက် ရေများစတင်လွှတ်ပေးသွားမည်ဖြစ်ကြောင်း ခပေါင်းရေလှောင်တမံစီမံကိန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းခင်သန်းထံမှ သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသားကျောင်းသူများ၏ စာတမ်းဖတ်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၁**
နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသားကျောင်းသူများ၏ Special Research Project (SRP) သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၇ ရက် နံနက် ၈ နာရီခွဲက ဘွဲ့နှင်းသဘင်အဆောက်အအုံ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ အမြဲတမ်းအတွင်းဝန်ဒေါက်တာ တင်ထွဋ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ် ဒေါက်တာ မျိုးကြွယ်နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် သင်္ချာတစ်ပုဒ်တွက်ရာတွင် ပေးထားချက်အားလုံးကို အသုံးပြုတွက်ချက်မှ အဖြေရသလို မောင်တို့၊ မယ်တို့အနေဖြင့်လည်း စိုက်ပျိုးရေးတက္ကသိုလ်မှ သင်ကြားပေးသည့် ပညာရပ်များကို နေရာဒေသအလိုက် ရာသီဥတုအခြေအနေနှင့် အချိန်အခါပေါ်မူတည်ပြီး စဉ်းစားချင့်ချိန်၍ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်မှအောင်မြင်မည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်က နောက်ဆုံးနှစ်သင်တန်းစနစ်သစ်၌ သုတေသနစာတမ်းဖတ်ပွဲများ၊ လုပ်ငန်းခွင် သင်တန်းအတွေ့အကြုံ (Internship Program) ရှင်းလင်းပွဲများပါရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများက ဘာသာရပ်အလိုက် စာတမ်းများဖတ်ကြားရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းပြီး စာတမ်းရှင်များက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ယင်းစာတမ်းဖတ်ပွဲကို အောက်တိုဘာလ ၁၇ နှင့် ၁၈ ရက် နှစ်ရက်ကျင်းပခဲ့ကြောင်း သိရသည်။ **မေမိုးသဲ**

# ချောင်းဦးမြို့တွင် သတ္တမအကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ မီးပုံးပျံပြိုင်ပွဲကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ချောင်းဦး အောက်တိုဘာ ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ ညောင်ပင်ပဇ္ဇောတာရုံကျောင်းတိုက်၌ သတ္တမအကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ မီးပုံးပျံပြိုင်ပွဲကြီးအား နိုဝင်ဘာ ၁၃၊ ၁၄ ရက် ညများတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ချောင်းဦးမြို့၏ သတ္တမအကြိမ်မြောက် မီးပုံးပျံပြိုင်ပွဲ ယှဉ်ပြိုင်ရန်အတွက် မည်သည့်ဒေသမှမဆို လာရောက်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် ပြိုင်ပွဲဝင်စာရင်း လျှောက်လွှာများကို နိုဝင်ဘာ ၉ ရက် နောက်ဆုံးထား လျှောက်ထားရမည် ဖြစ်ပါသည်။ ယမန်နှစ် မီးပုံးပျံပြိုင်ပွဲတွင် အနယ်နယ်အရပ်ရပ်မှ မီးပုံးပျံ ၁၃ လုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။
**ယုယု (ချောင်းဦး)**

# မှုခင်းသတင်းတိုများ

## သီတင်းကျွတ်မီးထွန်းပွဲတွင် ဓားထိုးမှုဖြစ်၊ သုံးဦးဒဏ်ရာရ

စဉ့်ကူးမြို့နယ် ရှောက်ပင်ရိုးကျေးရွာအုပ်စု နွယ်ရုံကျေးရွာ ဘုန်းတော်ကြီးကျောင်း သီတင်းကျွတ်မီးထွန်းပွဲတွင် အောက်တိုဘာ ၁၇ ရက်ညက ယင်းရွာနေ ရဲမင်းထက်နှင့်အတူ တစ်ရွာတည်းနေအောင်ကိုဦး၊ ဇေရဲထက် တို့သုံးဦးသည် ကျေးရွာဘုန်းတော်ကြီးကျောင်းအတွင်း မီးထွန်းပွဲသို့လိုက်လံကြည့်ရှုနေစဉ် အဆိုပါကျေးရွာ အနောက်ဘက်ကျွန်းတောထဲတွင် နေထိုင်သူ လူငယ်တစ်ဦးက အရက်သောက်စားမူးယစ်ကာ အရိုးအသွားအရှည် ၁၀ လက်မခန့်ရှိ ဓားဦးချွန်နှင့်ထိုးသဖြင့် ဒဏ်ရာရရှိခဲ့သည်။ ၎င်းတို့သုံးဦးမှာရရှိဒဏ်ရာများပြင်းထန်သဖြင့် မန္တလေးဆေးရုံကြီးသို့ လွှဲပြောင်းပို့ဆောင်ကုသခဲ့ရကြောင်း သက်ဆိုင်ရာ ရဲတပ်ဖွဲ့မှ သိရသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဓားဖြင့်ထိုးပြီးထွက်ပြေးသူအား လက်ပန်လှ ရဲကင်းစခန်းက ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝင်းမောင်(စဉ့်ကူး)**

## ရွှေတောင်ကျေးရွာ၌ ဓားခုတ်မှုဖြစ်ပွား

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကူးတို့ကျေးရွာနေ ထွန်းသိန်းသည်နေအိမ်မှ အောက်တိုဘာ ၁၈ ရက်က ဆိုင်ကယ်ဖြင့် ရွှေတောင်ရွာအရှေ့ဘက် နှစ်ဖာလုံခန့်ရှိ ရော်ဘာခြံသို့သွားရောက်စဉ် ယခင်ဥယျာဉ်ခြံမြေကိစ္စနှင့် အငြင်းပွားခဲ့သော ခြံချင်းကပ်လျက်ရှိဥယျာဉ်ခြံ၌ နေထိုင်သူဦးဖေအောင်က ဓားဖြင့် ခုတ်လိုက်ရာ ပြတ်ရှဒဏ်ရာ တစ်ချက်ရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ဦးဖေအောင်အား ထွန်းသိန်း၏အစ်ကိုဖြစ်သူ ဦးဌေးဝင်းက တရားလို ပြုလုပ်တိုင်ကြားသဖြင့် ထားဝယ်မြို့မ ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

## ပိုက်ဆံအိတ်လုယူထွက်ပြေးသူများအား အချိန်တိုအတွင်း ဖမ်းဆီးရမိ

မန္တလေးတိုင်းဒေသကြီးချမ်းမြသာစည်မြို့နယ်(၆၂×၆၃)လမ်း၊ သိပ္ပံလမ်းပေါ်၌ အောက်တိုဘာ ၁၈ ရက်က မဟာအောင်မြေမြို့နယ်နေ မအိသဥ္ဇာထွေးသည် သူငယ်ချင်းဖြစ်သူ မအိသန္တာထွန်းနှင့်အတူ ဆိုင်ကယ်ရပ်ပြီး ဖုန်းပြောနေစဉ် လူသုံးဦးမှ ဆိုင်ကယ်ရှေ့အံ့ခွက်အတွင်း ထည့်ထားသော ငွေကျပ် ၁၂၀၀ နှင့် CB Bank ATM ကတ်တစ်ခုပါပိုက်ဆံအိတ်အားလုယူ၍ ဆိုင်ကယ်နှင့်ထွက်ပြေးသွားသဖြင့် ပတ်ဝန်းကျင်အားအကူအညီတောင်းခဲ့သည်။ သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးရာ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်နေ မျိုးကိုကို (ခ)မျိုးကို(၂၂နှစ်) မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်နေ သိန်းမိုးထူး (ခ) သဲကို (ခ)သဲကြီး(၁၉နှစ်) တို့အား လုယူသွားသည့်ပိုက်ဆံအိတ်၊ ဆိုင်ကယ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ဟိန်းဝင်းဌေးမှာ ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ အောက်တိုဘာ ၁၉ ရက်က ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက် ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့ကာ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

## တရားမဝင်သယ်ဆောင်လာသော ပိတောက်သစ်မာများဖမ်းမိ

လွိုင်လင်ခရိုင် မိုင်းရှူးမြို့နယ် မိုင်းရှူး- မိုင်းစံ ကားလမ်းပေါ်တွင် တရားမဝင် သစ်သယ်ဆောင်လာကြောင်း သတင်းအရ အောက်တိုဘာ ၁၉ ရက်က နယ်မြေရဲစခန်းမှ တာဝန်ရှိသူများ၊ သစ်တောဝန်ထမ်းများ ပူးပေါင်းအဖွဲ့သည် မော်တော်ယာဉ်များ စစ်ဆေးစဉ် ယာဉ်မောင်း စိုင်းလင်းဟောင်ခမ်း မောင်းနှင်လာသည့် ယာဉ်အမှတ် 8F/------ ယာဉ်ပေါ်တွင် ပိတောက်သစ်မာခွဲသား ဆိုက်စုံ ခုနစ်တုံး၊ ၁ ဒသမ ၁၁၇၈တန်၊ ကာလတန်ဖိုးငွေကျပ် ခုနစ်သိန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

## တောင်ငူမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ထီးလှိုင်ကွန်ကရစ်ကားလမ်းတွင် အောက်တိုဘာ ၁၉ ရက်က တောင်ငူတပ်နယ်မှ ဗိုလ်ကြီး ဝေဖြိုးကျော်နှင့် ပူးပေါင်းအဖွဲ့သည် တောင်ငူမြို့မြောက်ဘက် ရန်ကုန်-မန္တလေး(လမ်းဟောင်း)နှင့် ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးကို ဆက်သွယ်ဖောက်လုပ်ထားသည့် ထီးလှိုင်ကွန်ကရစ်ကားလမ်း ဆောက်လုပ်ရေးဂိတ်တွင် စောင့်ဆိုင်းနေစဉ် ကားလမ်းအတိုင်း အရှေ့မှအနောက်သို့ တောင်ကိုရီးယားနိုင်ငံသား လီဆန်ဘွန်း(၅၀)နှစ် ချွန်နန်မြို့နေသူ မောင်းနှင်ပြီး ယာဉ်ပေါ်တွင် စကားပြန်ဖြစ်သူ မအေးချမ်းပွင့်(၂၃)နှစ် (၂၂)ရပ်ကွက် တောင်ငူမြို့နေသူ လိုက်ပါလာသော 1J/----- ဟွန်ဒိုင်းအမျိုးအစားယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၇၈ ပြားရှာဖွေတွေ့ရှိခဲ့သည်။
**ကိုလွင်(ဆွာ)**

## ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာစိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ရဲတပ်ဖွဲ့မှူး ရဲမှူးစောမောင်နှင့်အဖွဲ့သည် အောက်တိုဘာ ၁၉ ရက်က မြိတ်မြို့ဘက်မှ အောင်ကျော်သူ(ခ)သားငယ် (၃၉)နှစ် မြိတ်မြို့-အင်းလေးမြိုင်ရပ်နေသူနှင့် အနောက်မှ လိုက်ပါလာသော သိန်းစိုး(ခ)ထွန်းငယ် ပြည်ကြီးမဏ္ဍိုင်မြို့နယ်နေသူတို့ မောင်းနှင်လာသော ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၄ ပြား ကာလတန်ဖိုး ငွေကျပ် ၂၇၇၀၀၀၀ တို့အားတွေ့ရှိရသဖြင့် ၎င်းတို့နှစ်ဦးအားမြို့မရဲစခန်း၌ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း**

## လူနှစ်ဦးကို မူးယစ်ဆေးဝါးနှင့်အတူဖမ်းဆီးရမိ

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန်းမားဒေသတွင် မူးယစ်ဆေးဝါးလက်ဝယ်ထားရှိသူနှင့် ဆက်နွယ်ပတ်သက်သူအား နန်းမားနယ်မြေရဲစခန်းမှ အမှုဖွင့်တရားစွဲဆိုထားကြောင်း သိရှိရသည်။ အောက်တိုဘာ ၁၈ ရက်ကနန်းမားနယ်မြေရဲစခန်းမှုစခန်းမှူး ရဲအုပ် ရန်နိုင်ကျော်နှင့်တပ်ဖွဲ့ဝင်များသည် လက်ပန်တန်းကျေးရွာ တောင်ဘက်ရှိ လူမနေသောတဲအား မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေခဲ့ကြရာ တဲအတွင်း၌ အောင်ထွေးနှင့် မင်းမင်းသက် (ခ)ဘောဂဆိုသူတို့အား တွေ့ရှိရပြီး ဘိန်းဖြူ စုစုပေါင်းအလေးချိန် ၃ ဂရမ်ခန့်အားရှာဖွေတွေ့ရှိသဖြင့် ၎င်းတို့နှစ်ဦးအား နန်းမားနယ်မြေရဲစခန်းက အမှုဖွင့်လုစ်ခဲ့ကြောင်း သိရသည်။ **နီတိုး**

# ကျေးရွာနေတောင်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်ရန်အတွက် မြင်ခင်းကျေးရွာတွင် မြေနုကျွန်းများကို အိမ်ထောင်စုအလိုက်ခွဲဝေပေး

**မကွေး အောက်တိုဘာ ၂၁**

ကျေးရွာနေတောင်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်ရန်အတွက် မကွေးမြို့နယ် မယ်လုတောင်ကျေးရွာအုပ်စု မြင်ခင်းကျေးရွာတွင် မြေနုကျွန်းများအား အိမ်ထောင်စုအလိုက် စိုက်ပျိုးလုပ်ကိုင်နိုင်ရန် ခွဲဝေပေးလျက်ရှိကြောင်း သိရသည်။

ဧရာဝတီမြစ်ရေသည် နှစ်စဉ် သီတင်းကျွတ်လတွင် မြစ်ရေကျဆင်းပြီး မြေနုကျွန်းများ ဖြစ်ပေါ်လျက်ရှိရာ ဧရာဝတီမြစ်ကမ်းဘေးရှိ ကျေးရွာများမှ တောင်သူများသည် အဆိုပါ မြေနုကျွန်းများပေါ်တွင် ရာသီစာသီးနှံများကို စိုက်ပျိုးလျက်ရှိသည်။ မကွေးမြို့နယ် မယ်လုတောင်ကျေးရွာအုပ်စုအတွင်းရှိ မြင်ခင်းကျေးရွာ နယ်နိမိတ်အတွင်း ဖြစ်ပေါ်သည့် မြေနုကျွန်း ခြောက်ကေအား အိမ်ခြေ ၃၆၀ မှ အိမ်ထောင်စုများအား တစ်အိမ်ထောင်စုလျှင် ခုနစ်ပေ × ငါးပေအကျယ် မြေနုကျွန်းများကို ကျေးရွာမြေယာစီမံခန့်ခွဲရေးကော်မတီမှ ခွဲဝေပေးကြောင်း သိရသည်။ ယင်းသို့ ခွဲဝေပေးထားသည့် မြေနုကျွန်းများအား တစ်ဆင့်ပြန်လည်ရောင်းချခြင်းမပြုကြောင်းနှင့် ခွဲဝေပေးထားသည့် မြေနုကျွန်းနေရာများကို နှစ်နှစ်ထိ စိုက်ပျိုးလုပ်ကိုင်နိုင်ကြောင်း သိရသည်။

မြင်ခင်းကျေးရွာအနီး ဧရာဝတီမြစ်အတွင်း၌ ယခင် ၁၉၈၈ ခုနှစ်ပိုင်းက မြေနုကျွန်းများ ကျယ်ပြန့်စွာပေါ်ထွန်းခဲ့သဖြင့် တစ်အိမ်ထောင်လျှင် လုပ်ကိုင်စားသောက်ရန် မြေနုကျွန်း ၄၅ ပေမှ ပေ ၅၀ ခန့် ရရှိခဲ့ကြောင်း သိရသည်။ ယခုအခါ အုတ်ဖုတ်လုပ်ငန်းများ၊ သဲ၊ ကျောက်များ စုပ်ယူထုတ်လုပ်ခြင်းများကြောင့် နုန်းတင်မှုနည်းပါးပြီး မြေနုကျွန်းကေနည်းပါးခြင်းဖြစ်ကြောင်း မြင်ခင်းကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ဒေသခံများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ် မလုပ်ကိုင်နိုင်သော်လည်း ချဉ်ပေါင်၊ ဘူး၊ ဖရုံ၊ ပြောင်းစသည့် နှစ်တိုပင် သီးနှံများကို စိုက်ပျိုးကာ တစ်နိုင်တစ်ပိုင် ဝင်ငွေရရှိရေး စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ **ညီညီမောင်(မကွေး)**



## မြစ်ရေဝင်ရောက်လေ့ရှိသည့် ရွှေလှေကျေးရွာအုပ်စုသို့ ဖိုက်ဘာစက်လှေတစ်စင်း လှူဒါန်း

**စစ်ကိုင်း အောက်တိုဘာ ၂၁**

ဧရာဝတီမြစ်နှင့် မူးမြစ်များ ရေကြီးရေလျှံသည့်အချိန်တိုင်း မြစ်ရေဝင်ရောက်လေ့ရှိသည့် စစ်ကိုင်းမြို့နယ် ရွှေလှေကျေးရွာအုပ်စုသို့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုမြတ်ထက်နှင့် မိတ်ဆွေမိသားစုများက ဖိုက်ဘာစက်လှေတစ်စင်းကို အောက်တိုဘာ ၁၉ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါဖိုက်ဘာစက်လှေသည် ၂၁ ပေ ရှည်ကာ အင်ဂျင်အပါအဝင် တန်ဖိုးကျပ် ၁၂ သိန်းရှိပြီး အမေရိကန်နိုင်ငံနေ ဦးအေးကြူ၊ စစ်ကိုင်းမြို့နေ ဦးကျော်မျိုးအောင်-ဒေါ်စုမြတ်ထက်(တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)၊ ဦးဇော်မင်းထွန်း-ဒေါ်မီးမီးသက်ထား၊ ဦးကျော်လင်း-ဒေါ်ယဉ်လှမိသားစုတို့က စုပေါင်းလှူဒါန်းခဲ့ခြင်းဖြစ်သည်။ စက်လှေကို ပေးအပ်လှူဒါန်းပြီးနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်သည် ရွှေလှေကျေးရွာနေပြည်သူများနှင့်တွေ့ဆုံပြီး လွှတ်တော်ရန်ပုံငွေဖြင့် မြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးယဉ်မင်းအောင်က ပြည်သူများ စာဖတ်ရှုနိုင်မြင့်မားရေးနှင့် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ရေးလုပ်ငန်းများအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဒေသခံပြည်သူများ၏ လိုအပ်ချက်များ တင်ပြမှုများအပေါ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ပြန်လည်ရှင်းလင်းဆွေးခဲ့ပြီး သုတ၊ ရသစာအုပ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်မြင့်နိုင်(စစ်ကိုင်း)**

# ပုလဲမြို့နယ်၌ ကျွန်းသစ်အပါအဝင် သစ်မျိုးစုံ ငါးတန်ကျော် ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

**ပုလဲ အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ တရားမဝင်သစ်များ ခိုးယူခြင်း၊ ခုတ်လှဲခြင်း၊ သယ်ဆောင်ခြင်းများကို စီမံချက်ချ၍ ကာကွယ်ဖမ်းဆီးလျက်ရှိရာ အောက်တိုဘာ ၁၉ ရက်က ကျွန်းသစ်အပါအဝင် သစ်မျိုးစုံ ၅၄ တုံးကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းသည် ကန့်ဒေါင့်ရဲစခန်း တပ်ကြပ်ကြီး ချန်မုန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဝန်ထမ်းများ ပူးပေါင်းအဖွဲ့နှင့်အတူ သတင်းအရ အောက်တိုဘာ ၁၉ ရက် ညနေ ၃ နာရီခွဲက ချင်ပြစ်သစ်တောဘိနယ် နွယ်အင်း-ပြင်လှိုင်း ကျေးရွာချင်းဆက် ဒေသဖွံ့ဖြိုးရေးလမ်းမြောက်ဘက် ဆည်ညှာတောအတွင်းသို့ ဝင်ရောက်ရှာဖွေရာ တရားမဝင်သစ်ကျွန်း၊ ပိတ်တောက်၊ ထောက်ကြန့်၊ သစ်မျိုးစုံ ၅၄ တုံး ( ၅ ဒသမ ၄၅၃၈တန် )ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသည်။

အဆိုပါ ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသည့် သစ်များကို ပုလဲမြို့နယ်သစ်တောဦးစီးဌာနသို့ သယ်ဆောင်ထိန်းသိမ်းထားရှိမည်ဖြစ်ကြောင်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် တရားမဝင်သစ်များ ခိုးယူခြင်း၊ ခုတ်လှဲခြင်း၊ သယ်ဆောင်ခြင်းလုပ်ငန်းများ လုပ်ကိုင်သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်သစ်တောဦးစီးဌာနတို့နှင့်အတူ နယ်မြေကွင်းဆင်း၍ အရှိန်တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

## သက်ကြီးရွယ်အိုများ၊ မိဘမဲ့ကလေးများ၊ နားမကြားသောကလေးများ ဟွာဝေးမှ ထောက်ပံ့ပစ္စည်းများလှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်များ၏ အလေးထားရဆုံးသော ရိုးရာပွဲတော်ကြီးများထဲမှ တစ်ခုအပါအဝင်ဖြစ်သည့် သီတင်းကျွတ်ပွဲတော် အထိမ်းအမှတ်အနေဖြင့် ဟွာဝေးနည်းပညာကုမ္ပဏီက Huawei Care Myanmar အမည်ဖြင့် လှူဒါန်းမှုအစီအစဉ်တစ်ခု ပြုလုပ်၍ ဘိုးဘွားရိပ်သာ၊ မိဘမဲ့ကလေးများကျောင်းနှင့် နားမကြားသော ကလေးများကျောင်းတို့အပါအဝင် လူမှုအဖွဲ့အစည်းကြီးများသို့ အထောက်အပံ့ပစ္စည်းများနှင့် မီးအိမ်ငယ်လေးများ သွားရောက်လှူဒါန်းကာ သီတင်းကျွတ်ပွဲတော်ကို ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

ဟွာဝေးမှ ဝန်ထမ်းများနှင့် ၎င်းတို့၏ဆွေမျိုးမိတ်သင်္ဂဟများ၊ စုစုပေါင်း အယောက် ၁၃၀ ခန့်သည် မြန်မာနိုင်ငံရှိ လူမှုအဖွဲ့အစည်းကြီး ခြောက်ခုသို့ နေ့စဉ်သုံးပစ္စည်းများ၊ အားဖြည့်အစားအစာများ၊ ကျောင်းသုံးစာရေးကိရိယာများ အပါအဝင် မြန်မာငွေကျပ် သိန်း ၁၃၀၀ နှင့်ညီမျှသော လှူဖွယ်ဝတ္ထုများကို သက်ကြီးရွယ်အိုများ၊ မိဘမဲ့ကလေးများ၊ နားမကြားသောကလေးငယ်ဦးရေ ၃၄၀၀ ခန့်အား အောက်တိုဘာ ၁၅ ရက်နှင့် ၁၇ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း ဟွာဝေး၏ တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။

"ကျွန်တော်တို့ ဟွာဝေးဟာ မြန်မာနိုင်ငံရဲ့ အထွတ်အမြတ်ရာသီပွဲတော်မှာ အကူအညီလိုအပ်နေသူတွေနဲ့ ခုလို အတူဆင်နွှဲခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်သလို ကြည်နူးပီတိဖြစ်မိပါတယ်။ ကျွန်တော်ကပဲ Huawei ရဲ့ကိုယ်စား သက်ကြီးရွယ်အိုဘိုးဘွားများ၊ အကြားအာရုံချို့တဲ့တဲ့ ကလေးငယ်များကို အများပြည်သူက ယခင်ကထက် ပိုမိုအလေးပေးပြီး သူတို့အတွက်လိုအပ်တာတွေကို ကူညီဆောင်ရွက်ပေးကြဖို့ ကျွန်တော်တို့အနေနဲ့ တိုက်တွန်းချင်ပါတယ်"ဟု Huawei မြန်မာ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Zhang Liman က ပြောသည်။

သန်လျင်မြို့ရှိ သဘာဝတရားရိပ်သာမှ ဆရာတော်ဦးဥတ္တမစာရကလည်း "ဟွာဝေးမှ သီတင်းကျွတ်အခါသမယမှာ အခုလိုလာရောက်လှူဒါန်းတဲ့အတွက် ပိုပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ လှူဒါန်းခဲ့တဲ့ အလှူဒါနနဲ့ စေတနာသဒ္ဓါတရားတို့ဟာ မပြည့်စုံသူများကို ဆရာတော်တို့ဘက်ကနေ ပြန်လည်ပံ့ပိုးကူညီရာမှာ အထောက်အကူကြီးမားစွာဖြစ်တာကြောင့် ဒီလိုလှူဒါန်းမှုမျိုးကို ဆရာတော်တို့ဘက်က ကြိုဆိုပါတယ်"ဟုပြောကြားသည်။

**တင်မောင်လွင်(မြန်မာ့အလင်း)**

# ဆောင်းမြေပဲစိုက်ပျိုးရန် ထွန်စက်ငှားရမ်းမှုများလာသဖြင့် ထွန်စက်အငှားလိုက်သူများ လက်မလည်ဖြစ်နေ



**ညောင်ဦး အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် မြစ်ရေတင်ကြီးများကို အားကိုးပြီး ရာသီအမီ ဆောင်းမြေပဲစိုက်ပျိုးရန် ထွန်စက်များကို ငှားရမ်းထွန်ယက်လျက်ရှိရာ ယခုရက်ပိုင်းတွင် ထွန်စက်ငှားသည့်တောင်သူများသဖြင့် ထွန်စက်အငှားလိုက်သူများ လက်မလည်ဖြစ်နေကြောင်း သိရသည်။

"ကျွန်တော်တို့ ထွန်စက်တွေ ဒီအချိန်ဆို မနားရတော့ပါဘူး။ ထွန်စက် တစ်နာရီ တစ်သောင်းငါးထောင်နှုန်းနဲ့ အငှားလိုက်တာပါ။ တစ်နာရီမောင်းရင် တစ်ကေခွဲပြီးပါတယ်။ စိုက်ပျိုးတဲ့တောင်သူနဲ့စာရင် ထွန်စက်အငှားလိုက်သူက နည်းလွန်းတော့ ဟိုတောင်သူတွေကခေါ် ဒီတောင်သူကခေါ်နဲ့ မလိုက်နိုင်တော့ အားနာရတယ်ဗျာ"ဟု ထွန်စက်အငှားမောင်းသူတစ်ဦးက ပြောသည်။

ယခုအချိန်မှာ မိုးရွာသွန်းမှုနည်းလာသည့်အချိန်ဖြစ်၍ မြစ်ရေတင် ရေသောက်ကွင်းများတွင်သာ ဆောင်းမြေပဲကို စိုက်ပျိုးနိုင်မည်ဖြစ်သောကြောင့် ဆောင်းမြေပဲစိုက်ပျိုးမည့် တောင်သူများအနေဖြင့် အချိန်မီစိုက်ပျိုးနိုင်ရန် ထွန်စက်များဖြင့် ထွန်ယက်နေကြခြင်းဖြစ်ကြောင်း၊ ယခုနှစ်တွင် ဆောင်းမြေပဲစိုက်ပျိုးလိုသည့် တောင်သူပိုများကြောင်း သိရသည်။

"မနှစ်ကနဲ့စာရင် ဒီနှစ် ဆောင်းမြေပဲစိုက်ဖို့ ထွန်ရေးပြင်ဆင်သူ ပိုများပါတယ်။ ဆောင်းမြေပဲက မိုးနှောင်း သီးနှံဆိုတော့ ပေါင်းသင်ရတာ ပိုသက်သာတယ်။ ပွင့်လင်းရာသီလည်း ရောက်လာပြီဖြစ်တော့ ပိုးမွှားအန္တရာယ်လည်း ကင်းနိုင်တယ်။ အဲဒါကြောင့် တောင်သူတွေအားလုံးက ဆောင်းမြေပဲစိုက်ပျိုးဖို့ စိတ်ဝင်စားလာကြတယ်။ စိတ်ဝင်စားတဲ့ တောင်သူတွေအားလုံးကလည်း ထွန်စက်နဲ့ထွန်ယက်တာ များလာတယ်။ ထွန်စက် မပါရင်မပြီးသလောက် သုံးစွဲလာကြတယ်"ဟု ဆောင်းမြေပဲစိုက်ရန် ထွန်ရေးပြင်နေသော ဒေသခံတောင်သူတစ်ဦးက ပြောသည်။

**ကျော်ဌေး(ညောင်ဦး)**

# မြန်မာနိုင်ငံကြက်ခြေနီအသင်းချုပ်က ကြီးမှူး၍ မိုင်းအန္တရာယ်အသိပညာပေး (နည်းပြ)မွမ်းမံသင်တန်းဖွင့်

**မြစ်ကြီးနား အောက်တိုဘာ ၂၁**

မြစ်ကြီးနားမြို့ရှိ ကချင်အထူးစီမံချက်ရုံး၌ မြန်မာနိုင်ငံကြက်ခြေနီအသင်း ရုံးချုပ်မှ ကြီးမှူးဖွင့်လှစ်မည့် မိုင်းအန္တရာယ်အသိပညာပေး(နည်းပြ) မွမ်းမံသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၉ ရက်က ကျင်းပခဲ့သည်။

မိုင်းအန္တရာယ်အသိပညာပေး(နည်းပြ) မွမ်းမံသင်တန်းတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ရုံးချုပ်မှ ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန မိုင်းလုပ်ငန်းဆိုင်ရာညှိနှိုင်းရေးမှူး တာဝန်ခံ ဦးတင်မိုးကျော်နှင့် အဖွဲ့ဝင်တစ်ဦးက ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ တက်ရောက်လာကြသော မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင် ၅၀ ကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီလိုသင်တန်းမျိုးကို ၂၀၁၆ ခုနှစ်မှာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ (မြောက်ပိုင်း)နဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်တွေမှာ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ပထမအပိုင်းအနေနဲ့ကတော့ သူတို့ကိုယ်တိုင် ကွင်းဆင်းဆောင်ရွက်တဲ့အချိန်မှာ မြေမြှုပ်မိုင်းရှိတဲ့နေရာကို ဘယ်လိုရှောင်ရှားရမလဲ၊ ဒုတိယအချက်က ရပ်ရွာလူထုတွေကို မိုင်းနဲ့ပတ်သက်ပြီး သင်တန်းပြန်ပေးတဲ့အချိန်မှာ ဘယ်လိုရှောင်ရမလဲ၊ အန္တရာယ်ဖြစ်တဲ့အချိန်မှာ ဘယ်လိုဖြေရှင်းကြမလဲဆိုတဲ့အသိတွေ ရရှိသွားလိမ့်မယ်"ဟု သင်ကြားပို့ချမည့် မိုင်းလုပ်ငန်းဆိုင်ရာညှိနှိုင်းရေးမှူး တာဝန်ခံ ဦးတင်မိုးကျော်က ပြောသည်။

သင်တန်းတွင် ကြက်ခြေနီအကြောင်း သိကောင်းစရာများ၊ လူသားချင်းစာနာထောက်ထားမှုအကြောင်း၊ မြန်မာနိုင်ငံတွင် မိုင်းလုပ်ငန်းဆောင်ရွက်ချက်နှင့်ပတ်သက်သည့် အဓိကအကြောင်းအရာများ၊ ဘေးအန္တရာယ်နေရာများ၊ အမှတ်အသားများနှင့် ဘေးအန္တရာယ်ရှိသော အပြုအမူများအကြောင်း၊ ကချင်ပြည်နယ်အတွင်း ဆောင်ရွက်မည့်အစီအစဉ်များ တုံ့ပြန်ခြင်း၊ အကြံပြုခြင်းများ၊ မိုင်းဒဏ်သင့်လူနာများအား ရှေးဦးပြုစုခြင်း စသည့်အကြောင်းအရာများကို ဆွေးနွေးသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းထွန်းဇော်**

# ဆင်နှင့်လူ ပဋိပက္ခမဖြစ်ပွားရေး အသိပညာပေးဟောပြော

**တိုက်ကြီး အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၌ တောဆင်ရိုင်းများအကြောင်းနှင့် ဆင်နှင့်လူ ပဋိပက္ခမဖြစ်ပွားရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို Country Coordination(Myanmar)အဖွဲ့ကကြီးမှူး၍ အောက်တိုဘာ ၁၈ ရက်က ပြုလုပ်ခဲ့ပြီး ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် တောဆင်ရိုင်းအကြောင်းကို များများသိလေ၊ လူနှင့်ဆင် ပဋိပက္ခဖြစ်မှုပိုနည်းလေဖြစ်ကြောင်း၊ တောဆင်ရိုင်းများနှင့်လူ သဟဇာတဖြစ်အောင်နေထိုင်ပုံများ၊ ဆင်ကြိုက်သည့်အစားအစာများကို မည်သို့ထားရမည်၊ တောဆင်ရိုင်းများ၏ အားနည်းချက်၊ အားသာချက်များ၊ တောဆင်ရိုင်းများနှင့်တွေ့ပါက မည်သို့နေထိုင်ရမည်၊ မည်သို့သွားလာရမည် စသည့်အကြောင်းအရာများကို Country Coordination(Myanmar) NGO အဖွဲ့မှ ဦးအောင်မျိုးချစ်က ဒေသခံများအား ပညာပေးဟောပြောခဲ့သည်။

မြန်မာနိုင်ငံတွင် တောဆင်များနေထိုင်သည့် သပိတ်ကျင်း၊ တိုက်ကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဆင်နှင့်လူ ပဋိပက္ခဖြစ်ပွားလေ့ရှိကြောင်း၊ မြန်မာတစ်နိုင်ငံလုံးအနေဖြင့် ခန့်မှန်းတောဆင်ရိုင်းကောင်ရေမှာ နှစ်ထောင်ခန့်ရှိကာ တစ်ကမ္ဘာလုံးတွင် အိန္ဒိယနိုင်ငံသည် တောဆင်ရိုင်းအများဆုံးဖြစ်ပြီး ဒုတိယအများဆုံးသည် မြန်မာနိုင်ငံဖြစ်ကြောင်း၊ Country Coordination(Myanmar) NGO အဖွဲ့အနေဖြင့် ၂၀၁၄ ခုနှစ်မှစ၍ တောဆင်ရိုင်းများပြားသည့် ဒေသများသို့ကွင်းဆင်းပြီး ဟောပြောပွဲများ လုပ်ဆောင်ပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ဖြင့် အသိပညာပေးမှုများ ပြုလုပ်လျက်ရှိကြောင်း ဦးအောင်မျိုးချစ်က ပြောသည်။

တိုက်ကြီးမြို့နယ် မြိုင်ဟေဝန်ဆင်စခန်းမှ ဆင်အုပ်ကြီး(ဆင်ဖမ်း) ဦးမောင်မောင်းချေက ပဲခူးရိုးမတွင် တောဆင်ရိုင်းများနှင့်လူများ ပဋိပက္ခဖြစ်ရာ၌ အများအားဖြင့် ဆင်ရိုင်းများက လူနေထိုင်သည့်နေရာသို့ သွားခြင်းမဟုတ်ဘဲ လူများက နေရာကျူးကျော် သွားလာနေထိုင်ခြင်းကြောင့် လူနှင့်ဆင် ပဋိပက္ခဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း သုံးသပ်ပြောကြားသည်။

တိုက်ကြီးမြို့နယ်သည် တောဆင်ရိုင်းအန္တရာယ်ကို ကြုံတွေ့ရလေ့ရှိသည့် မြို့နယ်ဖြစ်ပြီး မြို့နယ်အတွင်း ပဲခူးရိုးမတောင်ခြေတွင်နေထိုင်သော ကျေးရွာများမှာ တောဆင်ရိုင်းအန္တရာယ်ကို စိုးရိမ်နေကြရကြောင်း၊ ညနေ ၆ နာရီကျော်လျှင် ရွာပြင်သို့ မထွက်ရဲတော့ကြောင်း၊ တောဆင်ရိုင်းသည် တစ်ခါတစ်ရံ တစ်ကောင်တည်း အစာရှာထွက်လေ့ရှိသော်လည်း တစ်ခါတစ်ရံ အုပ်စုလိုက် အစာရှာထွက်လေ့ရှိကြောင်း၊ ခန့်မှန်းအားဖြင့် တောဆင်ရိုင်းကောင်ရေ ၃၀ ကျော်ရှိကြောင်း၊ တစ်နှစ်လျှင် တောဆင်ရိုင်းအနင်းခံရ၍ တိုက်ကြီးမြို့နယ်အတွင်း လူသုံးယောက်ထက်မနည်း သေဆုံးလေ့ရှိကြောင်း တိုက်ကြီးမြို့နယ် ပဲခူးရိုးမတောင်ခြေတွင် နေထိုင်သော ကျေးရွာများမှ ဒေသခံများပြောပြချက်အရသိရသည်။ **ထွန်းလှိုင်(မြိုင်)**

# မင်္ဂလာဈေးကို နှစ်လအတွင်း အပြီးဖျက်သိမ်း၍ ပြန်လည်တည်ဆောက်မည်

**ရန်ကုန် အောက်တိုဘာ ၂၁**

ဇန်နဝါရီလအတွင်းက မီးလောင်သွားခဲ့သော ရန်ကုန်မြို့ မင်္ဂလာဈေးကြီးအား နိုဝင်ဘာလမှ စတင်၍ နှစ်လအတွင်း အပြီးဖျက်သိမ်းကာ စတင်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီမင်္ဂလာဈေးကြီးက မီးလောင်သွားတာ ၁၀ လကြာသွားပြီဖြစ်လို့ ဈေးသူဈေးသားတွေရဲ့ ခံစားချက်ကို အလေးထားတဲ့အနေနဲ့ မြန်မြန်ဖျက်သိမ်းပြီး ပြန်လည် တည်ဆောက်ပေးသွားချင်ပါတယ်။ လာမယ့် နိုဝင်ဘာလအတွင်းမှာတော့ မဖြစ်မနေဖျက်သိမ်းပြီး တင်ဒါအောင်တဲ့ကုမ္ပဏီက နှစ်လအတွင်းအပြီးဖျက်သိမ်းရမှာဖြစ်ပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ဌာနမှူး ဦးသန်းဌေးက ပြောသည်။



ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးဆောင်သော တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့နှင့် မင်္ဂလာဈေးဖျက်သိမ်းရေး တင်ဒါလျှောက်ထားသူကုမ္ပဏီနှစ်ခုတို့အကြား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက တင်ဒါအောင်ကုမ္ပဏီအား ရွေးချယ်ပေးသည့် အစည်းအဝေးအပြီး ဦးသန်းဌေးက သတင်းထောက်များကို ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ မင်္ဂလာဈေးကြီး ဖျက်သိမ်းမှုအတွက် ဦးလှထွန်း၏ ကေရီဖူးကုမ္ပဏီနှင့် ဦးရဲအောင်၏ ထွန်းရတနာခင်ကုမ္ပဏီတို့က တင်ဒါလျှောက်ထားခဲ့ကြောင်း၊ ယင်းကုမ္ပဏီနှစ်ခုအနက် တစ်ခုကို တင်ဒါအောင်ကုမ္ပဏီအဖြစ် ပဏာမရွေးချယ်ထားပြီဖြစ်ကြောင်း၊ သို့သော်လည်း တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းစစ်ဆေးရန် လိုအပ်နေသဖြင့် လာမည့်သီတင်းပတ်မှသာ တင်ဒါအောင်ကုမ္ပဏီ၏ အမည်စာရင်းကို တရားဝင်ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း ဦးသန်းဌေးက ထပ်လောင်းပြောကြားသည်။

တင်ဒါအောင်ကုမ္ပဏီအနေဖြင့် မီးလောင်မင်္ဂလာဈေးဖျက်သိမ်းမှုကို နှစ်လအတွင်းအပြီးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နှစ်လကျော်လွန်ပါက တစ်ရက်ကို ဒဏ်ကြေးငွေကျပ် ၅၀၀၀၀ ပေးဆောင်ရန်လည်း စီစဉ်ထားကြောင်း၊ ဖျက်သိမ်းနေစဉ်ကာလအတွင်း ယာဉ်ယန္တရားများအသုံးပြုဆောင်ရွက်ရမည်ဖြစ်၍ ဘေးအန္တရာယ်ကင်းရှင်းရေးကိုလည်း အဓိကဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

ယင်းမင်္ဂလာဈေးကြီးမှာ ယခုနှစ် ဇန်နဝါရီ ၈ ရက်က မီးလောင်ကျွမ်းခဲ့ရာ တစ်ဈေးလုံး ပြောင်းရွှေ့ပေးခဲ့ရသဖြင့် ဆိုင်ခန်းပေါင်း ၄၀၀၀ ကျော်မှာအနီးရှိ ရွှေမင်္ဂလာဈေးတွင် ပြောင်းရွှေ့ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

"ကျွန်မတို့အနေနဲ့ လက်ရှိရွှေမင်္ဂလာဈေးမှာ ရောင်းနေရတာအဆင်မပြေပါဘူး။ ဆိုင်ခန်းခတွေကလည်း ဈေးကို အသစ်ပြန်လည်တည်ဆောက်တော့မယ်လို့ သိနေတဲ့အတွက် ဈေးတက်တောင်းနေတာတွေ တွေ့ရပါတယ်။ ကျွန်မတို့ ဈေးသူ ဈေးသားတွေအနေနဲ့ ဒီဈေးကြီးကို အမြန်ဆုံးဖျက်သိမ်းပြီး အမြန်ဆုံး တည်ဆောက်ပေးစေချင်ပါတယ်။ အခုဆိုရင် ၁၀ လ လောက်ရှိသွားပြီဖြစ်လို့ အတော်လေးကို အခက်အခဲတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်"ဟု ဆိုင်ရှင် ဒေါ်ရီရီမြင့်က ပြောသည်။

မင်္ဂလာဈေး ဈေးသူဈေးသားများအနေဖြင့် မိမိတို့ဆိုင်ခန်း မူလနေရာ ပြန်လည်ရရှိရေး၊ ရရှိမည့်ဆိုင်ခန်း အကျယ်အဝန်းအနေအထားတို့နှင့်ပတ်သက်ပြီးလည်း စိုးရိမ်ပူပန်မှု များစွာရှိနေကြကြောင်း ကြားသိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-သက္က**

# သုံးခွမြို့နယ်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအသိပညာပေး

**သုံးခွ အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ်(၉)ရပ်ကွက်ရှိ ဥက္ကံဝဓာတ်အားခွဲရုံခန်းမ၌ အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့် တွေ့ဆုံ၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးတင်ဆန်းနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသက်မောင်ထွေးတို့က လျှပ်စစ်ဥပဒေအကြောင်း ကျေးရွာမီးလင်းရေးကော်မတီဝင်များ လိုက်နာရမည့်အချက် ၁၂ ချက်၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် လိုက်နာရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များ စသည်ဖြင့် အသိပညာပေးဟောပြောပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

အဆိုပါဟောပြောပွဲသို့ လျှပ်စစ်မီးရရှိသောကျေးရွာ ၂၄ ရွာမှ မီးလင်းရေးကော်မတီဝင် ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# စလင်း ခုတင်(၁၀၀) ဆံ့ဆေးရုံ တည်ဆောက်မှု ၆၅ ရာခိုင်နှုန်းပြီးစီး



**စလင်း အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် ဆောက်လုပ်လျက်ရှိသော ခုတင်(၁၀၀) ဆံ့ဆေးရုံတည်ဆောက်မှုလုပ်ငန်းများ အောက်တိုဘာ ၂၀ ရက်တွင် ၆၅ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယခုတည်ဆောက်နေသော စလင်းဆေးရုံအဆောက်အအုံသစ်ကြီးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းက စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်မှ ခွင့်ပြုငွေ ကျပ်သိန်းပေါင်း ၈၉၀၀ ဖြင့် ဆောက်လုပ်နေခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ် မတ်လကုန်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ပြေ၏ ပြောကြားချက်အရ သိရသည်။

စလင်းမြို့နယ်သည် လူဦးရေ နှစ်သိန်းငါးသောင်းခန့်ရှိပြီး လက်ရှိတွင် ခုတင်(၅၀) အဆင့်ဆေးရုံသာရှိကြောင်း၊ လက်ရှိဆေးရုံမှာ ခုတင်(၅၀) ဟုဆိုသော်လည်း လက်ရှိတွင် လူနာ ၁၀၀ ကျော်ခန့်ကို ကုသပေးနေရကြောင်း၊ ဖွဲ့စည်းပုံအရ ဆရာဝန်ကိုးဦး ရှိရမည်ဖြစ်သော်လည်း လက်ရှိတွင် သွားဆရာဝန်အပါအဝင် ငါးဦးသာရှိကြောင်း၊ စလင်းမြို့နယ်သည် ခုတင်(၂၀၀) အဆင့်ဆေးရုံရှိသော မင်းဘူး၊ မကွေးမြို့များနှင့်လည်း မိုင် ၄၀ ခန့်ကွာဝေးသဖြင့် ဒေသခံပြည်သူများမှာ စလင်းဆေးရုံကိုသာ အားကိုးရကြောင်း၊ စလင်း ခုတင် (၅၀) ဆေးရုံတွင် အယ်ထရာဆောင်းရိုက်ကူးခြင်း၊ အဆင့်မြင့်ဓာတ်ခွဲသွေးစစ်မပြုလုပ်နိုင်ခြင်း စသည်တို့ကြောင့် လူနာများကို မင်းဘူး၊ မကွေး ဆေးရုံများသို့ လွှဲပြောင်းရပါက အချိန်ကုန်၊ လူပန်းသလို ငွေကြေးမတတ်နိုင်သူများအတွက်လည်း များစွာအခက်အခဲရှိကြောင်း၊ ယခု ခုတင်(၁၀၀) ဆေးရုံအဖြစ် နိုင်ငံတော်က အဆင့်တိုးမြှင့်သတ်မှတ်ပေးလိုက်သဖြင့် ဒေသခံများအတွက် များစွာအကျိုးကျေးဇူးရှိမည်ဖြစ်၍ စလင်းဒေသခံများအနေဖြင့် ဆေးရုံဆောက်လုပ်မှုများ အမြန်ပြီးစီးကာ သမားတော်ကြီးများ အမြန်ရောက်လာရန် မျှော်လင့်နေကြကြောင်း ဒေသခံပြည်သူများက ပြောသည်။ **စစ်ကြည် (စလင်း)**

# သတင်းတိုများ

## မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးလှည့်လည်ပြသ

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာများတွင် မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုများ တားဆီးကာကွယ်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် ကရင်ပြည်နယ်ရဲတပ်ဖွဲ့၏ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးလှည့်လည်ပြသလျက်ရှိကြောင်း သိရသည်။ မှုခင်းပညာပေးပြခန်းယာဉ်တွင် ပြည်နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်ရဲထွင်မင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်အေးတို့ဦးဆောင်၍ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းအဖွဲ့ဝင်များပါဝင်ပြီး အောက်တိုဘာ ၁၈ ရက်က မြို့နယ်အတွင်းရှိ ထီလုံကျေးရွာ၊ ထီလုံစစ်မှုထမ်းဟောင်းရပ်ကွက်၊ သမ္ဘာန်ကျေးရွာ၊ ကျောက်တော်ကျေးရွာ၊ ပိုင်ကျုံမြို့ရှိ နောက်ဘိုကြီးကျေးရွာ၊ မြို့ပေါ်ရပ်ကွက်များဖြစ်သည့် အမှတ်(၂)၊ အမှတ်(၃)၊ အမှတ်(၅)ရပ်ကွက်များနှင့် ကစိုကျေးရွာသို့ လှည့်လည်၍ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပြီး မှုခင်းကျဆင်းရေးဆိုင်ရာများကို အသိပညာပေးပြသခဲ့သည်။ **(မြို့နယ်ပြန်/ဆက်)**

## တိုင်းရင်းဆေးပညာ(ဆင့်ပွား)သင်တန်းဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ တိုင်းရင်းဆေးပညာ(ဆင့်ပွား)သင်တန်းကို မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနက ကြီးမှူး၍ အောက်တိုဘာ ၂၀ ရက်က ဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနမှ လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်ကြည်နွယ်က မီးဖိုချောင်သုံးဖြစ်သည့် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူးနှင့် သီးနှံမျိုးစုံတို့၏ ဆေးဖက်ဝင် အကျိုးရှိပုံကိုလည်းကောင်း၊ တိုင်းရင်းဆေးဖြင့် ရှေးဦးပြုစုနည်းများကိုလည်းကောင်း၊ တိုင်းရင်းဆေးဝါးများအကြောင်းကိုလည်းကောင်း သင်ကြားပို့ချခဲ့ပြီး သင်တန်းသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## အောင်လံမြို့တွင် ဇီကာဗိုင်းရပ်စ်ရောဂါအကြောင်း အသိပညာပေးဟောပြော

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဇီကာဗိုင်းရပ်စ်ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ အောက်တိုဘာ ၁၉ ရက်က ကျင်းပခဲ့ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်လှလှရီက အမှာစကားပြောကြားပြီး မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမျိုးလွင်က ဇီကာဗိုင်းရပ်ပိုးအကြောင်းနှင့် ဇီကာဗိုင်းရပ်စ်ရောဂါ ကူးစက်ပုံများ၊ ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် ခြင်နှိမ်နင်းရေးလုပ်ငန်းများ အကြောင်းတို့ကို ရှင်းလင်းဆွေးနွေးဟောပြောခဲ့သည်။ **သိန်းလွင်(ပြန်/ဆက်)**

# ကွန်ပျူတာ၊ အင်တာနက် နည်းပညာပြန့်ပွားရေး အခြေခံသင်တန်းဖွင့်

**သံတွဲ အောက်တိုဘာ ၂၁**

သံတွဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကကြီးမှူး၍ ကျေးလက်နေလူငယ်များ စွမ်းဆောင်ရည်မြင့်မားလာစေပြီး အလုပ်အကိုင်အခွင့်အလမ်း အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကွန်ပျူတာ၊ အင်တာနက်နည်းပညာပြန့်ပွားရေး အခြေခံသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၇ ရက်က အဆိုပါရုံး၌ကျင်းပရာ ခရိုင်ခေတ္တအုပ်ချုပ်ရေးမှူး ဦးဟန်ဇော်မြင့်က အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးကိုယ်စား မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဌေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၁၇ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး ကျေးရွာများမှ သင်တန်းသားသင်တန်းသူ ၂၀ အား ကွန်ပျူတာ၊ အင်တာနက်နည်းပညာသုံးစွဲနည်း အခြေခံအဆင့်အား သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



# အာဖရိကနိုင်ငံများဖလားပွဲမှာ နည်းပြဟောင်းနဲ့ ပြန်လည်ရင်ဆိုင်ရမယ့် အိုင်ဗရီကို့စ်

အိုင်ဗရီကို့စ်အသင်းအနေနဲ့ လာမယ့် ၂၀၁၇ အာဖရိကနိုင်ငံများဖလား အုပ်စုအဆင့်မှာ နည်းပြဟောင်း ဟားဗတ်ရေးနတ်နဲ့ ရင်ဆိုင်ရဖို့ရှိပါတယ်။ အိုင်ဗရီကို့စ်အသင်းဟာ ဂါဘွန်မှာ ကျင်းပမယ့် ပထမအကျော့ အုပ်စုပွဲမှာ ကွန်ဂို၊ တိုဂိုနဲ့ မော်ရိုကိုအသင်းတွေနဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ မော်ရိုကိုနည်းပြရေးနတ်ဟာ ဂီနီမှာ အိုင်ဗရီကို့စ်အသင်းကို ဖလားရအောင် စွမ်းဆောင်ပေးခဲ့သူဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် က ဇမ်ဘီယာနဲ့ ကစားတဲ့ပွဲမှာလည်း တိုက်ကြီးများဖလားကို အိုင်ဗရီကို့စ်အသင်းနဲ့ အတူ ရယူပေးနိုင်ခဲ့ပါတယ်။ အိုင်ဗရီကို့စ်နဲ့ မော်ရိုကိုအသင်းဟာ အုပ်စု (C) မှာ အလားအလာကောင်းတဲ့ အသင်းတွေဖြစ်ပါတယ်။ သို့သော်လည်း ပရီမီယာလိဂ် ကလပ်တွေမှာ ကစားနေတဲ့ ကစားသမားတွေပါဝင်နေသော ကွန်ဂိုအသင်းကို ခက်ခက်ခဲခဲကစားရဖို့ရှိပါတယ်။ အိမ်ရှင်ဂါဘွန်ကတော့ အုပ်စု (A) မှာ ဘာကီနာဖာဆို၊ ကင်မရွန်း၊ ဂီနီယာ ဘစ်ဆောတို့နဲ့အတူ ကစားရမှာဖြစ်ပါတယ်။ အယ်လ်ဂျီးရီးယား၊ တူနီးရှား၊ ဆီနီဂေါနဲ့ ဇင်ဘာဘွေတို့ကတော့ အုပ်စု (B) မှာ မြောက်အာဖရိက ဒါဘီအဖြစ် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြပါလိမ့်မယ်။ ၂၀၁၀ ခုနှစ်က ဖလားရပြီး ပထမဆုံးအကြိမ် အုပ်စုပွဲတက်လာတဲ့ အီဂျစ်ကတော့ အုပ်စု (D) မှာ ဂါနာ၊ မာလီ၊ ယူဂန္ဒာတို့ နဲ့ အပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲတွေကို ဇန်နဝါရီ ၁၄ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ ဂါဘွန်ရဲ့မြို့ကြီးလေးမြို့ဖြစ်တဲ့ လီဘရီဗီလီ၊ ဖရန်စီဗီလီ၊ အိုရမ်းနဲ့ ပို့စ်ဂျင်တေးတို့မှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။

# လီဗာပူးကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်သွားမယ်ဆိုတဲ့ ဂျာဂျင်ကလော့ပ်

လီဗာပူးအသင်းအနေနဲ့ မန်ယူနဲ့ ကစားခဲ့တဲ့ပွဲမှာ ဂိုးမရှိသရေကျခဲ့ပြီးနောက် အောင်မြင်တဲ့ အသင်းဖြစ်ဖို့ ကြိုးစားနေပြီလို့ နည်းပြဂျာဂျင်ကလော့ပ်က ဆိုပါတယ်။ လီဗာပူးအသင်းအနေနဲ့ ဒီနှစ်ရာသီမှာ ပရီမီယာလိဂ်ဖလားကို မျှော်မှန်းနိုင်တဲ့အသင်းဖြစ်အောင် ကြိုးစားပြင်ဆင်နေပြီလို့ ဆိုပါတယ်။ မန်ယူနဲ့ လီဗာပူးတို့ဟာ တနင်္လာနေ့ညက ယှဉ်ပြိုင်ကစားရာမှာ ဂိုးမရှိသရေနဲ့ အဆုံးသတ်ခဲ့ပါတယ်။ ဒီပွဲမှာ လီဗာပူး ကစားသမားတွေရဲ့ ခြေစွမ်းက ဒီနှစ်ရာသီမှာတော့ အဆိုးရွားဆုံးအနေအထားလို့ နည်းပြဂျာဂျင်ကလော့ပ်က ဝန်ခံပြောဆိုခဲ့တာပါ။ လီဗာပူးဟာ လာမယ့် စနေနေ့မှာ ဝက်စ်ဘရွန်းနဲ့ ကစားရမှာဖြစ်ပါတယ်။ ဒီပွဲဟာ အန်ဖီးမှာ ကစားမယ့်ပွဲဖြစ်တဲ့အတွက် လီဗာပူးတို့ နိုင်ခြေများနေတယ်။ လီဗာပူးရဲ့ နောက်တန်းကစားသမားဟောင်း ဒန်နီရယ်အဂ္ဂါကတော့ ဒီနှစ်ရာသီမှာ လီဗာပူးဖလားရဖို့ အလားအလာ များနေတယ်လို့ ဟောကိန်းထုတ်ပြောဆိုနေပါတယ်။ ယခုအခါမှာတော့ လီဗာပူးအသင်းကစားသမားတွေအားလုံး နိုင်ပွဲတွေ ပြန်ရနိုင်ဖို့ အပြင်းအထန်လေ့ကျင့်မှုတွေပြုလုပ်နေပြီလို့ ဆိုပါတယ်။



ကောင်းမြတ်သူ - စုစည်းသည်

# မော်ရင်ဟို ရင်ပူရမယ့် ချယ်လ်ဆီးနှင့် မန်ယူတို့ပွဲ

*ဒီတစ်ပတ်ရဲ့ စနေ၊ တနင်္ဂနွေဖြစ်တဲ့ အောက်တိုဘာ ၂၂ ရက်နဲ့ ၂၃ ရက်တွေမှာ ပရီမီယာလိဂ်ပွဲစဉ်(၉)ကို ဆက်လက်ဆင်နွှဲဖို့ ရှိနေပါတယ်။ ဒီပွဲစဉ်တွေမှာ ပရိသတ်အကြိုက်ဆုံးကတော့ ချယ်လ်ဆီးနဲ့ မန်ယူတို့ ပွဲစဉ်ပဲဖြစ်ပါလိမ့်မယ်။ ချယ်လ်ဆီးရဲ့ လက်ရှိခြေစွမ်းက ရင်မအေးရသလို မန်ယူရဲ့ လတ်တလောခြေစွမ်းကလည်း ရင်ပူစရာကောင်းနေပြန်ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်ရဲ့ပွဲကောင်းတစ်ပွဲအဖြစ် မြင်တွေ့ရနိုင်မလားဆိုတာကလည်း ရင်ခုန်စရာ ကောင်းနေတာတော့ အမှန်ပါပဲ။*



မိုးမြင့်လင်းလက်

### ချယ်လ်ဆီးနှင့် မန်ယူ

ခြေစွမ်းမငြိမ်တဲ့ ချယ်လ်ဆီးတို့ဟာ နောက်ဆုံးငါးပွဲကစားခဲ့ရာမှာ သုံးပွဲနိုင်ပြီး နှစ်ပွဲရှုံးထားပါတယ်။ အာဆင်နယ်ကို သုံးဂိုးပြတ်နဲ့ ရှုံးခဲ့သလို လီဗာပူးကိုလည်း နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့တဲ့ ချယ်လ်ဆီးဟာ အခုပွဲ မန်ယူကို အိမ်ကွင်းမှာ ဘယ်လိုညှော်ခံနိုင်မလဲကြည့်ရမှာဖြစ်ပါတယ်။ ချယ်လ်ဆီးတိုက်စစ်က ဂိုးသွင်းနိုင်စွမ်းရှိပေမယ့် ခံစစ်ပိုင်းမှာ အားနည်းချက်ရှိနေပါတယ်။ ကွင်းလယ်ကစားအားပိုင်းမှာလည်း လိုအပ်ချက်တွေရှိနေပေမယ့် မန်ယူကို ကောင်းကောင်းစိန်ခေါ်နိုင်တဲ့ ခြေစွမ်းရှိထားပါတယ်။ မန်ယူတို့ကတော့ ရလဒ်တွေ ဆိုးရွားနေတာမို့ ပွဲကျပ်အဖြစ် ကစားရပါလိမ့်မယ်။ လီဗာပူးနဲ့ စတုတ်ကို ဆက်တိုက်သရေပွဲတွေဖြစ်ထားတဲ့ မန်ယူဟာ တိုက်စစ်အနေအထားကို ပြုပြင်ပြောင်းလဲမှ ရပါလိမ့်မယ်။ နှစ်သင်းစလုံးအားထုတ်မှုရော စွမ်းဆောင်မှုအပိုင်းမှာ ကွာဟချက်နည်းတာမို့ သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

### မန်စီးတီးနှင့် ဆောက်သမ်တန်

အခုတလော သရေပွဲ၊ ရှုံးပွဲတွေနဲ့ ဆက်တိုက်ကြုံတွေ့နေရတဲ့ မန်စီးတီးဟာ အခုပွဲမှာတော့ နိုင်ပွဲရအောင် ပြန်လည်ရှာဖွေတော့မှာ ဖြစ်ပါတယ်။ ခြေစွမ်းပိုင်းမှာ အားကောင်းတဲ့ မန်စီးတီးတို့က ကွင်းလယ်ရော တိုက်စစ်ပါ ဖိဖိစီးစီးကစားနိုင်ပေမယ့် အဆုံးသတ်ပိုင်းမှာ အားနည်းနေပါတယ်။ ဆောက်သမ်တန်ရဲ့နောက်ဆုံးလေးပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင်တော့ ရှုံးပွဲမရှိခဲ့ပါဘူး။ ပုံမှန်ခြေစွမ်းရနေတဲ့ ဆောက်သမ်တန်တို့ရဲ့ အားထုတ်မှုကောင်းရင် ရလဒ်ကောင်း ပိုင်ဆိုင်ရနိုင်ပေမယ့် မန်စီးတီးတို့ နိုင်ပွဲကို ရအောင်ခြေကုန်ဖွင့်ပြီး ရအောင်ယူပါလိမ့်မယ်။

### အာဆင်နယ်နှင့် မစ်ဒယ်ဘရော့

ပုံမှန်ခြေစွမ်းပြန်ရနေတဲ့ အာဆင်နယ်တို့က မစ်ဒယ်ဘရော့ကို အသာစီးရအောင် အားထုတ်ပါလိမ့်မယ်။ နောက်ဆုံးငါးပွဲမှာ ၁၂ ဂိုးအထိ သွင်းယူထားတဲ့ အာဆင်နယ်တိုက်စစ်မှူးတွေဟာ စွမ်းဆောင်မှုကျဆင်းနေတဲ့ မစ်ဒယ်ဘရော့ကို ဂိုးရအောင် သွင်းယူနိုင်ဖို့ ကြိုးစားမှာပါ။ နိုင်ပွဲဆက်တိုက် ပျောက်ဆုံးနေတဲ့ မစ်ဒယ်ဘရော့တို့က ဒီပွဲမှာ သရေရလဒ်ထွက်ရင်တောင် ကံကောင်းတယ်လို့ မှတ်ယူရမယ့်ပွဲပါပဲ။

### ဘုန်းမောက်နှင့် စပါး

ခြေစွမ်းတည်ငြိမ်နေပြီး ပွဲတိုင်းရလဒ်ကောင်းဖို့ ကြိုးစားနေတဲ့ စပါးဟာ နောက်ဆုံးငါးပွဲကစားခဲ့ရာမှာ ရှုံးပွဲမရှိခဲ့ပါဘူး။ အသင်းလိုက်ရော တစ်ဦးချင်းပါ ကစားအားကောင်းတဲ့ အခြေအနေမျိုးရှိတာမို့ ဘုန်းမောက်ဟာ ပွဲကျပ်အဖြစ် ရင်ဆိုင်ရဖို့ရှိနေပါတယ်။ ဘုန်းမောက်ရဲ့ခြေစွမ်းကလည်း လောလောဆယ်မှာ စိတ်ချရတဲ့အနေအထားမဟုတ်တာမို့ မျှော်လင့်ချက် မြင့်မြင့်ထားလို့ မရနိုင်ပါဘူး။ စပါးတို့ပဲ ဒီပွဲမှာ အောင်ပွဲခံဦးမှာပါ။

### ဘန်လေနှင့် အဲဗာတန်

အဲဗာတန်တို့လည်း ခြေစွမ်းကျဆင်းနေပြီး နိုင်ပွဲတွေ ပျောက်ဆုံးနေပါတယ်။ ဒါပေမယ့် မန်စီးတီးကို တစ်ဂိုးစီသရေပွဲဖြစ်အောင် ကစားနိုင်ခဲ့တဲ့ ခြေစွမ်းကိုတော့ အသိအမှတ်ပြုရမှာပါ။ ဘန်လေတို့ကလည်း အခုတလော ရှုံးပွဲတွေ ဆက်နေတာမို့ ဒီပွဲမှာ နိုင်ပွဲစတင်ဖို့ ခြေကုန်ဖွင့်ဖို့ရှိနေပါတယ်။ ဘန်လေတို့ကလည်း ဆက်တိုက်ရှုံးပွဲတွေ ကြုံနေတာမို့ အခုပွဲမှာ အနိမ့်ဆုံး တစ်မှတ်ကို ရအောင်ယူဖို့ ကြိုးစားလာမှာပါ။ အကြိုက်က အဲဗာတန်တို့ ဖြစ်ပါတယ်။

### ဟားလ်စီးတီးနှင့် စတုတ်

ဘုန်းမောက်၊ ချယ်လ်ဆီး၊ လီဗာပူးတို့ကို ဆက်တိုက်ရှုံးနေတဲ့ ဟားလ်စီးတီးတို့ အခုပွဲမှာ အမှတ်ရအောင် ကြိုးစားပါလိမ့်မယ်။ ဟားလ်စီးတီးတိုက်စစ်မှူးတွေရော ကွင်းလယ်ကစားအားပါ ဟန်ချက်ညီညီ ပေါင်းစပ်နိုင်ရင်တော့ အခုပွဲမှာ အမှတ်ဆုံးရှုံးဖို့ မရှိနိုင်ပါဘူး။ စတုတ်တို့ကတော့ အဝေးကွင်းမှာ ကစားရမှာမို့ ဟားလ်စီးတီးတို့ကို ရင်ဆိုင်ဖို့ ခက်ခဲပါလိမ့်မယ်။ အကြိုက်က ဟားလ်စီးတီးပါပဲ။

### လက်စတာနှင့် ပဲလေ့စ်

လက်ရှိ ချန်ပီယံ လက်စတာတို့က ပဲလေ့စ်အသင်းကို အနိုင်ရအောင် ကြိုးစားပါလိမ့်မယ်။ ကိုပင်ဟေဂင်လိုအသင်းကို အနိုင်ကစားနိုင်ခဲ့တဲ့ လက်စတာရဲ့ ခြေစွမ်းက ချီးကျူးစရာပါပဲ။ ပဲလေ့စ်အသင်းက နောက်ဆုံး ငါးပွဲကစားခဲ့ရာ ဆန်းဒါးလန်းနဲ့ စတုတ်ကိုသာနိုင်ပြီး ကျန်ပွဲတွေ အကုန်ရှုံးခဲ့ပါတယ်။ ဒါကြောင့် ဒီပွဲစဉ်ကို လက်စတာတို့ မဖြစ်မနေ ကြိုးစားအားထုတ်ရင်တော့ အနိုင်သုံးမှတ်ရယူသွားမယ့်ပွဲပါပဲ။ ။

# မန်စီးတီးနဲ့ပွဲမှာ ဟက်ထရစ်ဂိုးနဲ့ အောင်ပွဲခံခဲ့တဲ့ မက်ဆီ



တိုက်စစ်မှူး မက်ဆီက နာမည်ကြီး အားကစားသမားတစ်ဦးဖြစ်ကြောင်း မန်စီးတီးနဲ့ကစားခဲ့တဲ့ ချန်ပီယံလိဂ် အုပ်စုပွဲမှာ ပြသသွားနိုင်ခဲ့ပါတယ်။ ဒီပွဲမှာ ဘာစီလိုနာက မန်စီးတီးကို လေးဂိုးပြတ်နဲ့ အနိုင်ကစားရာမှာ မက်ဆီက ဟက်ထရစ်ဂိုးသွင်းယူပေးနိုင် ခဲ့ပါတယ်။ ဒီဂိုးတွေဟာ မက်ဆီအနေနဲ့ အင်္ဂလန် ပရီမီယာလိဂ် အသင်းတွေနဲ့ ၁၆ ပွဲမြောက် ကစားခဲ့ရာမှာ ၁၅ ဂိုးမြောက်အဖြစ် သွင်းယူပေးခဲ့ခြင်းဖြစ်ပါတယ်။ မက်ဆီအနေနဲ့ ကစားဖော်တွေဖြစ်တဲ့ နေမာ၊ ဆွာရက်ဇ်တို့နဲ့အတူ အောင်ပွဲခံခဲ့ပါတယ်။

ဘာစီလိုနာ နည်းပြ လူးဝစ်အင်းနရစ်ကတော့ မက်ဆီရဲ့ခြေစွမ်းကို ချီးကျူးပြောဆိုခဲ့ပါတယ်။ မက်ဆီဟာ အသက်အရွယ်ရရှိလာပေမယ့် ခြေစွမ်းပြ တိုက်စစ်မှူးအဖြစ် ဆက်လက်ရှိနေဦးမယ်လို့ ဆိုပါတယ်။

# တယ်လီနောနှင့် ဗိုက်ဘာပူးပေါင်း၍ သီတင်းကျွတ်အထိမ်းအမှတ် စတစ်ကာသစ်များ မိတ်ဆက်ခဲ့

**ရန်ကုန်  အောက်တိုဘာ ၂၁**

အောက်တိုဘာ ၁၆ ရက်က ကျရောက်ခဲ့သည့် သီတင်းကျွတ်လပြည့်နေ့အတွက် ရည်ရွယ်၍ Viber စတစ်ကာဒီဇိုင်းသစ်များကို တယ်လီနောနှင့် Viber တို့ပူးပေါင်း၍ အောက်တိုဘာ ၁၄ ရက်က စတင်မိတ်ဆက်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်ကုန်ပိုင်းက စတင်မိတ်ဆက်ခဲ့သော တယ်လီနောမြန်မာ၏ Viber public chat သည် အောက်တိုဘာ ဒုတိယပတ်အတွင်း သုံးစွဲသူအရေအတွက် တစ်သန်းကျော်လွန်ခဲ့သည့် အထိမ်းအမှတ်အဖြစ် တယ်လီနောနှင့် Viber တို့ပူးပေါင်း၍ Playful in Thadingyut အမည်ဖြင့် ဗိုက်ဗာ စတစ်ကာ ဒီဇိုင်းသစ်များကို မိတ်ဆက်ခဲ့ခြင်းဖြစ်ကာ တယ်လီနောကွန်ရက်အသုံးပြုသူများအနေဖြင့် အင်တာနက်အသုံးပြုခ ပေးဆောင်စရာမလိုဘဲ Viber sticker market တွင် အခမဲ့ရယူနိုင်ကြောင်း သိရသည်။

Viber ၏ အရှေ့တောင်အာရှဒေသဆိုင်ရာ ဌာနအကြီးအကဲဖြစ်သူ Crystal Gonzalez က Viber နှင့် တယ်လီနောပူးပေါင်းပြီး သီတင်းကျွတ်ပွဲတော် အထိမ်းအမှတ်အဖြစ် သီတင်းကျွတ် စတစ်ကာဒီဇိုင်းသစ်များကို မိတ်ဆက်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ Viber အသုံးပြုသူ ၂၈ သန်းအနေဖြင့် ကြိုက်နှစ်သက်ကြမည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံမှ Viber သုံးစွဲသူများအနေနဲ့ တစ်လလျှင် Viber စတစ်ကာ အရေအတွက် ၂၆၇ သန်းခန့် ပေးပို့နေပြီး အဆိုပါအရေအတွက်မှာ အရှေ့တောင်အာရှတွင် အမြင့်မားဆုံးဖြစ်ကြောင်း၊ Viber အနေဖြင့် တယ်လီနောကဲ့သို့ ဈေးကွက်ဦးဆောင်သူများနှင့် ပူးပေါင်းပြီး နိုင်ငံယဉ်ကျေးမှုတွေကိုမြှင့်တင်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တယ်လီနောမြန်မာမှ မားကတ်တင်းအရာရှိချုပ် Joslin Myrthong ကလည်း မြန်မာ့ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုများကို ထိန်းသိမ်းနိုင်ရန်ရည်ရွယ်ပြီး Viber နှင့်အတူ ဒီစတစ်ကာဒီဇိုင်းသစ်များကို မိတ်ဆက်နိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ကြောင်း ပြောသည်။

တယ်လီနောမြန်မာနှင့် Viber တို့ ပူးပေါင်း၍ အစောပိုင်းကာလများကလည်း မြန်မာနှစ်သစ်ကူး အတာသင်္ကြန်ကာလအထိမ်းအမှတ်အတွက် ဂျာရစ်နှင့် စာဥ စတစ်ကာများကိုလည်းကောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ ဂုဏ်ကျက်သရေရှိမှုနှင့် စိတ်အားထက်သန်မှုတို့ကိုဖော်ပြသည့် 'We Love Myanmar' စတစ်ကာများကို လည်းကောင်း မိတ်ဆက်ခဲ့ပြီးဖြစ်သည်။

**သူရဖြိုး**

## Mobile Review

# ကင်မရာတစ်လုံးတည်း ရှေ့နောက်လှည့်ရိုက်နိုင်တဲ့ Huawei ShotX

Huawei ShotX ဟာ ဈေးကွက်မှာတော့ Huawei Honor 7i လို့လည်း လူသိများတဲ့ဖုန်းဖြစ်ပါတယ်။ ဈေးကွက်အတွင်း အသစ်ဝင်ရောက်တဲ့ဖုန်းမဟုတ်ဘဲ နိုင်ငံတကာဈေးကွက်မှာ တစ်နှစ်နီးပါး၊ ပြည်တွင်းဈေးကွက်မှာ ၁၀ လလောက်ရှိပြီဖြစ်ပေမယ့် ကင်မရာအပါအဝင် ကောင်းမွန်တဲ့လုပ်ဆောင်ချက်တွေနဲ့ အရည်အသွေးနဲ့ယှဉ်ရင် ထိုက်တန်တဲ့ဈေးနှုန်းတို့ကြောင့် Review အနေနဲ့ ဖော်ပြတာဖြစ်ပါတယ်။

Huawei ShotX ဟာ မျက်နှာပြင်အကျယ် ၅ ဒသမ ၂ လက်မရှိပြီး Resolution က 1080x1920 pixels ရှိလို့ ရုပ်ထွက်အရည်အသွေးကောင်းမွန်ပါတယ်။ စက်လည်ပတ်စနစ်အတွက် အန်းဒရွိုက်ဗားရှင်း 5.1.1(Lollipop)ကို အသုံးပြုထားပြီး ဗားရှင်း 6.0 (Marshmallow)အတွက် Upgrade လုပ်နိုင်အောင် ထုတ်လုပ်ထားလို့ အခုအခါမှာ Upgrade လုပ်နိုင်နေပြီဖြစ်ပါတယ်။ User Interface က Huawei ရဲ့ Emotion UI 3.1 ကို သုံးထားပါတယ်။ CPU က Octa-core ဖြစ်ပြီး RAM 2GB, အင်တာနယ်မင်မိုရီ 16GB edition နဲ့ RAM 3GB, အင်တာနယ်မင်မိုရီ 32GB edition နှစ်မျိုး ထွက်ထားပါတယ်။ မင်မိုရီကတ်ကို ထပ်စိုက်သုံးမယ်ဆိုရင်လည်း 256 GB အထိ ထောက်ပံ့ပေးထားလို့ မင်မိုရီအတွက် စိတ်ချရပေမယ့် SD ကတ်ကို ဒုတိယဆင်းကတ်ပေါက်မှာ အသုံးပြုရမှာဖြစ်တာကြောင့် SD ကတ်ထည့်သုံးရင် ဆင်းကတ်တစ်ကတ်တည်းအသုံးပြုနိုင်တာကတော့ အားနည်းချက်ဖြစ်ပါတယ်။ မင်မိုရီကတ်မသုံးရင်တော့ GSM ဆင်းကတ်နှစ်ကတ် အသုံးပြုနိုင်မှာဖြစ်ပါတယ်။ မိုဘိုင်းနက်ဝက်က GSM ဖြစ်ပြီး အင်တာနက်အတွက် 4G (LTE) အထိ ထောက်ပံ့ပေးထားပါတယ်။

Huawei ShotX ရဲ့အဓိကအားသာချက်ကတော့ ကင်မရာဖြစ်ပါတယ်။ အခြားဖုန်းအများစုလို ကင်မရာက ရှေ့နောက်တစ်လုံးစီပါတာမဟုတ်ဘဲ ၁၃ မဂ္ဂါပစ်ဇယ်ရှိတဲ့ နောက်ကင်မရာတစ်လုံးပဲ ပါဝင်ပါတယ်။ အဲဒီနောက်ကင်မရာနဲ့အတူ Flash မီးကိုပါ ရှေ့ဘက်ကိုလှည့်ပြီး ဓာတ်ပုံရိုက်နိုင်တဲ့အတွက် Selfie ရိုက်ရင်တောင် ၁၃ မဂ္ဂါပစ်ဇယ်အရည်အသွေး ရိုက်နိုင်မယ့်အပြင် Flash မီးကိုပါ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဘက်ထရီအနေနဲ့ Li-Po 3100 mAh ဘက်ထရီပါဝင်ပါတယ်။

ကိုယ်ထည်အရောင်အနေနဲ့ အဖြူ၊ အနက်နဲ့ ရွှေရောင်တွေ ရရှိနိုင်ပါတယ်။ လက်ရှိ ပြည်တွင်းဈေးကွက်မှာ RAM 3G edition ကို ရောင်းချမှုနည်းနေတာတွေ့ရပြီး RAM 2GB edition ကတော့ ကျပ် ၁၉၀၀၀၀ ဝန်းကျင်ရှိပါတယ်။

**သူရဖြိုး**




## နည်းပညာသတင်းတိုများ

### ရှစ်နိုင်ငံအသိအမှတ်ပြု ITPEC စာမေးပွဲများကျင်းပ

မြန်မာနိုင်ငံအပါအဝင် နိုင်ငံရှစ်နိုင်ငံမှ အသိအမှတ်ပြုသည့် နည်းပညာစာမေးပွဲ ဖြစ်သည့် ITPEC စာမေးပွဲများဖြစ်သော Information Technology Passport Exam(IP), Fundamental IT Engineering Exam(FE)နှင့် Applied IT Engineering Exam(AP) စာမေးပွဲများကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က ကြီးမှူး၍ ရန်ကုန်မြို့ သခင်မြပန်းခြံအနီးရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၌ အောက်တိုဘာ ၁၆ ရက်က စစ်ဆေးခဲ့သည်။

ITPEC အဖွဲ့မှာ အိုင်တီပညာရှင်များ၏အရည်အချင်းကို စာမေးပွဲများကျင်းပပြီး တစ်ပြေးညီသတ်မှတ်လက်ခံနိုင်ရန်အတွက် ဂျပန်၊ ထိုင်း၊ မြန်မာ၊ မလေးရှား၊ ဗီယက်နမ်၊ မွန်ဂိုလီးယား၊ ဖိလစ်ပိုင်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများ ပူးပေါင်းဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်ကာ မြန်မာနိုင်ငံ၌ IP, FE နှင့် AP စာမေးပွဲများကို စစ်ဆေးကြောင်း၊ နိုင်ငံအားလုံး၌ နှစ်စဉ် ဧပြီလနှင့် အောက်တိုဘာလများတွင် မေးခွန်းတစ်ခုတည်းကို တစ်ပြိုင်တည်း စစ်ဆေးသည့်စာမေးပွဲဖြစ်၍ အောင်မြင်သူများအနေဖြင့် နိုင်ငံရှစ်ခုမှ အသိအမှတ်ပြုသည့် အောင်လက်မှတ်ကိုရရှိသော စာမေးပွဲဖြစ်ကြောင်း၊ စစ်ဆေးသည့် စာမေးပွဲသုံးခုမှ အဆင့်မြင့်စာမေးပွဲနှစ်ခုဖြစ်သော FE နှင့် AP စာမေးပွဲများကို အောင်မြင်သူများမှာ ဂျပန်နိုင်ငံတွင် အလုပ်လုပ်ရန် ဗီဇာအလိုအလျောက်ရရှိမည်ဖြစ်ကြောင်း၊ ရရှိမည့် အသိအမှတ်ပြုလက်မှတ်မှာလည်း ရှစ်နိုင်ငံအသိအမှတ်ပြု လက်မှတ်ဖြစ်၍ နိုင်ငံခြား အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

### ဆမ်ဆောင်းကလူသုံးကုန်ပစ္စည်းများသီတင်းကျွတ်အထူးဈေးနှုန်းဖြင့်ရောင်းချ

Samsung Electronics မှထုတ်လုပ်သော နည်းပညာမြင့် လူသုံးကုန်ပစ္စည်းများဖြစ်သည့် တီဗွီများ၊ ရေခဲသေတ္တာများ၊ အဝတ်လျှော်စက်များ စသည်တို့ကို သီတင်းကျွတ်အထူးအစီအစဉ်အဖြစ် အထူးဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ ဆမ်ဆောင်း၏ မျက်နှာပြင်ကွေးတီဗွီ (Curved TV) အမျိုးအစားများအတွက် ၁၀ ရာခိုင်နှုန်းလျှော့ဈေး ရရှိမည်ဖြစ်ပြီး ကံစမ်းမဲအစီအစဉ်တွင်လည်း ပါဝင်ခွင့်ရရှိမည်ဖြစ်ကာ ကံစမ်းမဲအစီအစဉ်တွင် ပထမဆု Honda Fit ကားတစ်စီးနှင့် ၄၃ လက်မ ဆမ်ဆောင်းတီဗွီ ၉၉ လုံး ပါဝင်မည်ဖြစ်ကြောင်း၊ အဝတ်လျှော်စက်နှင့် ရေခဲသေတ္တာများကိုလည်း အထူးလျှော့ဈေးများ ရရှိမည်ဖြစ်သည့်အပြင် အထူးလက်ဆောင်အဖြစ် မိုက်ကရိုဝေ့ဗ်မီးဖိုများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**


သင့်မိသားစုဘဝ ချမ်းမြေ့သာယာစေရန်
"ရောချမ်းသာ" (AYCT)
– လုံခြုံစိတ်ချရသော လုံခြုံရေးစနစ်၊
– လုံလောက်သောကားပါကင်၊
– ကျယ်ဝန်းသောမြေနေရာပေါ်တွင် တည်ဆောက်ထားသော အဆင့်မြင့်ရေကူးကန်၊ ကလေးကစားကွင်းများပါရှိပြီး သင့်တင့်သောဈေးနှုန်းဖြင့်ရရှိမည့် ရန်ကုန်မြို့၌ တစ်ခုတည်းသော "ရောချမ်းသာ အဆင့်မြင့်အိမ်ရာ" (AYCT) အရောင်းပြပွဲတွင် အထူးဈေးနှုန်းနှင့် သီတင်းကျွတ်အထူးလက်ဆောင်များရယူရန်အတွက် (၂၂/၂၃-၁၀-၁၆) စနေ၊ တနင်္ဂနွေနေ့တို့၌ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ "ချမ်းသာပလာဇာ အရောင်းပြခန်း"သို့ ကြွလှမ်းခဲ့ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ပတ္တမြား-တောင်)၊ မြေကွက်အမှတ်(၁၀၂)၊ (၃၀'×၅၀')ဧကာရှိပေ၊ မြေကွက်တည်နေရာအမှတ်(၄၇)၊ စိန်သပြေလမ်း၊ ပတ္တမြားရပ်ကွက်၊ မင်္ဂလာဒုံ ဦးဘသွင်အမည်ပေါက်၊ ပါမစ်မြေအား အမည်ပေါက်ထံမှအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်သီသီဟန်(၁၂/မဂဒ(နိုင်)၀၆၆၄၉၆)သည် ပါမစ်မူရင်းအရောင်းအဝယ်စာချုပ်တို့တင်ပြ၍ နှစ်(၆၀)ဂရန် လျှောက်ထားလာခြင်းတွင် တင်ပြပါပါမစ်သည် မိသားစုဓာတ်ပုံ၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊ ရွှေပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်တို့သာပါရှိပြီး မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းစာရွက်မပါရှိသော ပါမစ်မူရင်း(မစုံ)တင်ပြ၍ နှစ်(၆၀)ဂရန်လျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 9B/9125 NISSAN DIESEL(W55BN, Truck (6X4)R ယာဉ်လက်ဝယ်ရှိသူ ဦးနန်းကျော်ဟိန်း ၁၀/ကတန(နိုင်)၀၉၉၁၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

**ရောင်းရန်**
မြောက်ဒဂုံ၊ (၄၂)၊ သိပ္ပံမောင်ဝလမ်း၊ ပေ (၆၀×၄၀)၊ နှစ်ကွက်တွဲမြေ၊ ဂရန်အမည်ပေါက်။
**ဖုန်း-၀၉-၇၃၁၅၂၆၇၅၊ ၀၉-၄၅၀၀၆၁၂၅၉**

**အသုံးမလိုသော Aircon; များ ဈေးကောင်းပေးဝယ်သည်**
**09 456 941 452**

**နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက်၊ တိုစိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ။**

**အမြန်ရောင်းမည်**
*မင်္ဂလာဒုံ၊ ကာယ(၄)လမ်း၊ အမှတ်(၃)လမ်းမအနီး၊ ၁၀၀×၁၀၀ပေ၊ ဂရံမြေကွက်၊
*Mini Condo ၂၈ ပေခွဲ×၅၄ ပေ ၁၅၃၉sqft သံသုမာလမ်းမအနီး မြင်သာ/တောင်ဥက္ကလာ
* မြေ ၂၀ ပေ×၆၀ ပေ၊ ၂ ထပ်အိမ်ပါ တောင်ဥက္ကလာ၊ (၁၃) ရပ်ကွက်။
ဆက်သွယ်ရန်ဖုန်း - 09-772700552


ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း၊ ထန်းပင်ကုန်းရပ်ကွက်၊အောင်သစ္စာလမ်း၊ အမှတ်(၂၁၈/င)နှင့်ပတ်သက်၍
**အများသိစေရန် ကြေညာချက်**
ကျွန်မ ဒေါ်သီတာနွယ် ၁၂/မဂဒ(နိုင်)၀၁၉၂၂၅နှင့် ဗိုလ်ကြီးမောင်မောင်မြတ် ၁၂/မဂဒ(နိုင်) ၀၅၅၆၁၂တို့သည် (၂၆-၉-၁၉၉၆)ရက်တွင် မင်္ဂလာဒုံမြို့နယ်၊ ဒုတိယမြို့နယ်တရားသူကြီး ဒေါ်လှဲလှဲဝင်းရှေ့မှောက်တွင် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ တရားဝင်လက်ထပ်ပေါင်း သင်းလာခဲ့ရာ သားသမီးနှစ်ဦး ထွန်းကားခဲ့ပါသည်။ အထက်လိပ်စာပါအိမ်နှင့်မြေမှာလည်း ကျွန်မ ဒေါ်သီတာနွယ်နှင့်ဗိုလ်ကြီးမောင်မောင်မြတ်နှစ်ဦး၏ လက်ထပ်ပွားပစ္စည်းအဖြစ် ထွန်းကားခဲ့ပါသည်။ ယခုအခါ ခင်ပွန်း ဗိုလ်ကြီးမောင်မောင်မြတ်က ကျွန်မ၏သဘောတူညီမှုမရှိဘဲ ကျွန်မ မသိအောင် အခြားသူတစ်ပါးအားရောင်းချထားကြောင်း သိရှိရပါသည်။ ထို့ကြောင့် ကျွန်မအားအသိမပေး၊ ကျွန်မ၏ သဘောတူညီမှုမရှိဘဲ အထက်ပါလက်ထပ်ပွား အိမ်နှင့် မြေအားရောင်းချထားခြင်းကို သဘောမတူကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ဒေါ်သီတာနွယ် ၁၂/မဂဒ(နိုင်)၀၁၉၂၂၇**

**မျှော်လင့်ချက်တို့ထားနိုင်ရာ သတင်းစကားလေးတစ်ခုပါ၊ "မူးယစ်ဆေးစွဲခြင်းဆိုတာ ကြိုတင်ကာကွယ်ကုသနိုင်တဲ့အရာ"**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား DDP(ပေါင်းလောင်း) ဂိုဒေါင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.17/EPGE/16-17 စက်ဆီ/ချောဆီ(၁၀)မျိုး (၁၃၆၁)လုံး ဝယ်ယူခြင်း

၂။ တင်ဒါပိတ်ရက်မှာ ၃-၁၁-၂၀၁၆ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။ **လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ရုံးအမှတ်(၂၇)နေပြည်တော်၊ ဖုန်း-၀၆၇-၈၁၀၄၂၇၈ နှင့် ၀၆၇-၈၁၀၄၂၇၉**

## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ (က)ရှမ်းပြည်နယ်(အရှေ့ပိုင်း)လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၁)၊ လမ်းအထူးအဖွဲ့(၃) ကျိုင်းတုံမှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အအုံလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ဘိလပ်မြေ၊ သံချောင်းလုံးရှယ်စုံ၊ သံ၊ ခွဲကျောက်ရှယ်စုံ၊ သစ်ခွဲသားများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်း နှင့် (ခ)အဆောက်အအုံ(လခမရ)၏ပင်မဓာတ်အားလိုင်းမှ ဓာတ်အားသွယ်တန်းခြင်း Transformer တပ်ဆင်ခြင်းနှင့် အတွင်းဓာတ်အားလိုင်းဆွဲခြင်း ဆောင်ရွက်ရန်အတွက် ပစ္စည်းနှင့် လုပ်အားခအပြီးအစီးလုပ်ငန်းတို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - ၂၄-၁၀-၂၀၁၆ရက် |
| ၃။ | **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** | - ဒု-ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၃)၊ ကျိုင်းတုံမြို့ |
| ၄။ | **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းမည့်ရက်** | - ၇-၁၁-၂၀၁၆ရက် |
| ၅။ | **တင်ဒါဖွင့်မည့်ရက်၊အချိန်** | - ၈-၁၁-၂၀၁၆ရက် နံနက်၁၀း၀၀နာရီ |
| ၆။ | **တင်ဒါတင်သွင်း စိစစ်ရွေးချယ်မည့်နေရာ** | - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့ |

၇။ အသေးစိတ်သိရှိလိုပါက ဒု-ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၁)၊ လမ်းအထူးအဖွဲ့(၃)၊ ကျိုင်းတုံမြို့ ဖုန်း-၀၈၄-၂၁၆၂၃၊ ၀၉-၄၉၂၈၂၁၀၂၊ ၀၉-၄၉၂၆၁၆၉၆တို့သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းအထူးအဖွဲ့(၃)၊ ကျိုင်းတုံ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
# သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် တိုတယ်မြန်မာ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (ရတနာစီမံကိန်း)တို့ ပူးပေါင်း၍ အနာဂတ်တွင် ပိုမိုလိုအပ်လာမည့် ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးရန်၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးကို ဦးစားပေးပြီး ကျွမ်းကျင်စွာလုပ်ကိုင်တတ်ရန်နှင့် လူငယ်များအတွက် အသက်မွေးပညာရပ်များ လေ့လာသင်ယူနိုင်ရေး အခွင့်အလမ်းကောင်းများ ဖန်တီးပေးရန်ရည်ရွယ်ပြီး ဂဟေဆက်နည်းပညာသင်တန်းကျောင်းကို ဖွင့်လှစ်သွားမည်ဖြစ်ရာ အဆိုပါသင်တန်းကျောင်းတွင် 3G ဂဟေဆက်သင်တန်း အမှတ်စဉ်(၁)အား အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဖွင့်လှစ်ပါမည်-

| | |
|---|---|
| **သင်တန်းဖွင့်လှစ်မည့်ရက်** | - ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက် |
| **သင်တန်းနေရာ** | - ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်း(ယခင်စက်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းပညာသင်ကျောင်း(အောင်ဆန်း)၊ ကျောင်းဂိတ်မှတ်တိုင်အနီး)၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၁-၆၄၅၇၅၉ |
| **သင်တန်းကာလ** | - (၈)ပတ် |

၂။ သင်တန်းတစ်ခုလျှင် သင်တန်းသား(၁၅)ဦးစီ လက်ခံသင်ကြားပေးပါမည်။

၃။ လျှောက်ထားသူသည်-
- (က) န၀မတန်းအောင်မြင်ထားပြီး အခြေခံအင်္ဂလိပ်စာ နားလည်သူဖြစ်ရမည်။
- (ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး လုပ်ငန်းခွင်နှင့်သင့်တော်သော ကျန်းမာရေး ရှိရပါမည်။
- (ဂ) သင်တန်းတက်ခွင့်ရသောနေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီးသူ ဖြစ်ရပါမည်။

၄။ လုပ်ငန်းခွင်ကျွမ်းကျင်သော သင်တန်းသားများ မွေးထုတ်ပေးနိုင်ရေးအတွက် စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းစာမေးပွဲ အောင်မြင်သူများမှာ အသိအမှတ်ပြုအောင်လက်မှတ် (NSSA Level-1 Certificate) ရရှိမည်ဖြစ်ပါသည်။

၅။ ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်းသို့ တက်ရောက်ခွင့်ရသူများသည် သင်တန်းကြေး အခမဲ့ဖြစ်ပြီး အသိအမှတ်ပြု အောင်လက်မှတ်ရ ထူးချွန်သော သင်တန်းသားများကို လက်တွေ့လုပ်ငန်းခွင်သင်တန်း (၆)လ တက်နိုင်ရန် ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးပါမည်။ လက်တွေ့လုပ်ငန်းခွင်သင်တန်း တက်ရောက်ခွင့်ရပါက ရတနာစီမံကိန်းမှ သင်တန်းကာလတစ်လျှောက် သင့်လျော်သော ထောက်ပံ့ကြေးပေးမည်ဖြစ်ပါသည်။

၆။ သင်တန်းသားအတွက် လိုအပ်သော လုပ်ငန်းခွင်အန္တရာယ်ကာကွယ်ရေး ဝတ်စုံ (Personal Protective Equipment)အတွက် ကုန်ကျစရိတ်ကို သင်တန်းသားမှ ကိုယ်တိုင်ကျခံရပါမည်။

၇။ သင်တန်းလျှောက်လွှာများကို စက်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းပညာသင်ကျောင်း(အောင်ဆန်း)တွင် ၂၄-၁၀-၂၀၁၆ ရက်မှ စတင်၍ နံနက် ၉း၃၀ နာရီမှ ညနေ ၄ နာရီအတွင်း ထုတ်ယူနိုင်ပြီး လျှောက်လွှာများအား ၂"×၂" ရောင်စုံဓာတ်ပုံ(၂)ပုံ၊ မွေးသက္ကရာဇ်နှင့် ပညာအရည်အချင်းအတွက် ထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်တို့နှင့်အတူ အဆိုပါ သင်တန်းကျောင်းတွင် ၄-၁၁-၂၀၁၆ ရက် နောက်ဆုံးထားပြီး ပြန်လည်လျှောက်ထားနိုင်ပါသည်။

၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းပညာသင်ကျောင်း(အောင်ဆန်း)၊ ဖုန်း-၀၁-၆၄၅၇၅၉ သို့ ရုံးချိန်အတွင်း နံနက် ၉း၃၀ နာရီမှ ညနေ ၄ နာရီအတွင်း စုံစမ်းနိုင်ပါသည်။

## အမျိုးသားပြတိုက်(နေပြည်တော်)
## တည်ဆောက်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ အမျိုးသားပြတိုက်(နေပြည်တော်)တည်ဆောက်ရေးလုပ်ငန်းများအတွက် အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသည်-
- (က) Door Access Control System လုပ်ငန်း
- (ခ) Centralized System(City Multi Aircon)Servicing လုပ်ငန်းများ
- (ဂ) Electrical & Maintenance Work လုပ်ငန်း
- (ဃ) Pest Control လုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၂၄-၁၀-၂၀၁၆ ရက်မှ ၁၁-၁၁-၂၀၁၆ ရက်အထိ နေ့စဉ်၁၀း၀၀နာရီမှ ၁၆း၀၀နာရီအတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၅-၁၁-၂၀၁၆ ရက် ၁၀း၀၀နာရီတွင် အမျိုးသားပြတိုက်(နေပြည်တော်)ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ တင်ဒါစိစစ်ရေးအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သောတင်ဒါများ၊ သတ်မှတ်စည်းကမ်းချက်များနှင့် မကိုက်ညီသောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**အမျိုးသားပြတိုက်(နေပြည်တော်)၊ ရာဇသင်္ဂဟလမ်းမကြီး**
**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊**
**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊**
**ဖုန်း-၀၉-၄၃၀၁၉၁၆၈၊ ၀၆၇-၄၁၈၄၃၂**

## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်
# ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရနည်းပညာကောလိပ်(ရွှေဘို၊ မြင်းခြံ၊ မိုးညှင်း)၊ အစိုးရစက်မှု လက်မှုသိပ္ပံ(ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံချောင်း၊ ဝါးခယ်မ၊ သရက်၊ ကျောက်ဆည်၊ ဟားခါး၊ ပူတာအို၊ ခန္တီး၊ သံတွဲ၊ ကန့်ဘလူ၊ မော်လမြိုင်၊ လက်ပံတန်း၊ ကျောက်ဖြူ၊ ရန်ကုန်၊ မန္တလေး၊ လပွတ္တာ) စုစုပေါင်း (၂၀)ကျောင်းတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အကျင့်စာရိတ္တကောင်းမွန်ရမည်။
- (ဂ) အလုပ်ရုံတွင် သင်ထောက်ကူစက်ပစ္စည်းအသုံးပြုသင်ကြား လေ့ကျင့်ရန်လိုအပ်သဖြင့် ကိုယ်လက်အင်္ဂါသန်စွမ်းကျန်းမာသူ ဖြစ်ရမည်။
- (ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါဘာသာတွဲများဖြင့် အောင်မြင်သူဖြစ်ရမည်။
  - (၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ။
  - (၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ။
  - (၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ။
  - (၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ။
  - (၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ။
- (င) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာစုစုပေါင်း ရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ အစိုးရနည်း ပညာအထက်တန်းကျောင်းများမှ အောင်မြင်သူများလည်း လျှောက်ထားနိုင်သည်။

၄။ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-
- (က) မြို့ပြအင်ဂျင်နီယာ(အပိုဒ် ၁ ပါ ကျောင်းပေါင်း ၂၀)
- (ခ) အီလက်ထရွန်နစ်အင်ဂျင်နီယာ (အပိုဒ် ၁ပါ ကျောင်းပေါင်း ၂၀)
- (ဂ) လျှပ်စစ်စွမ်းအားဂျင်နီယာ (အပိုဒ် ၁ ပါ ကျောင်းပေါင်း ၂၀)
- (ဃ) စက်မှုအင်ဂျင်နီယာ (အပိုဒ် ၁ ပါ ကျောင်းပေါင်း ၂၀)
- (င) သုတနည်းပညာ[(အစိုးရနည်းပညာကောလိပ်(ရွှေဘို၊ မြင်းခြံ၊ မိုးညှင်း)] နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ)

၅။ သင်တန်းကာလမှာ (၃)နှစ်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ဒီပလိုမာ အောင်လက်မှတ် ပေးအပ်မည်ဖြစ်သည်။

၆။ ဝင်ခွင့်လျှောက်လွှာများကို မိမိတို့လျှောက်ထားလိုသည့် အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၂၀-၁၀-၂၀၁၆ရက်မှစတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၁၀-၁၁-၂၀၁၆ရက်နောက်ဆုံးထား၍ မိမိတို့လျှောက်ထားမည့်ကျောင်းများသို့ ပြန်လည်တင်သွင်းရမည်။

၇။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-
- (က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။
- (ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု ထောက်ခံစာမူရင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှထောက်ခံစာမူရင်းနှင့် မြို့နယ် ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံစာမူရင်း။
- (ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့်အမှတ်စာရင်း (မူရင်းနှင့်မိတ္တူ)။
- (ဃ) ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ။

၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အပိုဒ် (၁)ပါ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

# အိမ်နှင့်ခြံအမြန်ရောင်းမည်

ပေ၅၀×ပေ၉၀ ကျယ်ဝန်းသည့် တစ်ထပ်တိုက်ပါ အိမ်နှင့် မြေကိုရောင်းမည်။ (အောင်ဓမ္မရိပ်သာလမ်း၊ လှိုင်မြို့နယ်)

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၇၃၁၉၇၉၉၅၊**
**၀၉-၉၆၂၂၅၃၅၀**

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ပင်လောင်းမြို့နယ်ဦးစီးမှူးရုံး
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ပင်လောင်းမြို့နယ် ဦးစီးမှူးရုံး ဆောက်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား စိတ်ပါဝင်စားသည့် ဒေသခံ/မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များပါဝင်သော အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံအား (၂၀၀၀ိ/-)နှုန်းဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး၊ တောင်ကြီးမြို့တွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - ၂၄-၁၀-၂၀၁၆ရက် |
| (ခ) | **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** | - ၃၁-၁၀-၂၀၁၆ရက် ၁၆း၃၀နာရီ |
| (ဂ) | **ဆက်သွယ်ရမည့်ဖုန်း** | - ၀၈၁-၂၁၂၁၀၈၈၊ ၀၈၁-၂၁၂၁၃၀၇၊ ၀၈၁-၂၁၂၁၆၂၁ |

## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရှမ်းပြည်နယ်
## ဒီဇယ်ဆီ/ဘိလပ်မြေ/သံချောင်းများကို အိတ်ဖွင့်တင်ဒါအမှတ်(၁)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အတွင်းရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် ဒီဇယ် ဆီ/ဘိလပ်မြေ/သံချောင်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပြည်နယ် | ပစ္စည်းအမျိုးအစား | | |
|---|---|---|---|---|
| | | ဒီဇယ်ဆီ (ဂါလန်) | ဘိလပ်မြေ (တန်) | သံချောင်း (အရွယ်စုံ) (တန်) |
| ၁။ | ရှမ်း(တောင်) | ၇၉၆၂၅ | ၂၅၃၈ | ၉၈.၇၅ |
| ၂။ | ရှမ်း(မြောက်) | ၃၃၈၀၀ | ၆၆၇ | ၃၁.၀၀ |
| ၃။ | ရှမ်း(အရှေ့) | ၂၀၀၀၀ | ၁၁၉၇ | - |
| | **စုစုပေါင်း** | **၁၃၃၄၂၅** | **၄၄၀၂** | **၁၂၉.၇၅** |

| | | |
|---|---|---|
| (က) | **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၇-၁၁-၂၀၁၆ရက်မှ၁၅-၁၁-၂၀၁၆ရက်ထိ<br>- နံနက် ၉း၃၀နာရီမှ ၄း၃၀နာရီ(ရုံးချိန်အတွင်း) |
| (ခ) | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တောင်ကြီးမြို့ |
| (ဂ) | **တင်ဒါလျှောက်လွှာပိတ်ရက်** | - ၁၇-၁၁-၂၀၁၆ရက် မွန်းတည့် ၁၂း၀၀နာရီ |
| (ဃ) | **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** | - ၁၈-၁၁-၂၀၁၆ရက် ၉း၃၀နာရီ |

၂။ အသေးစိတ်သိရှိလိုပါကရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တောင်ကြီးမြို့၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးသို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၁၁၄၉သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်
### အသင်းသားစုံညီ(အထူး)အစည်းအဝေးတွင် မေးမြန်းမည့်မေးခွန်းလွှာများကြိုတင်ပေးပို့ရန် အသိပေးနှိုးဆော်ခြင်း

၁။ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်၏ အသင်းသားစုံညီ(အထူး)အစည်းအဝေး (Extraordinary General Meeting)အား(၂၅-၁၀-၂၀၁၆)ရက်နေ့၊ အင်္ဂါနေ့၊ နေ့လယ်(၀၂း၀၀)နာရီ၊ ကုန်သည်စက်မှုလက်မှုအသင်းချုပ်၊ မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းဖိတ်ကြားခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါအစည်းအဝေးတွင် ယခင်မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်အသင်း၏ (၁-၁၀-၂၀၁၀)ရက်နေ့မှ(၁၁-၅-၂၀၁၆) ရက်နေ့ထိအကြားကာလ အသင်းသားစုံညီအစည်းအဝေးသို့ တင်ပြအတည်ပြုချက် မရယူသေးသော ဘဏ္ဍာရေးဆိုင်ရာငွေစာရင်းရှင်းတမ်းဟောင်းများအား တင်ပြအတည်ပြုချက် ရယူမည်ဖြစ်ရာ အဆိုပါအစည်းအဝေးတွင် ဘဏ္ဍာရေးဆိုင်ရာငွေစာရင်းနှင့်ပတ်သက်သော မရှင်းလင်းသည့်အချက်များကို မေးမြန်းလိုပါက မေးခွန်းများအား ကြိုတင်ပေးပို့ပါရန် ယခင်အမှုဆောင်အဖွဲ့မှ မေတ္တာရပ်ခံလာခဲ့ပါသဖြင့် မေးခွန်းမေးမြန်းလိုသည့် အသင်းသားများအနေဖြင့် မေးခွန်းလွှာများကို အသင်းချုပ်ရုံးသို့ အစည်းအဝေးမကျင်းပမီ အချိန်မီပေးပို့နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်

## သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်း
## အလုပ်အမှုဆောင်သစ်ရွေးချယ်ပွဲနှင့်
# နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး

သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းမှ ကျင်းပပြုလုပ်မည့် အလုပ်အမှုဆောင်သစ်ရွေးချယ်ပွဲနှင့် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်း၏ အသင်းဝင်များအားလုံး တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| **ကျင်းပမည့်နေ့ရက်** | - အောက်တိုဘာ ၂၉ ရက်၊ စနေနေ့၊ ၂၀၁၆ ခုနှစ် |
| **ကျင်းပမည့်အချိန်** | - နံနက် ၉း၀၀ နာရီ |
| **ကျင်းပမည့်နေရာ** | - အမှတ် ၆၇၄၊ ပင်လုံလမ်း၊ (၃၆)ရပ်ကွက်၊ သစ်အခြေခံ စက်မှုနည်းပညာသင်တန်းကျောင်း၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ |
| **လမ်းညွှန်** | - City Mart ဘေး (ကျောင်းလမ်းမှတ်တိုင်)။ |
| **ဆက်သွယ်ရန်ဖုန်း** | - ၀၉-၅၀၀၁၀၃၂၊ ၀၉-၅၀၆၆၆၁၇ |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉/ဘီ၊ မြေကွက်အမှတ်၅၆၆၊ ဦးခင်မောင်မြ(ဘ)ဦးဘကျော် AA-၁၀၂၇၀၅ မြေချပါမစ်မူရင်းအား ပြန်လည်အပ်နှံ၍ အမည်ပေါက် ဦးခင်မောင်မြ (ဘ)ဦးဘကျော် AA-၁၀၂၇၀၅ မြေငှားစာချုပ်မူရင်းနှင့် လဲလှယ်ထုတ်ယူခွင့်ပြုပါရန် အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးထက်ကိုကိုပိုင်မှ မြေချပါမစ်မူရင်း၊ ဘဏ်ချေးငွေပြန်ဆပ်ပြီးကြောင်း ဘဏ် ထောက်ခံချက်၊ ဘဏ်ငွေသွင်းချလန်၊ အရောင်းအဝယ်စာချုပ်၊ စာရွက်စာတမ်းများ တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မူရင်းနှင့် မြေငှားစာချုပ်မူရင်း လဲလှယ်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၃င/၁၀၁၉၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

သိမ်းနီမြို့နယ်၊ အထက(ခွဲ)၊ မိုင်းလီသတ္တမတန်းမှ နန်းပေါင်းဟွမ် ၏ဖခင် ဦးဆန်ပီး(ခ) ဦးစိုင်းဆာအောင်မှာ တစ်ဦးတည်းဖြစ်ပါသည်။

**(ဒဂုံမြို့သစ်)**

တောင်ပိုင်း၊ ဆိပ်ကမ်း မြေကွက်ဝယ်လိုသည်။

ဖုန်း-၀၉-၄၃၁၇၃၉၇၂

**ခြံရောင်းမည်**

(ညီနိုင်းဈေး)

သန်လျင်-ကျိုက်အင်း

(၄၀'×၆၅')

ထောင့်ကွက်/ကားနှင့်လဲမည်။

ဖုန်း-၀၉-၄၅၀၈၅၀၅၃၁/၂

**ကွန်တရစ် အုတ်ရိုက်စက်**

**ခေတ်မီမြေအုတ်ရိုက်စက် ရပြီ**

**09 4200 35882**

**09 4200 35884**

(၆၀၄)အင်းလေး(၁)လမ်းငှ(၂)တောင်အုံ

**သင့်မိသားစုဘဝမှာဆောက်လုပ်ပြီးစီးပြီးအဆင့်သင့်နေထိုင်နိုင်မည်**

***River View Point Condo.***

ရန်ကုန်မြစ်၏ သဘာဝအလှများကို ခံစားပြီး ရွှေတိဂုံဘုရားကြီးကို ဖူးမျှော်နိုင်သည့် အလုံမြို့နယ်၊ ကမ်းနားလမ်းနှင့် သစ်တောလမ်းထောင့်တွင်တည်ဆောက်ပြီးစီးသည့် အဆင့်မြင့်ဆုံးကွန်ဒိုမှ လူနေအိမ်ခန်းများနှင့် ရုံးခန်းကိုဦးရာလူစနစ်ဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချ/ငှားရမ်းပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ဆက်သွယ်ရန် - ၀၉၅၁၀၂၈၄၆**

**(အကျိုးဆောင်ပေးမည့်သူများလည်းဆက်သွယ်နိုင်ပါသည်။)**

**ဒဂုံမြို့သစ်**

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၈၆၂၃၁၈၈

ဖုန်း-၀၉-၅၀၈၄၁၂၉

**အောင်ပြည့်စုံ**

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း

မြို့တွင်း/နယ်ဝေးများအတွက်

ဈေးနှုန်းချိုသာစွာဖြင့်

Box ကား မျိုးစုံဖြင့်

အလုပ်သမားစီစဉ်ပေးသည်။

**09-250095114**

**09-421041338**

**09-73224763**

**အောင်သရဖူ**

အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

Ph: 09254009334, 09254009335, 09254009336

ဆီးဝမ်းလေမှန် အကြောပြေရန် သောက်ပါမနေး

**ကေသီဝန်**

**ဝမ်းပျော့အကြောပြေဆေး**




တိုင်းရင်းဆေးမှတ်ပုံတင်အမှတ်

TMR-005459(0317)

အမြဲတမ်းဝမ်းချုပ်တတ်သူများအတွက်

အထူးအားထားရသည့် ဆေးစွမ်းကောင်းတစ်လက်ဖြစ်ပါသည်။

မှတ်ချက် ။ ဝမ်းနုတ်ဆေးမဟုတ်၍ ဗိုက်နာခြင်း၊ ဝမ်းသွားလွန်ခြင်း မရှိပါ။

မြေအမှတ် 4C(A)၊ အေးသာယာလမ်း၊ ဘောက်ထော်၊ ဖုန်း-၀၁-၄၀၁၁၀၀၊ ၀၁-၅၄၅၂၅၉၊ ၀၁-၈၆၀၄၃၆၆


**Home** Since 1996

Think of House, Think of Home

**နံရံကပ်အလှဆင် Wall Leather**

Thi Din Gyut Promotion!

Buy 1 လိပ် Korean Wall Leather → Get FREE 2 လိပ် Vinyl Wall Covering







➤ အမှတ်-(၁၁)၊ပင်းကြီးလမ်း၊အင်းစိန်ဆေးရုံအနီး၊အင်းစိန်မြို့နယ်၊ရန်ကုန်။ ☎ 09 79 700 70 74, 09 79 700 70 84

**ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်**

CONCRETE BATCHING PLANT (45M ³/HR) စက်(၁)လုံး MODEL NO-MPC 1125/75 CONCRETE အုတ်ရိုက်စက်(၂)လုံး ရောင်းရန်ရှိသည်။

**ဖုန်း-၀၉-၅၀၉၇၇၃၇**

**ကျပ်သိန်း ၂,၀၀၀ ကျော်တန်ဖိုးရှိ ဆုမဲတွေ ပိုင်ဆိုင်ဖို့ အင်တာနက်သုံးရင်း အခမဲ့ကံစမ်းစို့။**

အင်တာနက် 20MB အသုံးပြုတိုင်း နေ့စဉ်၊ အပတ်စဉ် ဆုတွေအပြင် ဆုကြီးတွေကိုပါ ပိုင်ဆိုင်ဖို့ အခမဲ့အခွင့်အရေးရရှိမှာမို့ အူရီဒူးအင်တာနက်များများသုံးပြီး ကံထူးရှင်ဖြစ်မယ့် အခွင့်အရေးကို အခမဲ့ရယူလိုက်ပါ။

**ooredoo**

**ရွှေအိပ်မက်**

**ကျပ် ၂၅,၀၀၀,၀၀၀ ဆုကြီးအပြင် တစ်သက်တာ အခမဲ့ အူရီဒူးသုံးစွဲခွင့်**



စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## သခင်သိန်းဖေ (ဝါးခယ်မ)
**နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)**
**ဂုဏ်ထူးဆောင်နာယက၊ ဝါးခယ်မမြို့နယ်အသင်း**
**အသက်(၁၀၁)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ် ၃နေ(ဦးပန်းဘူး-ဒေါ်သုန်)တို့၏သား၊ ဝါးခယ်မမြို့နယ်အသင်း ဂုဏ်ထူးဆောင်နာယက သခင်သိန်းဖေ(ဝါးခယ်မ)သည် ၁၉-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ဝါးခယ်မမြို့နယ်အသင်း အမှုဆောင်များ၊ ဝါးခယ်မမြို့နယ်သူ၊ မြို့နယ်သားများ၊ အသင်းသူ၊ အသင်းသားများနှင့် ပညာသင်ဆုရ ကျောင်းသား၊ ကျောင်းသူများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ် ၁၂၊ ပထမထပ်၊ စဥ့်အိုးတန်းလမ်း၊ ဝါးခယ်မမြို့နယ်အသင်းတိုက်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့၊ ဝါးခယ်မမြို့နယ်အသင်း

## ဝမ်းနည်းကြေကွဲခြင်း
## သခင်သိန်းဖေ (ဝါးခယ်မ)
**နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)**
**အသက်(၁၀၁)နှစ်**

ဦးမော်သိန်း(ဘန်နီ) (ဘန်နီဘမ်း ဆေးပရုတ်ဆီ)၏ဖခင်ကြီး သခင်သိန်းဖေ(ဝါးခယ်မ)သည် ၁၉-၁၀-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ည ၉း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးသိန်း-ဒေါ်ကေခိုင်**
**(နေသီဟကုမ္ပဏီလီမိတက်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

Win-Win Organization အတွင်းရေးမှူး ဒေါ်ထားထားအေး၏ဖခင် မြန်မာ့နိုင်ငံရေးအတွက် အစဥ်တက်ကြွစွာ ဦးဆောင်လှုပ်ရှားခဲ့ပြီး နိုင်ငံရေးမျိုးဆက်သစ်များကို အမြဲကူညီအားပေးသော ဘဘ သခင်သိန်းဖေ(ဝါးခယ်မ) အသက်(၁၀၁)နှစ်သည် ၁၉-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)ည ၉း၄၅နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

**ဒေါ်ကေသီဝင်း၊ ဒေါ်မေဦးသာ၊ ဒေါ်အေးအေးစမ်း၊**
**ဒေါက်တာညိုညိုသိန်း၊ ဒေါက်တာရီရီချို၊ ဒေါ်ဖြူဖြူဝင်းစိုး၊**
**ဒေါ်ခင်ခင်ထွေး၊ ဒေါ်မာလာလှိုင်၊ ဒေါ်ခင်ပပ**

## အထူးဝမ်းနည်းကြေကွဲခြင်း

သခင်သိန်းဖေ (ဝါးခယ်မ)
နိုင်ငံ့ဂုဏ်ရည်ပထမအဆင့်
အသက် (၁၀၁)နှစ်

ဦးဇော်သိန်း(ပျော်ဘွယ်လေးကြိုးစက်)+ဒေါ်စမ်းစမ်းအေးတို့၏ ကျေးဇူးရှင်ဖခင်ကြီးသခင်သိန်းဖေ (ဝါးခယ်မ) သည် (၁၉-၁၀-၂၀၁၆) ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၁ ဘူမိဗေဒအဖွဲ့ရကျောင်းသားများ

## အထူးဝမ်းနည်းကြေကွဲခြင်း

သခင်သိန်းဖေ (ဝါးခယ်မ)
နိုင်ငံ့ဂုဏ်ရည်ပထမအဆင့်
အသက် (၁၀၁)နှစ်

ဦးဇော်သိန်း(ပျော်ဘွယ်လေးကြိုးစက်) + ဒေါ်စမ်းစမ်းအေးတို့၏ ကျေးဇူးရှင်ဖခင်ကြီးသခင်သိန်းဖေ (ဝါးခယ်မ) သည် (၁၉-၁၀-၂၀၁၆)ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

METAL GROUP - (1979-REGIONAL 2nd BEACH)

## ဝမ်းနည်းကြေကွဲခြင်း
## ဆရာဦးလှကြည် (ဒိုက်ဦးမြို့)
**အသက်(၈၁)နှစ်**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းအုပ်ကြီး ဦးစိုးအောင် ညွှန်ကြားရေးမှူး(အတွင်းရေးမှူး၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်)၏ချစ်လှစွာသောဖခင်ကြီး ဆရာဦးလှကြည် အသက်(၈၁)နှစ်သည် ၂၁-၁၀-၂၀၁၆ရက် (သောကြာနေ့) နံနက် ၃း၄၅နာရီတွင် ပဲခူးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့် ဒုတိယဥက္ကဋ္ဌများ၊**
**အမှုဆောင်များနှင့်အုပ်ချုပ်/နည်းပြ/အားကစားသမားများ**
**မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်**

## ကျေးဇူးတင်ရှိပါကြောင်း
## ဒေါ်စပွားယ်စိုး
**အလက (၁) ဒဂုံတောင်၊ အလယ်တန်းပြ၊**
**အမက (၃) ဗဟန်းကျောင်းသူဟောင်း**
**အထက (၂) ဗဟန်းကျောင်းသူဟောင်း**
**အသက်(၅၁)နှစ်**

ကျွန်တော်၊ ကျွန်မတို့၏ ချစ်လှစွာသောညီမ ဒေါ်စပွားယ်စိုးအား နေမကောင်းစဥ်က ပြုစုကုသပေးသော အထွေထွေရောဂါကုသမားတော်ကြီး ပါမောက္ခဆရာကြီး ဒေါက်တာဦးမျိုးလွင်ငြိမ်း၊ အမျိုးသားတီဘီတိုက်ဖျက်ရေးမှ ဒေါက်တာဦးသိန်းမြင့်နှင့် ဆရာဝန်များ၊ ဆရာမများဖြစ်သော ဒေါ်လှလှဝင်း၊ ဒေါ်ခင်ယုဆွေ၊ ဒေါ်မိုးအိအိထွေးနှင့် ဒေါ်သန်းငွေး၊ ဒေါက်တာခိုင်မေအောင် (ဝင်းသီတာဆေးခန်း)၊ မြန်မာနိုင်ငံဆရာဝန်အသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အောင်ရတနာဆေးရုံမှ တာဝန်ရှိသူများ၊ အလက (၁) ဒဂုံတောင်မှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ အမက(၃) ဗဟန်းနှင့် အထက(၂)ဗဟန်း မှ ငယ်သူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်ဟောင်းများ၊ အောက်စီဂျင်ကူညီပေးပါသော (၁၀) ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ပရဟိတအသင်းနှင့် ငယ်သူငယ်ချင်းဖြစ်သော ဦးထွန်းအောင်ငွေ၊ ကားကူညီပေးပါသော ဦးတင်ဦး၊ ဦးညွန့်ဝေနှင့် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

### ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
## ဦးစစ်အောင် (ကြည့်မြင်တိုင်ကမ်းနားဈေး)
**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောတောင်ရပ်ကွက်၊ ညောင်တုန်းလမ်း၊ လေးလွှာ(ဘယ်)၊ အမှတ် ၂၁နေ (ဦးစစ်ယုံ-ဒေါ်ကျင်မြိုင်)တို့၏သား၊ (ဒေါ်သန်းကြည်) (ဒေါ်တင်ရှိန်)ပန်းတနော်တို့၏ခင်ပွန်း၊ (ဦးစစ်ပွား-ဒေါ်ရင်ကြည်)၊ (ဦးကျင်မောင်-ဒေါ်ကျင်လုံး)တို့၏ညီ/မောင်၊ (ဦးစုံပွား-ဒေါ်လှကြည်)တို့၏အစ်ကို၊ ဦးသန်းအေး(ဧဝရတ်အအေးခန်းအင်ဂျင်နီယာလုပ်ငန်း)-ဒေါ်ခင်ချိုချို၊ မသင်းမာလာအောင်(ကြည့်မြင်တိုင်ကမ်းနားဈေး)တို့၏ဖခင်၊ ဦးမင်းဟန်-ဒေါ်ကြူကြူခိုင်၊ ဦးရဲမင်း(Bosun)-ဒေါ်အေးစန္ဒာအောင်၊မောင်ဟိန်းသီဟတို့၏အဘိုး၊ မောင်ဇော်လှုလှု၊ မအိန္ဒြေဖူးပွင့်တို့၏ဘိုးဘိုးကြီးသည် ၂၁-၁၀-၂၀၁၆ရက် (သောကြာနေ့) နံနက် ၀၀း၀၈နာရီတွင် သီရိစန္ဒာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် အမှတ် ၃၇၂၊ မင်္ဂလာလမ်းသွယ်(၁)၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်ဦး(ကကယာ) အသက်(၈၇)နှစ်

မော်လမြိုင်မြို့နေ (ဦးလှတင်-ဒေါ်သန်းညွန့်)တို့၏သမီး၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ သမာဓိ ၁လမ်း၊ အမှတ် ၅နေ (ဦးခင်မောင်ဦး၊ ကကဝယ်)၏ဇနီး၊ ဗိုလ်ကြီးတင်အေး(ငြိမ်း)-ဒေါ်ရီစလင်းဦး(အထပြ၊ ငြိမ်း)၊ ဦးမျိုးဝင်း(ဒု-လ/ထညွှန်ကြားရေးမှူး၊ ငြိမ်း) MPE-ဒေါ်ညိုမီခင်မောင်ဦး(အထပြ၊ ငြိမ်း)တို့၏မိခင်၊ ဦးမင်းမောင်မောင်မျိုး(FNF Myanmar)-ဒေါ်မြမ္ဘူ(WHO Myanmar)တို့၏အဘွား၊မောင်မင်းခန့်နောင်၊မောင်မင်းသန့်မောင်တို့၏အဘွားသည် ၂၁-၁၀-၂၀၁၆ရက် (သောကြာနေ့) နံနက် ၅း၅၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဇခိုင်(ခ)ဒေါ်အေးအေးခိုင် (ဆုထူးပန်အဘိဓမ္မာ)
**အထက်တန်းပြ(ငြိမ်း)၊ မိုးကုတ်သံဝေဇနီယ**
**ဓမ္မပူဇာအဖွဲ့တည်ထောင်သူ(တရားပြဆရာမကြီး)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ လေဆိပ်ရိပ်သာလမ်းနေ အန်ကယ် ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီးခင်မြင့်(ရေ)(ငြိမ်း)တရားရုံးချုပ်တရားသူကြီး(ငြိမ်း)၏ဇနီး အန်တီ ဒေါ်ဇခိုင်(ခ)ဒေါ်အေးအေးခိုင်သည် ၅-၁၀-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်မောင်-ဒေါ်သိန်းသိန်းညွန့်**
**(ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး)**
**ဦးရွှေလှ-ဒေါ်စန်းစန်းဝင်း**
**ဦးတင်မြင့်ဦး-ဒေါ်လှလှဝင်း**
**ဦးမြင့်ဆွေ-ဒေါ်ညိုညိုဆန်း**
**ပုသိမ်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

လှုငယ်(ရေကြောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏နာယက၊ သက်ကြီးကန်တော့ခံပုဂ္ဂိုလ် ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီးခင်မြင့် [တပ်မတော်-ရေ(ငြိမ်း)၊ တရားရုံးချုပ်တရားသူကြီး၊ ငြိမ်း]၏ဇနီး၊ လှုငယ်(ရေကြောင်း) ကျောင်းသားဟောင်း ကျော်စွာခင်မြင့်၏မိခင် ဒေါ်ဇခိုင်(ခ)ဒေါ်အေးအေးခိုင် (ဆုထူးပန်-အဘိဓမ္မာ) ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲမိပါသည်။

**လှုငယ်(ရေကြောင်း)**
**ကျောင်းသားကျောင်းသူဟောင်းများ**

## မောင်မင်းဇော်ဦး
**အသက်(၃၈)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ(ဦးခင်ကြွေ-ဒေါ်သောင်းတင်)တို့၏မြေး၊ ဦးမောင်ပြား(ခ)ဦးသန်းဝင်း-ဒေါ်တင်တင်ဦး(ထူးမြန်အောင် အထည်ဆိုင်၊ မင်္ဂလာဈေး)တို့၏သား၊ မောင်နေဝင်းကို-မစိုးစိုးစံတို့၏အစ်ကို၊ မမြင့်မြင့်အေး(ခ)မထူး၊ မသူဇာ(ထူးမြန်အောင် အထည်ဆိုင်၊မင်္ဂလာဈေး)၊ ဦးဇော်မင်း-မခင်ဖုန်းကြွယ် (ခေတ္တ-စင်ကာပူ)၊ ကိုဝင်းမြင့်-မလွင်လွင်မာဦး (စူပါမင်းကလေးကစားကွင်း၊ ရေးမြို့)၊ ကိုဝင်းဆန်းထွေးတို့၏တူ၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊စီမံကိန်း(၂)၊(၆)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၂၉၆နေ (ဦးခင်မောင်) - ဒေါ်စန်းတို့၏ သားသမက်၊ မစန်းတင်မော်၏ချစ်လှစွာသောခင်ပွန်းသည် ၂၁-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါ၍ ၂၃-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၇-၁၀-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမြင့်စိုးမိုး
**Golden Zaw Construction Co.,Ltd.**
**အသက်(၅၂)နှစ်**

မုံရွာမြို့၊ကန်သာဦးရပ်ကွက်၊သုစက္ကလမ်းနေ [ဦးတင်ထွန်း (စက်ခန်းအုပ်၊ ရပကရ၊ ငြိမ်း) - ဒေါ်သန်းငွေ]တို့၏သား၊ ဦးမြင့်စိုးမိုး B.S.C(Geol)သည် ၁၉-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၇နာရီတွင်ကွယ်လွန်သွားပါ၍၂၁-၁၀-၂၀၁၆ရက် ညနေ ၃နာရီတွင် မြနန္ဒာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကျော်မင်းအောင်(ခ)
## ဦးဗညား
**အသက်(၃၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၁)ရပ်ကွက်၊မဟာမြိုင်အိမ်ရာ၊ တိုက် ၂၇၊ B2 နေ (ဦးသိန်းအေး)-ဒေါ်ကြည်ကြည်ဝင်းတို့၏သား၊ ဦးခင်မောင်ဦး - ဒေါ်သန်းသန်းချိုတို့၏သားသမက်၊ မောင်အောင်ရှင်းသန့်၏ချစ်လှစွာသောဖခင်၊ ဒေါ်ခင်ထားချို၏ချစ်လှစွာသောခင်ပွန်းသည် ၁၉-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဦးဘသန်း (ပေါင်းတည်)
**(ဒု) ရဲအုပ်(ငြိမ်း)**
**အသက်(၉၇)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃)ရပ်ကွက်၊ ၃၆လမ်း၊ အမှတ် ၂၂၃/၃နေ [ဒေါ်ရွှေနွယ်(ခ)အညို]၏ ခင်ပွန်း၊ ဦးသန်းထွန်း - (ဒေါ်ခင်အေးရီ)၊ (ဦးကျော်ထွန်း)-ဒေါ်ငွေငွေဝင်း၊ ဦးငွေလွင် - ဒေါ်တင်နွယ်အေးတို့၏ ဖခင်၊ ဦးကိုကိုကြီး-ဒေါ်ပွင့်သန္တာ၊ ဦးကျော်ထွန်း-မနီနီအေး၊ ဦးစိုးသန်းဝင်း-ဒေါ်စန်းစန်းညွန့်(ခ)ဘုတ်ဘုတ်တို့၏ အဘိုးသည် ၂၀-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် အမှတ် ၆၃၀၊ စာဂ ၂၂လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂-၁၀-၂၀၁၆ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၆၃၀၊ စာဂ ၂၂လမ်းနေအိမ်မှကားများနံနက် ၁၀း၃၀ နာရီနှင့် အမှတ် ၂၂၃/၃၊ ၃၆လမ်း နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
**ကျောင်းအုပ်ဆရာကြီး**
## ဦးတင်လှိုင် (ငြိမ်း)
**အသက်(၈၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ မင်းတစုကျေးရွာနေ (ဦးမောင်မြစ်-ဒေါ်မိုး)တို့၏သား၊ ဆရာမကြီး ဒေါ်ယဉ်ယဉ်နွဲ့(ခ)နော်ထူးလာ (ငြိမ်း)၏ခင်ပွန်း၊ သား ကိုးယောက်၏ဖခင်၊ မြေး ၂၄ယောက်၊ မြစ် လေးယောက်တို့၏အဘိုးသည် ၂၁-၁၀-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁း၅၀နာရီတွင် မှော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာ၊ ရွာသစ်ကုန်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် မှော်ဘီမြို့နယ် မြောင်းတကာသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် တပည့်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ကျောင်း ဒါယကာကြီး
## ဦးလှကြည်
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂ ရပ်ကွက်၊ ဇင်ရော်လမ်း၊ အမှတ် ၁၂၈နေ(ဒေါ်ခင်ငြိမ်း)နှင့်ဆီဇာဘော်လီ၊ ဗိုလ်ချုပ်ဈေး၏ခင်ပွန်း၊ ဦးဆန်းဦး၊ (ဦးချိုဦး)တို့၏ဖခင်၊ မြေးလေးယောက်၊ မြစ် တစ်ယောက်တို့၏ အဘိုးသည် ၂၁-၁၀-၂၀၁၆ရက် (သောကြာနေ့) နံနက် ၆း၄၅နာရီတွင်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးစိုးအောင်
**အသက်(၆၄)နှစ်**

မော်လမြိုင်မြို့၊ ဈေးကြိုစံတန်းရပ်နေ (ဦးအုန်းလှိုင်-ဒေါ်လူစီ)တို့၏မြေး၊ (ဦးဖေတင်) - ဒေါ်သန်းသန်းတင်တို့၏ သား၊ (ဒုတိယဗိုလ်မှူးကြီးမြင့်လွင်)-ဒေါ်ခင်အုန်းမြင့် (အထက-၂၊ လသာ ကျောင်းအုပ်ကြီး၊ ငြိမ်း)တို့၏တူ/သား၊ (ဦးမြင့်စိုး၊ အကောက်ခွန်)-ဒေါ်ခင်မြဝေတို့၏အစ်ကို၊ ရန်ကုန်မြို့နေ(ဦးစောအောင်ကြီး - ဒေါ်မြစိန်)တို့၏ သားသမက်၊ ဒေါ်နီနီ၏ခင်ပွန်း၊ ဒေါ်နွေးမမစိုး၊(ဦးကောင်းမြတ်ဟိန်း)၊မောင်ကောင်းထက်စိုး - မခိုင်ခိုင်ဦးတို့၏ဖခင်သည် ၂၀-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျိုစုသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

### မြိတ်မြို့နယ်အသင်း(ရန်ကုန်)
## ဦးလွင်အေး(ခ)
## ဦးလွင်ယု (မြိတ်)
**အသင်းဝင်အမှတ်(၃၆၆၉)**
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ရွှေလောင်းလမ်း၊ အမှတ် ၅၆နေ ဒေါ်သန်းသန်းအေး (အသင်းဝင်အမှတ်-၃၆၆၈)၏ ခင်ပွန်းသည် ၂၀-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (မြိတ်အသင်းမှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
**ရတ္တညူမဟာနာယက မြို့နယ်ဩဝါဒါစရိယ (ရွှေကျင်)**
## ဘဒ္ဒန္တဥက္ကံသ မဟာထေရ်
**သီဟိုဠ်ကျောင်းတိုက်၊ သဃ်န်းကျွန်းမြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး**
**သက်တော်(၁၀၂)နှစ်၊ သိက္ခာတော်(၈၃)ဝါ**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ နန္ဒင်းကုန်းရပ်ကွက်၊ သုဝဏ္ဏအားကစားကွင်းအနီးရှိ သီဟိုဠ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တဥက္ကံသ မဟာထေရ်မြတ်ကြီးသည်(၁၃၇၈ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ရက်) ၁၉-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ထပ်မံ၍ အသိပေးအကြောင်းကြားအပ်ပါသည်။ [အန္တိမစျာပနကျင်းပမည့်ရက် (သီတင်းကျွတ်လပြည့်ကျော် ၇ရက်) ၂၃-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် သီဟိုဠ်ကျောင်းတိုက်မှ ရေဝေးသုသာန်သို့ ကားများထွက်ခွာပါမည်။]

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တနာဂဝံသ
**သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၆)ဝါ**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်၊ ရွှေရေးဆောင်ကျောင်းတိုက်၊ ဘဏ္ဍာစိုးကျောင်းဆရာတော် ဒုတိယတိုက်အုပ်၊ သာသနဓဇ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ရွှေရေးဆောင်တိုက် သာသနပဋ္ဌာန စာမေးပွဲကြီး၏ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တနာဂဝံသသည် (၁၃၇၈ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ရက်) ၂၁-၁၀-၂၀၁၆ရက်(သောကြာနေ့)နံနက် ၄း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၇ရက်) ၂၃-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမများ

## ဦးမောင်ကို
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ တိုက် ၄၊ အခန်း ၃၀၆၊ မြိုင်ဟေဝန်အိမ်ရာနေ(ဦးခင်ဦး-ဒေါ်အေးတင်)တို့၏သား၊(ဦးဘိုထင်-ဒေါ်လှစိန်)တို့၏သားသမက်၊ ဒေါ်အေးအေးဆင့်၏ချစ်လှစွာသောခင်ပွန်းသည် ၁၇-၁၀-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက်တွင် ဒေါ်အေးအေးဆင့် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဆရာဦးလှကြည် (ဒိုက်ဦးမြို့)
**အသက်(၈၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နေ ဦးတန်-ဒေါ်သိန်းရီတို့၏သား၊ ဦးထွန်းထွန်း-ဒေါ်စိန်စိန်ဆင့်၊ ဒုရဲမှူးကျော်ကျော်နိုင်(သတင်းရဲတပ်ဖွဲ့၊ ဖျာပုံ)-ဒေါ်ခင်ငွေကြည်၊ ဦးစိုးသိန်း(အုတ်၊ သဲ၊ ကျောက်ရောင်းဝယ်ရေး)-ဒေါ်နော်ကဘယ်ဆေး၊ ဦးစိုးအောင်(ကျောင်းအုပ်ကြီး၊ အား/ကာသိပ္ပံ၊ရန်ကုန်)-ဒေါ်စန္ဒာ၊ ဒုရဲမှူးစိုးမိုးထွန်း(ရန်ကုန်လေဆိပ်)-ဒေါ်ယဉ်ယဉ်ကြည်၊ ဦးနေထွန်းလင်း(ခရိုင်အင်ဂျင်နီယာ။ တောင်ငူမြို့)-ဒေါ်နှင်းလျှံသင်းတို့၏ချစ်လှစွာသောဖခင်၊ ပဲခူးမြို့၊ မှော်ကန် ၆လမ်း၊ အမှတ် ၈၆၁နေ ဒေါ်သန်းငွေး(အပု)၏ချစ်လှစွာသောခင်ပွန်း၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၁-၁၀-၂၀၁၆ရက် (သောကြာနေ့)နံနက် ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ပဲခူးမြို့၊ မှော်ကန် ၃လမ်း၊ အမှတ် ၆၅၈ နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ ပဲခူးမြို့၊ မှော်ကန် ၃လမ်း၊ အမှတ် ၆၅၈ ဦးနေထွန်းလင်း-ဒေါ်နှင်းလျှံသင်းတို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်မြိုင်သန်း အသက်(၇၄)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့၊ ရွှေအိုးတွင်းရပ်နေ (ဦးဘုန်းကျော်-ဒေါ်တင်ကွန့်)တို့၏သမီး၊ ရန်ကုန်မြို့နေ ဦးစိုးမြင့်(ဆည်မြောင်း၊ ငြိမ်း)-ဒေါ်မြို့သောင်း(ဆောက်လုပ်ရေး၊ငြိမ်း)တို့၏အစ်မ၊ ဦးမင်းသန့်စိုး-ဒေါ်မဥ္ဇူမွန်၊ ဦးထွန်းလင်း-ဒေါ်ကေခိုင်စိုး၊ ဦးညီမျိုးအောင်-ဒေါ်ဖြူစင်စိုးတို့၏ကြီးကြီး၊ မြေး လေးယောက်တို့၏ဘွားဘွားကြီးသည် ၁၇-၁၀-၂၀၁၆ရက် နံနက် ၁၁း၃၀နာရီတွင် မန္တလေးပြည်သူ့ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁၉-၁၀-၂၀၁၆ရက်တွင် ဝက်လက်မြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ဝက်လက်မြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါ ရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရီ(ဟင်္သာတ) အသက်(၆၈)နှစ်

ဟင်္သာတမြို့၊ ညောင်ပင်ရပ်၊ အလယ်လမ်း၊ အမှတ် ၂၁၀နေ (ဦးစံကွန်း-ဒေါ်သိန်းခင်)တို့၏သမီး၊ ဦးမြင့်သန်း(ရွှေပြည်စိုးဆေးရိုးစက်)၏ဇနီး၊ ကိုဇေယျာလင်းဦး-မသန္တာမြင့်၊ ကိုသန့်ဇင်မိုး-မခိုင်ဇာလင်း၊ ဗိုလ်ကြီးငြိမ်းချမ်း(ငြိမ်း) လက်ထောက်မန်နေဂျာ(စီမံ) YESCတို့၏မိခင်၊ မအိန်ဂျဲလ်လင်း၊ မစုဝတီလင်းတို့၏အဘွားသည် ၂၁-၁၀-၂၀၁၆ရက် (သောကြာနေ့) နံနက်၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဟင်္သာတမြို့ ထန်းပင်ကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန္တာ(ခ)ဒေါ်သင်းသင်း အသက်(၅၃)နှစ်
**သင်းသင်း အထည်ဆိုင်(မင်္ဂလာဈေး)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၁၂၉၊ မြေညီ(အလယ်ခန်း)နေ (ဦးစိန်ဝင်း)-ဒေါ်စန်းမြင့်တို့၏သမီး၊ (ဦးကြည်ညွန့်-ဒေါ်ခင်သန်း)တို့၏ချွေးမ၊ ဦးမျိုးညွန့်၏ချစ်လှစွာသောဇနီး၊ ဦးအောင်ဇော်-(ဒေါ်တင်တင်ဝင်း)၊ မစန္ဒာတို့၏ညီမ၊ ဦးမျိုးဝင်း-ဒေါ်ဥမ္မာ၊ ဦးသက်ထွေးဝင်း-ဒေါ်ကေသီဦးတို့၏အစ်မ၊ တူ၊ တူမ ခုနစ်ယောက်တို့၏အဒေါ်သည် ၂၀-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာတိုင်းရင်းသားတို့၏ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကြည့်ရှုအားပေး

သတင်း၊ စာ ➢ ၅

# ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးမည်

**စစ်တွေ အောက်တိုဘာ ၂၁**

ဘူးသီးတောင်၊ မောင်တောမြို့နယ်တို့မှ ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ် ခေတ္တစွန့်ခွာလာသူများအား နေရပ်ပြန်နိုင်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ကူညီပေးမည့်အစီအစဉ်များ ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက စစ်တွေမြို့ ပြည်နယ်အစိုးရည့ေ်ဂေဟာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦးက နယ်မြေအေးချမ်းတည်ငြိမ်လာပြီဖြစ်သည့်အပြင် သီတင်းကျွတ်ကျောင်းပိတ်ကာလပြီးဆုံးသည့် အောက်တိုဘာ ၂၄ ရက်တွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ကျောင်းပိတ်ရာသီကာလတွင်နေရပ်သို့ ခေတ္တပြန်လည်သွားရောက်သည့် ဆရာ ဆရာမများကိုလည်း အချိန်မီ ပြန်လည်ခေါ်ယူသွားမည်ဖြစ်ကြောင်း ပြောကြားသည်။


ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးလွင်ငြိမ်းက ကျန်းမာရေးဌာနရှိ ဆရာဝန်၊ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများက မောင်တော၊ ဘူးသီးတောင်မြို့နယ်များမှ ဒေသခံပြည်သူများအား ၂၄ နာရီပတ်လုံး ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိကြောင်းနှင့် လိုအပ်ပါက ကျန်းမာရေးဝန်ထမ်းများ ထပ်မံစေလွှတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❒



**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် တာဝန်ရှိသူများ ဘူးသီးတောင်၊ မောင်တောမြို့နယ်များမှ နေရပ်ခေတ္တစွန့်ခွာသူများ ယာယီတဲများ ဆောက်လုပ်နေထိုင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်**

# ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်း၌ ဖြစ်ပေါ်နေသော မုန်တိုင်းငယ် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်ရောက်ရှိပြီး မြန်မာ့ကမ်းရိုးတန်းဒေသများအနီးသို့ ဝင်ရောက်နိုင်





**သတင်း - တင်မောင်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - (မိုး/ဇလ)**

**နေပြည်တော် အောက်တိုဘာ ၂၁**

ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အရှေ့-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနေပြီး နောက် ၄၈ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ် အားကောင်းလာနိုင်ကာ မြန်မာနိုင်ငံကမ်းရိုးတန်းအနီးသို့ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

“မုန်တိုင်းငယ်က ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနဲ့ အရှေ့တောင်ပိုင်းတို့မှာ ဆက်လက်ဖြစ်နေပါတယ်။ လက်ရှိမှာတော့ မုန်တိုင်းငယ်အဖြစ်ပဲ ရှိသေးတယ်။ တဖြည်းဖြည်းတော့ အားကောင်းလာဖို့ရှိပါတယ်။ နောက် ၂၄ နာရီအတွင်း ပိုပြီးတော့ အားကောင်းလာနိုင်တယ်။ နောက်တစ်ဆင့် အားကောင်းလာရင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။ အောက်တိုဘာ ၂၄ ရက်လောက်ဆို မြန်မာ့ကမ်းရိုးတန်းဘက်ကို ပိုပြီးတော့ ကပ်လာနိုင်ပါတယ်။ လက်ရှိမှာ နည်းနည်းတော့ ဝေးသေးတယ်လို့ပြောလို့ရတယ်။

*စာမျက်နှာ ၅ ကော်လံ ၅* ●


ယနေ့ မာတိကာ

**မောင်တောမြို့ အောင်မြေဗောဓိ သာသနာ့ရိပ်သာ ကျောင်းတိုက်၌ ခေတ္တတိမ်းရှောင်နေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများအား နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်** စာမျက်နှာ ➢ ၅

**တရားမဝင်လက်နက်ကင်းစင်သော နိုင်ငံဖြစ်ရေး ဂျိုဟန်နက်စ်ဘတ်၌ လက်နက်ပေါင်း ၂၂၉၉၉ လက် ဖျက်ဆီး** စာမျက်နှာ ➢ ၁၀

**ငါးခူရကျေးရွာ၌ အကြမ်းဖက်စီးနင်းတိုက်ခိုက်ရာတွင် ပါဝင်သူ ခြောက်ဦး ထပ်မံဖမ်းဆီးရမိ** စာမျက်နှာ ➢ ၁၂



